# မင်းရာဇာကြီးစာတမ်း

**(က-ကျော)**

(၁) နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။ ရက္ခပူရတိုင်း၊ မျော်ဦး

(၂) မြို့တွင်သက္ကရာဇ် ကောဇာ ၉၃၇ ခုနှိုက်ဖြစ်တော်မူမူသော သာသနာဒါရကာမင်းရာ

(၃) ဇာကြီးသည် ဘေးတော်၊ ဘီတော်၊ ဘိုးတော်။ ခမည်းတော် မင်းများ ရိုက်ရာတော်ကို

(၄) ဆက်ခံစိုးစံတော်မူ၍ ကောဇာ ၉၆၄ခု ရော်သောအခါ။ ကိုယ်ရံအမတ် မဟာဧ

(၅) ဇေယသိန်ကို အမိန့်တော်ရှိသည်ကား။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်သုံးရပ်နှိုက်

(၆) ထွက်သော ဗုဒ္ဓဝင်မှာ၊ ဘုရားအစည်။ မဟာဝင်မှာ မဇ္ဈိမာဒေသသောဋ္ဌသ ၁၆ပြေဉ်

(၇) နှိုက်ဖြစ်တော်မူသော မင်းမဇ္ဈိမဒေသ ၁၆ပြေည်ထောင်အပိုင်အခြား အယုဇ္ဇပူရ။

(၈) ရက္ခာပူရတိုင်းတို့ နှိုက်ဖြစ်သောမင်းတို့သည်။ မဇ္ဈိမာဒေသတိုင်းသာဂီဝင်မင်းမျိုး

**(ကာ-ဝမ်း)**

(၁) ကဖြစ်မည် အရပ်ဒေသအလိုက် အမျိုးသားတို့က မင်းမူသည် ဖြစ်မည်များကို

(၂) မယုတ်မလွန်စေရ အတိုနုတ်စု၍သွင်းရမည်။ အမိန့်တော်ရှိလေသော်။ သက္ကရာဇ်ကော

(၃) ဇာ ၉၆၄ ခုတွင် ကိုယ်ရံကြီးအမတ် မဟာဇေယသိန်သွင်းဆက်သော စာစုနှစ်သချ်ေတွင်

(၄) တသိန်းနှစ်သောင်း ငါးထောင်းဘုရား။ ၎သချ်ေတွင် သုံးသိန်းရှစ်သောင်းခုနစ်ထောင်ဘုရား

(၅) လေးသချ်ေနှင့် ကမ္ဘာတစ်သိန်းတွင် နှစ်ကျိပ်ရှစ်ဆူဘုရား။ သချ်ေနှစ်ဆယ်နှင့် ကမ္ဘာတသိ

(၆) န်းတွင် ဖြစ်သောဘုရားပေါင်းကား။ ငါးသိန်းတသောင်း နှစ်ထောင်နှစ်ကျိတ်ရှစ်ဆူပြဖစ်

(၇) ကြောင်းကို ဗုဒ္ဓဝင်ထွက်ရှိပါသည်။ ထိုဘုရားမြတ်စွာတို့ ပွင့်တော်မူသည့်တိုင်

(၈) ကား အင်္ဂတိုင်။ မဂ္ဂဓတိုင်။ ကာသိတိုင်၊ ကောသလတိုင်၊ ဝဇ္ဇိတိုင်း၊ ဇေတိယတိုင်း၊ ပင်္ဂ

**(ကာ-ကျော)**

(၁) တိုင်း။ ရရုရာဇ်တိုင်း။ ပဉ္စာလရဇ်တိုင်း၊ ပဇ္ဈတိုင်း။ သူရသေနတိုင်း။ အဿကတိုင်း။ အဝန္တီတိုင်း။ မလ္လတိုင်း။ အယုဇ္ဇတိုင်း။ ထိုတိုင်းတို့နှိုက် ပြည်သော်ကား။ ဗာရာဏသီပြည်။ သာဝတ္ထိပြည်။ မိတ္ထိလာပြည်။ အာဠဝီပြည်။

(၂) ကောသမ္ဗီပြည်၊ ခုဇ္ဇေနီပြည်။ တက္ကသိုပြည်။ သကလပြည်၊ သာကေတေပြည်။ ဣန္ဒပဋ္ဌနဂိုရ်ပြည်။ ဥက္ကာတိပြည်၊ ပါတလိပုတ္တပြည်။ စေတုတ္တ

(၃) ရာပြည်။ သင်္ကာသပြည်။ ကုသိန္ဒာပြည်၊ ထိုတိုင်းထိုပြည်တို့နှိုက် မြို့ရံအပွားသော်ကား။ တသိန်းရှစ်သောင်း ကိုးထောင်ရှိသတည်း။ ဗောဓိပင်မြောက် ငါးယူဇနာကွာတွင် ပါတလိပုတ်ပြည်

(၄) သည်ဓမ္မာသောကမင်းကြီးနေတော်မူသောပြည်။ ။ နဂရ။ ဂါမ။ နိဂမ။ ဇနပဒရဋ္ဌဟူ၍ ငါးပါးနှိုက်ဈေးနှင့် မြို့တံတိုင်းရှိသောအရပ်ကို။ နဂရမည်၏။ ဈေးသာရှိ၍ မြို့တံတိုင်းမရှိ။

(၅) မြို့တံတိုင်းသာရှိ၍ ဈေးမရှိ။ ထိုအရပ်ကို ဂါမမည်၏။ ဈေးမြို့တံတိုင်းမရှိသောအရပ်ကို နိဂါမမည်၏။ ထီးတစင်းဆောင်းသောမင်း၏ နိုင်ငံအထင်းဖြစ်သော်လည်း ဘုရားမြတ်

(၆) စွာမကြွမရောက်သော ခရိုင်မြို့ရွာတို့ကို ဇနပဒမည်၏။ ထီးဆောင်းလျက် ဘိသိက်ခံသော မင်းတို့ပြည်ကို။ ရဋ္ဌမည်၏။ ။ ဤလေးရပ်မှ လွတ်သောအရပ်ဌာနသားတို့ ဘုရားအဆုံးမ

(၇) တော်ကို မခံထောင်လွှား ဆိုးသွမ်းသောအရပ်တို့မှာ။ ဇနပုဒ်သားဖြစ်လေသည်။ ဤဘတ္တကပ်ကမ္ဘာဦးအစနှိုက် ဖြစ်သော မဟာသမတမင်းစည်လာ။ ဥဂ္ဂါဂရဇ်မင်းတိုင်အောင် နှစ်သိန်း

(၈) ငါးသောင်းနှစ်ထောင်ငါးရာ ငါးကျိပ်ချော်ယော်တည်း။ ဥဂ္ဂါဂရဇ်မင်းက။ သိဒ္ဓါတ်ကုမ္မာရဘုရားအလောင်းတိုင် ရှစ်သောင်းနှစ်ထောင်တကျိပ်သုံးယော်။ မင်းပေါင်းသော်ကား သုံးသိန်းသုံးသောင်း

**(ကီ-ဝမ်း)**

(၁) လေးထောင်ငါးရာ ချော့ကျိပ်ကိုးလျှင်တည်း။

မဇ္ဈိမတိုက်အပိုင်းအခြားသော်ကား။ အရှေ့ဂဇင်္ဂလအမည်ရှိသော နိဂုံးရွာ။ အရှေ့တောင်ထောင့် မဟာနနဒီ
အမည်ရှိသော သလ္လာဂီရိတောင်
(၂) တောင်မျက်နှာသေတျိကန္နိက အမည်ရှိသောရွာ၊ အနောက်မျက်နှာစုက အမည်ရှိသော ပုဏ္ဏားရွာ။ မြောက်ကာ
ဥသိရဒ္ဓအမည်ရှိသော တောင်။ ထိုအတွင်းနိုက် အနံသော်ကား တောင်နှင့်ေ
(၃) မြောက်ယူဇနာ ၂၅၀။ အရှေ့အနောက်အလျားယူဇနာ ၃၀၀။ အဝန်ယူဇနာ ၉၀၀ရှိသတည်း။ မဂဓရေဇ်တိုင်း
ရာဇဂြိုဟ်ပြည်နှိုက် အရှေ့မျက်နှာ ပဏ္ဍုလတောင်။ အနောက်မျက်နှာ ဝေဘူလတောင်။ တောင်မျက်
(၄) နှာကိစ္စကုဋ်တောင်၊ မြောက်မျက်နှာ ဣသိဂီလိတောင်။ အရှေ့တောင်။ ဇောထရဿတောင်လျှင်တည်။
ထိုပြည်နှိုက် အဘကိုပြစ်မှား၍ ကြီးစွာကံထိုက်သောမင်းအဇာတသတ်။
(၅) ဥဒယဘဒ္ဒ။ အနုရုဒ္ဓါ။ ပုဏ္ဏ။ နာဂ်ဒါသက။ ။ သီဟိုဠ်ကျွန်းနိုက်။ ဘုရားသခင် နိဗ္ဗာန်ယူတော်မူသည်နေ့။
ဇေ်ရဇ်မင်းမြေး။ သီဟဗာဟုမင်းသား ဝိဇိယဗာဟုသည် အရံခုနစ်ရာ
(၆) နှင့် သီဟိုဠ်ကျွန်းသို့ ကူးတော်မူသည်။ ထိုကျွန်းနိုက်မင်းသော်ကား။ ချော်ကျိပ်လေးယော်သောမင်းတို့တွင်။
သာသန ဒါယကာခံတော်မူ၍ သာသနာတော်ကို စစ်ဆေးရှင်းလင်းသော မင်း၁၂ ပါးသာရှိ
(၇) လေသည်။ ၁၂ပါးမှလွတ်သောမင်းကို သော်ကား။ ရာဇသုညမင်းလျှင်တည်း။ ။ မဟာသမတမင်း
စည်လာသုံးသိန်းသုံးသောင်းလေးထောင်ငါးရာချော်ကျိပ် ၉မင်းအနွယ်တော်ဖြစ်သောရာဇဂြိုဟ်
(၈) ပြည်ကို အစိုးရတော်မူသော။ ဝရသခ်မင်းက။ သားတော်အလတ်နာရတကို အာဂီရတိမြစ်အရှေ့ခရိုင်ခြား
လျက် အပိုပေးတော်မူလေသော်။ ဗိုလ်ခြေသင်းပင်းနှင့် ချီလာခဲ့၍ အာဠဝီမြို့

**(ကီ-ကျော)**

(၁) ကိုတည်တော်မူသည်။ ထိုမြို့နှိုက်မင်းသော်ကား ၂၂၈ဆက် အဆုံး မောရမင်းပြောင်း၍ ဇေယဝတီမြို့ကို
တည်တော်မူပြန်သည်။ မင်း ၃၉ဆက်အဆုံး ဝီဒသီပပရမင်းပြောင်း၍ မဟိန္ဒနဒီမယူမြစ်အရှေ့
(၂) ဘက်စမ္ပါနဂိုရ်မြို့ကို တည်တော်မူသည်။ မင်း ၁၁၇ဆက်အဆုံး မောရိယမင်းပြောင်း၍ အောင်သာနဂရ
မြို့ကို တည်တော်မူသည်။ မင်း ၁၅၈ ဆက် အဆုံး နာလာရဝီထမင်းပြောင်း၍ ဂစ္ဆာဘနဒီမြစ်အရှေ့
(၃) ဘက်ဥတ္တသင်္ကြမြို့ကို တည်တော်မူသည် မင်း ၁၉၆ ဆက်အဆုံး ဒဠဌေမင်းပြောင်း၍ စေတုတ္တရာမြို့ကို
တည်တော်မူသည်။ မင်း ၁၂၅ ဆက်အဆုံး ကောသလမင်းပြောင်း၍ သလ္လာဝတီမြို့ကို တည်တော်
(၄) မူသည်။ မင်း ၁၃၉ ဆက်အဆုံး။ တိသာမင်းပြောင်း၍ ကျော်ပန်းခိုင်မြို့ကို တည်တော်မူသည်။ မင်း ၁၃၃
ဆက်အဆုံး။ ဝိဒေဟရာဇ်မင်းပြောင်း၍ ပါတလိမြို့ကို တည်တော်မူသည်။ ထိုမြို့မင်း ၁၇၇
(၅) ဆက်အဆုံး ဥပကံသမင်းမှာ သားတော်သုံးပါးရှိ၍ သားတော်အကြီး သံဝရကုမ္မာကို။ နန်းလျာထားတော်
မူသည်။ သားတော်အလတ် သီရိကုမ္မာကို ခရိုင်ခြားလျက် အယုဇ္ဈပူရတိုင်း
(၆) ကိုပေးတော်မူလေသော်။ ဒွါရာဝတီမြို့ကို။ သီရိကုမ္မာမင်းတည်တော်မူ၍ ထီးနန်းစိုက်ထူတော်မူသည်။
သားတော်အငယ် ဝရကုမ္မာကိုလည်း ရက္ခပူရတိုင်းကို ပေးတော်မူလေသော် ရေကုမ္မာမင်းဝေသာ
(၇) လီမြို့ကို တည်တော်မူသည်။ ယင်းသောအခါ။ ဒွါရာဝတီ။ ဝေသာလီနှစ်ပြည်ထောင်မင်းပြိုင်စံနေကြသည်
ကာလနှိုက် တသမင်းတူတော် ဝါသုဒေဝ၊ ဗလဒေဝ၊ သူရိယဒေဝ၊ စန္ဒဒေဝ၊ အဇ္ဇနဒေဝ၊ ဘဂ္ဂဒေဝ
(၈) ဝရုနဒေဝ၊ ဂဋ္ဌဂဏ္ဍိတ။ အင်္ဂုရ။ သာရဂုန္တ၊ ဒသပါဋ္ဌိကညီနောင်တကျိပ်။ ဒွါရာဝတီမြို့ကို သံကြိုးနှင့်တွဲ၍
ဝတ်ရုံမင်းကို လုပ်ကြံလေသော်။ ဒွါရဝတီမြို့ကို ရလေသည်။ ထိုမင်းညီနောင် တကျိပ်တို့ ဇမ္ဗူဒီပါ

**(ကီ-ဝမ်း)**

(၁) ကို ခွဲဝေ၍ မင်းပြုကြသောအခါ ပျက်ချိန်တိုင်လတ်သော် ဒီပါရဏရသေ့သူမြတ်ကို ပြစ်မှားသဖြင့် ရေသဘင်
ပြုရာနှိုက် အချင်းချင်းသတ်ပုတ်ကြ၍ သေပျော်ကြလေရာ၊ ဝါသုဒေဝ၊ ဗလဒေဝ၊ နှမတော်အဥ္ဇနဒေဝီ
(၂) ဖြဟ္မသုငြိပုဏ္ဏား ၄ယောက်တို့ မြော်သို့လာခဲ့ကြသည်နှင့် တောအရပ်နှိုက် အဇာဝီဘလူးစား၍။ ဗလဒေဝလွန်
တော်မူလေသည်။ ဝါသုဒေဝကို မုဆိုးသေသင့်၍ ကံကုံတော်မူသည်။ အဥ္ဇနဒေဝီ မင်းသမီးနှင့် ဖြဟ္မသုငြိ

ပုဏ္ဏားနှစ်ယောက် ဝေသာလီမြို့သိုဝ်

(၃) လာကြသော်။ ဝေသာလီမြို့တွင်လည်း သရဘန်မင်းလွန်တော်မူ၍ ဘုတ်သွင်းရထားနှင့် မင်းလောင်းရှာလေ
ရာ။ မင်းသမီးနှင့်ပုဏ္ဏားနေသောအရပ်သို့ ရထားဆိုက်လာ၍ ပင့်ခေါ်တင်ယူလျက် ဝေသာလီထီးနန်း

(၄) ကိုအပ်တော်မူလေလျှင်။ မင်းသမီးနှင့်ပုဏ္ဏား စုံဖက်တော်မူ၍ ဗြဟ္မဏရာဇာအမည်တော်နှင့် ဝေသာလီ
ထီးနန်းကို စိုးတော်မူသည်။ ။ ကပ္ပိလဝတ်ပြည်ရှင် အဇ္ဇုနမင်းသည် ရသေ့

(၅) ပြု၍ ဂင်္ဂါဘနဒီမြစ်ညာနှိုက် နေလာလေသော် ဆပ်မတခု ရှင်ရသေ့ထံ ဝင်ထွက်လာရော့်နေသည်နှင့်
အိန္ဒမာယု ဟူသော အမည်ပေး၍ ထိုဆပ်မကို ရသေ့ယဉ်ပါးလေရာ။ သန္ဓေစွဲကပ်လျက်

(၆) လူသားတယောက် ဘွားမြင်လေသည်။ ထိုလူသားကိုလည်း မာရယုဟူသောအမည်ကို ပေးလေသည်။ ၁၆နှစ်
အရွယ်ရော့်လတ်သော်။ ဝေသာလီမြို့ ဗြဟ္မသိဒ္ဓတ်မင်းသမီးတော် ယုစိတ္တမာလာဒေဝီနှင့် စုံဘက်

(၇) တော်မူပြီးမှ။ ဝေသာလီထီးနန်းကို ရတော်မူသည်။ တနှစ်ရှိလျှင် ဝေသာလီမြို့က မြေ့ာ်သို့ပြောင်းတော်မူ၍
ဧည္ဍဝတီမြို့ကို ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမှီ။ အနှစ်ငါးထောင်က။ မာရယုမင်းတဉ်

(၈) တော်မူသည်။ ၂ပိုင်။ ဧည္ဍဝတီမြို့က။ မင်းငယ်ပြောလုစည်သူ ပြောင်းတော်မူ၍ ကံ၃ဆင်မြို့ကိုတည်လေ
သော်။ အမတ်မျိုးချောင်းစား လက်ယာသူ။ သောင်ထီးစားကျော်သူ။ မြေ့ာ်များစားရန် မျိုးသူတို့သုံး

**(ကီ-ကျော)**

(၁) ယော်မုံစားလေရာ မင်းငယ်ပြောလုစည်သူ လွန်တော်မူလေသည်။ မိဘုရားကြီး ရှင်စောစစ်မှာ မျုံးမတ်ဗိုလ်ခြေ
အများနှင့် ထွက်သွား၍ ဂင်္ဂါဘနဒီမြစ်အနောက်ဘက်တွင် နီလာပန်တောင်မြို့ကို တည်၍ နေတော်မူ

(၂) လေ၏။ ဘုရားမြတ်စွာ ပွင့်တော် မမူမှီ အနှစ် ၁၃၀၀ကျော်က။ ၃ပိုင်း။ ပဉ္စလပြည်ဒါရကုသည်။ စစ်မက်
အလွန်လိုသူဖြစ်၍ အပြည်ပြည်ထောင်တို့နှင့် စစ်ဖြစ်လေရာ။ ကိုယ့်လူသူ့လူ သတ္တဝါပေါင်း
အသေများလေသော်။ အဘိရာဇာမင်းက။ ဒါရကူမင်းသိုဝ့်

(၃) စာပေးတော်မူလေသည်။ မင်းတို့နှိုက် ဘေးငါးပါးတွင်။ ဇာမရီ ဆုတ်ယုတ်တတ်သော။ မာနထောင်လွှားသော
အားသည် ရာဇသုညမင်းတို့အားကို အလိုမရှိသင့်။ ထိုသို့သောစာကိုပေးလေလျှင်။ စစ်အင်္ဂါ

(၄) ပါးနှင့် ဒါရကူမင်းချီလာသည်။ အဘိရာဇာမင်းလည်း သူယုတ်စွာကို ရှောင်ခွာမှ သူတော်ကောင်းဘေးလွတ်
ရာသည်။ ကြံတော်မူလျက် စစ်ပြိုင်တော်မမူ။ ကပ္ပိလဝတ်ပြည်ကို စွန့်တော်မူ

(၅) ၍ မောရဂ်တွင် နေတော်မူလေ၏။ တခုသော်ကား သိန်ယိုကျွန်းသို့ ကူးလေသည်။ တစုမှာ ဝဂ်တိုင်းသို့
ပြောင်းလေ၏။ အဘိရာဇာမင်းလည်း။ မောရဂ်မှခွါခဲ့၍ ဧရာဝတီမြစ်ညာနှိုက်

(၆) သင်းတွဲမြို့ကို တည်တော်မူသည်။ ထိုမြို့အပါး တရုပ်တရက်များသဖြင့် ခွာတော်မူ၍ ပုဂံမြို့မြို့ကို တည်တော်
မူသည်။ ရေဖျက်လေရာ။ ပြောင်တော်မူ၍ တကောင်းမြို့ကို တည်တော်မူသည်။

(၇) တကောင်းမြို့တွင် အဘိရာဇာမင်း လွန်တော်မူလျက်။ သားတော်အကြီး ကံရာဇာထီးနန်းကို စိုးတော်မူသည်။
သုံးနှစ်ရှိလတ်သော်။ ညီတော်ကံရာဇာငယ်သို့ နန်းကိုအပ်တော်မူခဲ့၍ ကလေးရာဇဂြိုဟ်မြို့

(၈) ကိုတည်တော်မူသည်။ ယင်းသောအခါ မောရင်နှင့်ကသည်မသင်။ စစ်မက်ဖြစ်ကြ၍ မောရင်အကြီး ဘုံဇနီး။
က။ သမီးစောပဉ္စာနရီကို ဆက်လာသော်။ ကသည်တို့ကိုလည်း ခေါ်တော်မူ၍။

**(ကု-ဝမ်း)**

(၁) ၂ဦးသား အမျိုးရင်တို့ စစ်တော်မူ၏။ မောရင်မှာ သုဒ္ဓိယမျိုးကသည်မှာချင်က ပြန့်ပွားသော အမျိုးသားဖြစ်
၍ ကသည်ကို မောရင်း အကြီးဘုံစတနိုးသို့ ပေးအပ်တော်မူ၏။ နေမြေကိုလည်း ဘိုခေါင်တောင်အနော့်

(၂) ထောပံချိုင်ကို ပိုင်းခြား၍ ပေးတော်မူ၏။ ဘုံစနိကမင်းမည်တောင်လေသော်။ ဂန္ဓာလရဇ်မင်းဟူသောအမည်
ကိုလည်း ပေးတော်မူ၏။ ထိုအရပ်ကို မျှည်တည်ခရုငိသမုတ်တော်မူ၏။ သားတော်မုစုစိတ္တ

(၃) ကိုလည်း ပျူတို့အရပ် သုနာပရံကိုပေးတော်မူ၍ ၁၆နှစ်ရှိလတ်သော်။ ဘိုခေါင်တောင်ကိုလွန်လျက် ဂင်္ဂါဘနဒီ
မြစ်ဉာနှိုက်။ ကျော်ပန်တောင်မြို့ကို တည်တော်မူလေသော် မာရယုမင်း အမျိုး ၅၅ဆက်အဆုံ

မင်းငယ်ပျောလှစဉ်သူ
(၄) မိဘုရားရှင်စောစစ်ကို နီလာပန်တောင်မြို့က ခေါ်တော်မူ၍ မိဘုရားရှင်စောစစ် သမီးတော်အကြီး သုနန္ဒာကို
တောင်ညာ၊ သမီးတော်အငယ် ဘွားတော်သည်ကို အလယ်မိဘုရား မောရင်မင်း
(၅) ဂန္ဓာလရစ်သမီးစောပဉ္စာနရီကို မြောက်မိဘုရားထားတော်မူ၍ ကျော်ပန်တောင်းမြို့တွင် ၂၄နှစ် စံတော်မူ၏။
ယင်းနောက်မှ ဓညဝတီမြို့ဟောင်းကိုပြောင်းတော်မူသည်။ တကောင်းမင်းကံရာဇာ
(၆) ငယ်မှာလည်း တရုပ်တရက် အဆီးအကာ သံလွင်မြစ်အရှေ့အနော် ၅၇ရွာချထားပေးလေရာ။ ဤတွင်
ရှုံမြို့ခရိုင်ဖြစ်၏။ ကံရာဇာကြီးမင်းမှာလည်း တနှစ်ရှိလျှင် တကူ ၃၀၀၀ကို တကောင်းတပ်။ မောရင် ၃၀၀၀ကို
(၇) မျည်တည်တပ်။ ရှုံ ၃၀၀၀ကို ကမ္ဗောစတပ်။ ယွန် ၃၀၀၀ကို ဇင်မယ်တပ်။ ပျူ ၃၀၀၀ကို သုနာပရံတပ်။
မွန်မျိုး ၃၀၀၀ကို ပဲကူတပ်။ ချင် ၃၀၀၀ကို ရာဇဂြိုဟ်တပ်။ ဒေရီ ၃၀၀၀ကို ကမ္မယူပိတပ်။ တိလောင်ဂါ
၃၀၀၀
(၈) ပဋိက္ကရားတပ်။ ဘဂါ ၃၀၀၀ကို ကျွေတဲတပ်။ ဘွဲ့တော်မူသည်။ မိဘုရားကြီး သုနန္ဒာတွင် သားတော်တပါး။
သီလရာဇာအလယ်မိဘုရား ဘွားတော်သည်မှာ သမီးတော် ကိန္နရာနှင့် ပဉ္စာ ၂ပါး မြော်

## (ကု-ကျော)

(၁) မိဘုရားစောပဉ္စာနရီမှာ သားတော်ဇမ္ဗူဒိပ်ကိဘွားမြင့်တော်မူသည်။ သားတော် သမီးတော်တို့မှ သီလရာဇာ
နှင့် သမီးတော်ကိန္နရာကို မေးမြားတော်မူ၍ နန်းလျာထားတော်မူသည်။ သားတော်ဇမ္ဗူဒိပ်နှင့် သမီးတော်ပဉ္စာ
(၂) ကိုပေမြားတော်မူ၍ တကောင်းမှာလည်း ညီတော်ကံရာဇာငယ် လွန်တော်မူလေသော် သားတော်ဇမ္ဗူဒိပ်ကို
၄ပိုင်။ ဘုရားမြတ်စွာနိပ္ပာန်ဝင်တော်မူသည်နှော်။  ၆နှစ်တွင်
(၃) စန္ဒသူရိယမင်း နတ်ရွာစံတော်မူသည်။ ထိုကော်ဇာ ၆ခုနိုက် ဘေးတော်စန္ဒာသူရိယဒိမတိထီးနန်းကို စိုးအုပ်
တော်မူသည်။ သက်တော် ၂၇နှစ်ရှိသော်။ ထိုဥပဒေပညတ်ထားတော်မူသည်။ ရဟန်းသဃ်ာတို့
(၄) ဘုရားရှိတော်မူစည်။ ဧကစာရဂိုဏ်းမှာ အဆုံအမတော် အာဏာပညပ်အတိုင်း။ ကျင်ဆော်တည်တော်မူ
သည်။ ဂိုဏ်း။ ဗဟုစာရဂိုဏ်းသော်ကား ဆပဂ္ဂိရဟန်းတို့ဂိုဏ်းဖြစ်သဉ်။ ဧကစာရဆရာမြတ်
(၅) တို့ဂိုဏ်ကို အရညဝါသီတိစီပရိတ်ဆော်တည်ကြစေ။ ဗဟုစာရတို့မှာ။ ဂါမဝါသီဂိုဏ်း။ ပွဲကျောင်းရဟန်းများ
သော အမှုတို့ကို။ ဆည်ဆူလိုတတ်သောအမှုအကျင့်ရှိသည်။ မဟာမုနိ
(၆) ရုတ္တုတော်။ ဓာတ်တော်မွေတော်များမှာ တတိုင်ပြင် ၄မျက်နှာကျောင်ရံဆော်၍ ဂါမဝါသီပွဲကျောင်းရဟန်းတို့
နေစေ။ မဟာမုနိဘုရားမှာ လှူသမ္ပူဝတ္တုတို့ကို ဂါမဝါသီပွဲကျောင်းရဟန်းတို့က ယူစေ။ ပြဉ်
(၇) သူတို့က ဂါမဝါသီပွဲကျောင်း ရဟန်းတို့ထံ ပဉ္စင်းသာမဏေမပြုမသွင်စေနှင့်၊ စေတီပုထိုးရုပ်ပွားဆင်းတု
တည့်လုပ်သဉ်မှာလည်း။ ပဋိရူပ မတင့်သောလူတို့အိမ်အနီးအပါး မတဉ်မလုပ်စေနှင့်။
(၈) အလိုတော်အတိုင်း။ မင်းအာဏာထားတော်မူ၏။ မင်းမှုထမ်းမှာလည်း မရမာ ၄၀၀၀၀။ ကုလာတိ လောင်ဂါ
၄၀၀၀၀။ ၈၀၀၀၀လူတို့ကိုလက်ဝဲသင် ၄၀၀၀၀မှာ လက်ဝဲနံတွင်ခလျင်သေ့ရုပ်နှင့်။ လက်ဝဲကိုယ်တော်ရံ

## (ကူ-ဝမ်း)

(၁) လက်ယာအင် ၄၀၀၀၀မှာ၊ လက်ယာနံတွင် ချင်သေ့ရုပ်ထိုး၍ လယ်ယာကိုယ်တော်ရံ အမှုထမ်း ၈၀၀၀၀ကို
ကလေးစား ဝိတထိုရသို့အပ်တော်မူ၍ ကိုယ်ရံကြီးအမတ် ခန့်တော်မူသည်။ ဒေရီကုလား ၁၀၀၀၀။ အန်
(၂) ပူလှိကုလား ၁၀၀၀၀၀။ လူ ၂၀၀၀၀တို့ကို လက်မောင်းတွင် စာထိုး၍ နန်းတော်အစေအသုံး မင်းသားမင်းမျိုး
မှုူးတော် မတ်တော် အစေ့အသုံး အသီးအသီး အစုဘွဲ့တော်မူပြီးမှ။ မြောက်များစား ဝိမလသို့အပ်၍။
(၃) ဝိမလကို ပြည်စိုးကြီးအမတ် ခန့်တော်မူသည်။ ဂွတ်ဇလီ ၅၀၀။ ဇော်ပူရ ၅၀၀၀။ လူ ၁၀၀၀၀ကို။ နဘူးတွင်
စာထိုး၍ ဆင်ပေါ်ဆင်မအထိန်းကျောင်း ဘွဲ့တော်မူပြီးမှ။ မိုးကောင်းစား ဓမ္မဇယသို့ အပ်ေ
(၄) တ်မူ၍။ ဓမ္မဇေယကို ဆင်ကဲကြီးအမတ် ခန့်တော်မူသည်။ မဂိုကုလား ၁၀၀၀၀။ မြို့ ၁၀၀၀၀။ ၂၀၀၀၀သော
လူတို့ကို။ ကြောပြင်တွင် စာထိုး၍အစေခံလိုက်သည်။ လွှတိုက်။ ဘောင်ခတ်။

(၅) ရက်နံ့သည်၊ ရေခတ်။ ငြုပ်။ ကြက်သွန်။ ဆက်။ အစုဘွဲ့တော်မူပြီးမှ။ မင်းဆုံးစား သုမဏသို့ အပ်တော်မူ
သည်။ သုမဏကိုလည် ထားပိုင်ကြီးအမတ်ခန့်တော်မူသည်။ ကတူး
(၆) ၂၅၀၀ကို။ အရှေ့ဝင်းဘွဲ့တော်မူ၍ ကိုယ်ရံကြီးအမတ်သား သတိုးလှကို အရှေ့ဝင်းမှူးခန့်တော်မူသည်။
လဝ ၂၅၀၀ကို။ အနောက်ဝင်းအစုဘွဲ့၍ ထားပိုင်ကြီးအမတ်သား သတိုးအောင်
(၇) ကို အနောက်ဝင်းမှူးခန့်တော်မူသည်။ အန်ပူလီ ၂၅၀၀ကို။ မြောက်ဝင်းအစုဘွဲ့၍ ဆင်ကဲကြီးအမတ် သားသတိုးဖြူ
ကို မြောက်ဝင်းမှူးခန့်တော်မူသည်။ သားတော်သူရိယသာခီကို နန်လျာအိမ်ရှေ့ထားတော်မူသည်။
(၈) အမတ်သား ၅၀။ သူဌေးသား ၅၀တို့ကို ပေးဘွဲ့တော်မူသည်။ လက်ဝဲသင်းကိုယ်တော်ရံ ၁၀၀၀။ လက်ယာ
သင်းကိုယ်တော်ရံ ၁၀၀၀၀တို့နှင့် ကမ္ဘယူပိတပ်။ ပဲကူးတပ်၊ ၂တပ်ကိုလည်း ပေးတော်မူသည်။

**(ကူ-ကျော)**

(၁) စားမြို့သီလပ်ကိုပေးတော်မူသည်။ ညီတော် သူရိယကုမ္မာသို့ ပလောတပ်။ ငေါတပ်ကိုပေးတော်မူ၍ မော်
သူဇာမြို့တွင် ထီးနန်းနှင့်ထားတော်မူသည်။ တောင်မိဖုရားခေါင်ကြီးမှာ။ မှိုင်တပ်နှင့်မြံ ၅၀၀။
(၂) ကုလား (၅၀၀) ပျူ ၅၀၀။ ရှံ ၅၀၀ပေးတော်မူ၍ စားမြို့ဂုမ္ဘိလာကန်သာ။ ၂မြို့ကို ပေးတော်မူသည်။
မြောက်မိဖုရားမှာ မြံ ၂၀၀။ မောဂ္ဂိ ၃၀၀ ပေးတော်မူ၍ စားမြို့စည်တန်ကို ပေးတော်မူသည်။ အလယ်မိဖုရား
မှာငေ
(၃) ချောင်းသား ၃၀၀။ မြံ ၁၀၀။ မောဂ္ဂိ ၁၀၀ပေးတော်မူ၍ စားမြို့ ပဋိက္ကရားကို ပေးတော်မူသည်။ ဘထွေးတော်
သီရိသမန္တဗိုလ်ကို။ လက်ဝဲမြဲဝန်အမတ် ခန့်တော်မူ၍ စားမြို့သလျင်ကို ပေးတော်မူသည်။ ဦးရီးတော်
(၄) သုစန္ဒရာကို လက်ယာမြဲဝန် အမတ်ခန့်တော်မူ၍ စားမြို့ အမရာပေးတော်မူသည်။ လက်ဝဲမြဲဝန် လက်ယာမြဲ
ဝန် အမတ် ၂ယော်မှာ။ နန်းတော်ဦးတွင် နေ၍ အတွင်းမှုဟူသမျှကို စီရင်ရသည်။ ကိုယ်ရံ
(၅) ကြီးအမတ်သား။ အလတ်ရဲစောခင်ကို။ စားကျေးမြို့သစ်ပေးတော်မူ၍ အတွင်းမှူး ဘဏ္ဍာစိုးခန့်တော်မူသည်။
ပြည်သူတို့ အမှုကြီးငယ်တရားစကားမှာ။ တရားသူကြီးနှစ်ယောက် ပြည်စိုး
(၆) ၂ယောက်အမတ်တို့ မြို့ ၄မျက်နှာအလယ်တံခါးဝတွင်။ တရားမဏ္ဍပ်နှင့်စီရင်စေ။ ပြီးသည်အမှုမှာ။ ငါးသပြာ
တန်သည်။ သပြာခွဲတန်သည်။ တရားသူကြီးပြည်စိုးကြီးတို့ကို ပေးစေ။ မပြီးလျှင် အမတ်ကြီး ၄ယော်
(၇) စုံညီဆုံးဖြတ်စေ။ ဘိသိက်မင်္ဂလာမှာ။ ဗြဟ္မဏပုဏ္ဏားမျိုးကဆက်စေ။ ခတ္တိယပုဏ္ဏားတို့မှာ စာရေးစာပြန်။
အက္ခရာကျအောင်သင်စေ။ ဘိသျှပုဏ္ဏားတို့မှာ။ ရောင်းဝယ်စားစေ။ ။ သုဒ္ဒိယပုဏ္ဏားတို့
(၈) က စန္ဒီစသောနတ်တို့ကို ပူဇော်စေ။ ဆံမုတ် ဆိတ်ခြေသည်း လက်သုတ်သင်စေ။ ကနန္ဒာ။ ခနော်ပုဏ္ဏားတို့မှာ
ဟူးရာဗေဒင်၊ ယတ္တရာမန္တန်ဆေးမှုများ သင်စေ။ ဗြဟ္မဏပုဏ္ဏားမှာ စလွယ် ၉သွယ် ခတ္တိယမှာ ၆သွယ်
ကိသျှမှာ၃သွယ် တင်စေ။ သုဒိယတို့ သူဆင်းရဲမျိုးဖြစ်သည်။ စလွယ်တင်ထုံမရှိ။ ဓါတ်

**(ကေ-ဝမ်း)**

(၁) တော် မွေတော်များတွင်။ ထီးတန်ခွန့်ပန်း။ ဆွမ်းသင်ပုတ်တို့ကို တင်စေ။ ဗြဟ္မဏပုဏ္ဏားတို့ကို ကုန်ရောင်းကုန်
ဝယ် လယ်ယာမလုပ်စေနှင့်။ ဂေါ်တော့ပလ္လင်မြို့က ထွက်သမျှ အခွန်ဘဏ္ဍာကို စားစေ။ အစုအငန်ဘွဲ့
(၂) တော်မူသည် လူတို့မှာ။ အခွန်ဘဏ္ဍာမရှိစေနှင့်။ အစုလွတ်လူတို့ကို။ မရမာရှံကုလားမဆို။ အဝေးမြို့။
အနီးမြို့ တအိမ်လျှင် ငါးသပြာငွေကိုသာ ဆက်သွင်းစေ။ ချင်းလက်ကဲ အရိုင်မျိုးတို့မှာ ယာတခင်းလျှင်
(၃) သုံးသပြာသာ ဆက်သွင်းစေ။ ကူလီကွတ္တဂရီသာဂရ စစ်တကောင်း မော်ရုံသလျှင် မြင်းမော်သဘော်ာဆိပ်တော်
များမှာ။ သပြာ ၁၀၀တန်လျှင် ဘဏ္ဍာအကော် ငါးသပြာသာယူစေ။ ရောင်ဖြူကင်။ မရိပ်က
(၄) မတုန်ကင်။ ဘဝကူကင်။ ရလာကင်များမှာလည်း ပါကုန်ကို အဘိုးထား၍ ၁၀၀လျှင် သုံးသပြာသာ အခွန်
ယူစေ။ ကင်းငါးရပ်ပြင် အစောင့်အနေထားသည် ကင်းများက အကော်အစား အနေထားသည် ကင်းများက

အကောက် အစားအခွန်

(၅) ဘဏ္ဍာမရှိစေနှင့်။ ယင်းတို့အသီးသီး ပညတ်တော်မူသမျှကိုလည်း။ အခွန်ရှည်အောင် ကျော်စာမော်ကွန်းထိုး
တော်မူသည်။

(၆) မြို့ပျက်၍အမတ် ရန္တသူနှင့် ပျူ ၅၀၀၀ သက်ကန်ရံအများ ဝင်ရောက်လာမူ။ ပျူကိုလေကျော် ၂ထပ်ဘွဲတော်မူ
၍ ပျူအမတ် ရန္တသူကို သောင်ထီးစားအရာ ပေးတော်မူသည်။ ကန်ရံတို့မှာ။ ယမ်းဖြဲ

(၇) မာန်အောင်။ စကုပတင် မရစည်။ ကုက္ကို။ ကျွန်းသာယာ။ စက်ခေါ် ကွန်ချောင်းကျွန်းများတွင် ချတော်မူ၍
လက်သမားအစို့။ အချက်အစို့ မဲထည်ဆက်အစို့ ဘွဲ့တော်မူသည်။ သက်တို့ကို။ မရိပ်ချောင်း

(၈) ညာဝေလာတောင် ကြိမ်တန်တောင်များတွင်ချ၍ ငွေခွန်ဆက် အစို့ဘွဲ့တော်မူသည်။ ညီတော်သူရိယ
ကေသီကိုလည်း ကုလားမြို့ မော်သူဇာတွင် ထီးနန်းနှင့်ထားတော်မူသည်။ ပျူအများ။ မင်တုံမြို့သို့

## (ကေ-ကျော)

(၁) ရောက်သည်ကိုသိတော်မူသော်။ ညီတော်အငယ် သူရိယဒုတ္ထကို ချီသွားစေ၍ မင်းတုံတွင် ထားတော်မူသည်။
သူရိယကေတုမင်းလွန်တော်မူလျှင် သားတော်မဟာသူရိယစန္ဒရာလက်ထက်။ ကောဇာ သက္ကရာဇ်

(၂) ၆၀တွင် ဓညဝတီမြို့ကပြောင်၍ ဝေသာလီမြို့ဟောင်းကို ထီးနန်းစိုက်တော်မူသည်။ ။ ထူဋ္ဌတညွှန္ဒယာမင်း
လက်ထက် ဘင်္ဂါကုလား ၁၂မြို့တို့ မုဿလမ်ဒီလီမင်းထံ ပေါင်၍သောင်းကြမ်းလေသော်။ သား

(၃) တော်သီရိတဥ္စန္ဒယာကို ချီတော်မူစေသည်ကာလ။ ကုလားဒီလီမင်စစ်မပြိုင်ဝံ့၍ သမီး ဒံမာဇာလီ ဒူရပီတို့ကို
ဆက်လေသော်။ သီရိတဥ္စန္ဒယာအိမ်ရှေ့မင်းမော်သူဇာမြို့တွင် ချရပ်နေတော်မူသည်။ ကုလားမင်း

(၄) သမီး၂ယောက်က။ သောင်ထီးနတ်မှာ။ လူ ၃၀၀၀လှူတော်မူပါလျှော်လေရာ။ ဟာပတူကျွန်ဆားချထက်ကုလား
၃၀၀၀ကို ကျော်စာထိုး၍ လှူတော်မူသည်။ သားတော်ကိုလည်မော်သူဇာတွင်

(၅) ထီးနန်းနှင့်ထားတော်မူသည်။ စူလတဥ္စန္ဒရာမင်းမှာ ဝေဒနာတော်ဥရင်ခေါင်းကိုက်နာ။ ပြင်စွာရော်လတ်သော်။
ဟူးရာဖြူ ဟူးရာညိုတို့က တကောင်းမြို့တွင် ခွေအဖြစ်ဖြစ်ခဲ၍ သေလွန်ရာ။ ထို

(၆) ခွေခေါင်းခွံကို လင်တချီယူလျက် ညောင်ပင်တွင် တင်ထားစေလေသည်။ ထိုခေါင်ခွန် ညောင်ပင်အကြားနှိုက်
ရှိသည် ကိုယူမှ ဝေဒနာတော်ကင်လွတ်ပါလည် လျှော်လေသော်။ ကိုယ်တော်ရံ ၅၀၀၀၀။

(၇) ကုလား ၅၀၀၀၀။ ကန်ရံ ၁၀၀၀၀။ သက် ၁၀၀၀၀။ ဗိုလ်ခြေတသိန်း နှစ်သောင်းနှင့် ကျည်းရေ အပြည့်
တကောင်မြို့သို့။ ဘုရားပရိနိဗ္ဗာန်ယူတော်မူသည်နော်။ ၉၈၂တွင် ချီတော်မူသည်။ ပုဂံမြို့သို့ ရော်ကာလ

(၈) ပုဂံသမိန်ပိုက် သူရဲမင်းက။ သမီးတော်လှမြတ်နစွာကို ဆက်လေသော်။ ထိုမင်းသမီးကို ဆောင်ယူ၍
တကောင်းမြို့သို့ရောက်တော်မူလျှင်။ ကြီးစွာညောင်ပင်တစ်ခု တွေ့မြင်လေသည်။ ထိုညောင်ပင်တွင် အကိုင်း
အခက်

## (ကဲ-ဝမ်း)

(၁) ရှိသမျှကိုရှင်းလင်းပြီးမှ။ ညောင်ပင်ကို တုံးလျက် ဘုရားတည်တော်မူသည်။ သုံးနှစ်ရှိမှ ပြန်တော်မူခဲ့ရာ။
ပင်လယ်သမုဒ္ဒရာနှိုက် ပြင်စွာ လေမုန်တိုင်တွေ့၍ ပျက်စီးလွန်တော်မူသည်။ ဝေသာလီမြို့ကိုလည်း မြို

(၂) လူမျိုး မြတူသား ပဲဖြူတို့ ၂ယောံဝင်၍ ဝေသာလီ ထီးနန်းကို တက်လေသည်။ ၅။ မြိုမင် ပဲဖြူကို စူဋ္ဌ
တည္ဆန္ဒယားမင်းမြေးတော် ငမင်းငတုံး လုပ်ကြံလေရာ။ မြိုမင်းပဲဖြူလည် မြိုတို့နေရပ်သို့ ထွက်ရှောင်ပြေး

(၃) လေသည်။ ငမင်းတုံးလည် ထီးနန်းကိုရလျှင် ဝေသာလီမြို့သည်။ မျိုးအရိုင်ကို မင်းမူသော ထီးနန်းဖြစ်သည်၊
ပြောင်တော်မူ၍ သက္ကရာဇ် ၄၁၃ခုတွင် စန်ဘဝက်မြို့ကို တည်တော်မူသည်။ ။ စန္ဒသူ

(၄) မင်းမယ်တော်မိဖုရား ကလျာနီသည် အပြစ် ၆ပါးလွတ်၍ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံစွာရှိသည်ဖြစ်သော
ကြောင့် သားတော်စန္ဒသူမင်းမယ်တော်ကို မှားယွင်းကြူးလွန်မည်ရှိလေသော်။

(၅) မယ်တော်လည်း ဆင်တော် သပ္ပဗေယတင်ကုတ်သို့သွား၍ သားတော်စန္ဒသူ အပြုအကျင့်မဟုတ်သည်ကို
ပြောဆိုလေရာ။ အခါတပါးနှိုက် ဆင်တော်သပ္ပဗေယကို စီး၍ထွက်ေ

(၆) တော်မူလေလျှင်။ ဆင်တော်ကုံးခါ၍ စန္ဒသူမင်းကျသည်ကာလ။ ဆင်ကဲကြီးအမတ် စည်သဘင်လုပ်ကြံ၍

စန္ဒသူမင်းလွှန်တော်မူလေသည်။ စည်သဘင်အမတ် စန်ဘဝက်မြို့က ပြောင်း၍ ဝေသာလီ
(၇) မြို့ဟောင်းကို ကျော်လှေကားမြို့ သမုတ်ပြန်၍ တည်ထောင်လေသည်။ သုံးနှစ်ရှိသောအခါ စန္ဒသူမင်းညီ
အနန်းသီရိ။ စည်သဘင်မင်းကို လုပ်ကြံ၍ ထီးနန်းကို မင်းရိုးအနန်းသီရိ ဆက်စိုးတော်မူသည်။
(၈) ။၈။ မင်းကုလား လက်ထက် ကောဇာ ၃၇၄ ခုတွင်။ ပုဂံမင်းနော်ရထာ တေဇော။ ဗိုလ်ခြေအများနှင့်
ချီလာ၍ ဓညဝတီမြို့ဟောင်းတွင် ချရပ်နေလာသည်။ ကို။ မင်းကုလားက မှူးတော် မတ်တော်တို့နှင့်တိုင်

**(ကဲ-ကျော)**

(၁) ပင်တော်မူသည်ကား။ ဆိုင်ပြိုင်၍ တိုက်လျှင်သင့်မည်။ သာယာသောစကားနှင့်ပြောဆိုရလျှင် သင့်မည်
အကြောင်း ၂ခုကို မေးတော်မူလေသော် ကိုယ်ရံကြီးအမတ် မဟာဇေယသိခ်လျှောံသည်ကား
(၂) အရှင်မင်းမြတ်။ ရက္ခာပူရတိုင်းနှင့်။ သုနာပရံတိုင်သည် ရှေးမင်းများလက်ထက် မဟာမိတ်ကြီးဖြစ်လျက်
အမျိုးအနွယ်ဆက်ခါ မကွဲမပြားရှိခဲ့ကြပါသည်။ မိတ်ဝင်သောတိုင်ပြည်ချင်ရန် မတင်း
(၃) ကောင်ပါ။ ပုဂံမင်း နော်ရထာစောလည်း။ မြို့တော်အနီးအပါး ရောက်လာ၍မှ ဆင်းရဲသားတို့ကို ဖျက်ဆီးသတ်
ညှစ်လုယူမရှိ။ မိတ်ဆွေဝင်လိုသော အကြောင်းနှင့်လာသည်သာ၊ ရန်အောင်ရာသောအငေ
(၄) ကြောင်းငါးချက်တွင်လည်း မန္တန်ဆေးဝါး ယတြာဖြင့် အောင်ရာသည်။ ချစ်ဘွယ်စွာကောင်းသော စကားကို
ပြောဆို၍ ရန်အောင်ရာသည်။ သားသမီးအမျိုးအဆွေချင်း ဆက်၍ ရန်အောင်ရာ
(၅) သည်။ ရွှေငွေသပြာပေး၍ ရန်အောင်ရာသည်။ သူတော်ကောင်းချင်းတွေ့၍ ရန်အောင်ရာသည်။ ယင်းသို့
ငါးပါးအကြောင်းတွင် သားသမီးကို ရှစ်စပ်ပေးကမ်း၍ ရန်အောင်ရာသော
(၆) အကြောင်းသည်။ မိတ်ဆွေအရှည်ဖြစ်ရာသောအကြောင်း သူတော်ကောင်းတို့ ချီးမွှမ်းရာ သတ္တဝါမပင်မပန်း။
သာယာသောအမှုဖြစ်ပါသည်။ ယင်းသို့လျှောံလေသော်။ မင်းကုလားလည်း ကြိုက်
(၇) တော်မူ၍ သမီးတော်ထီးလှိုင်ဖြူကို ပုဂံနော်ရထာဇောသို့ ဆက်ပေးလေလျှင်။ ပုဂံမင်းလည်း ထိုသက္ကရာဇ်
အတွင်း ချီလာရင်း ဘူးရွက်မညီုးလမ်က ပြန်တော်မူလေသည်။ မင်းကုလားသားမင်းဘီလူး
(၈) သော်ကား။ မင်းနေမင်းကျင့် မလျော် သွမ်းသောအမှုကိုသာကြိုက်၍ နေလေရာ။ အမတ်ဆေအိုးပိုးစား၍
ထီးနန်းကို အမတ်ဆေးအိုးတက်လေသည်။ မင်းဘီလူးသား။ မင်းရဲဘယနှင့် မင်းနံတို့ယော်

**(ကော-ဝမ်း)**

(၁) လည် အသက်လွတ်ကြောင်း ပုဂံပြည် ကြံစစ်မင်းထံသို့ ထွက်ပြေးလေသည်။ ၇။ ပုဂံပြည်တွင် အလောင်းစည်
သူမင်း လက်ထက်ရောံမှ မင်းနန်းက မင်းရိုးမင်းမျိုး မှန်ကြောင်းနှင့် လျှောက်လေ
(၂) သာ်။ အလောင်းစည်သူမင်း ပျူတသိန်း တလိုင်း တသိန်း။ ရဲမက်ခန့်ရန်တော်မူပြီးလျှင်။ ကောဇသက္ကရာဇ်
၄၅၂ခုတွင် အလောင်းစည်သူကိုယ်တိုင် ပင်လယ်လမ်း မော်တင်ကျွန်းဦးလှည့်၍ ချီတော်မူလာ၏။
(၃) မင်းပတိလည်း စစ်ဘက်ပြိုင်မနိုင်လျှင် အနော်ကုလား ဒီလီမင်းထံ ဝင်ပြေးလေသည်။ ဝေသာလီကျောက်လှေ
ကားမြို့ ထီးနန်းကို။ မင်းနန်သို့ အပ်တော်မူသည်။ အလောင်းစည်သူမင်းနှင့် ပါသည် ပျူတလိုင်တို့က။
(၄) မဟာမုနိရုပ်ထုတော်ကို။ အိုချင်ထိုးလေသော်။ ပေါင်တော်တဘက်နှင့် ကြောရိုးတော် အရည်ဖြစ်လျှင်
ရွှေမဟုတ်၍ ရုပ်ထုတော်ကို သရေမြစ်သို့ ချခဲ့၏။ မင်းနန်က သမီးတော်မြပန်းကုံးဆက်လေ
(၅) သော်။ ထိုသက္ကရာဇ်အတွင် အလောင်းစည်သူ မင်းပြန်တော်မူလေသည်။ မင်းနန်လည်း ဝေသာလီကျော်
လှေကားမြို့က ပြောင်း၍။ ကောဇာ ၄၇၂ ခုတွင် ပရိန်မြို့ကို တည်တော်မူသည်။ ။ ကိန္နရူဘော်
(၆) မင်းလွှန်တော်မူလျှင် ညီတော်တိုင်ချစ် ပည္တာသံထီးနန်းတက်တော်မူသော်။ ပရိန်မြို့ကပြောင်း၍ ကောဇာ
၅၈၈ခုတွင် တောင်ငူနေရည္တရာမြို့ကို တည်တော်မူသည်။ ၈။ အနလုံမင်းသားတော် အလော်မာဖြူမင်းလက်
ထက်
(၇) တောင်ငူ နေရည္တရာမြို့ကပြောင်း၍ ကောဇာသက္ကရာဇ် ၆၃၂ခုတွင် အည္တနနဒီမြစ် အနော်ဘက် လောင်းကြက်
မြို့ကို တည်သည်။ ၉။ ဥဇနာမင်းလွှန်တော်မူ၍။ သားတော်မင်းထီးကောဇာ ၆၄၄ ခု၊ ၉သက်တော် ၉နှစ်တွင်

နန်း

(၈) တက်တော်မူသည်။ ကောဇာ ၆၅၀။ သက်တော် ၁၅နှစ်ရော်သောအခါ မုဒ္ဓါဘိသိက်ကို ခံတော်မူ၍ အမိန့်တော်ကြီးရှိသည်ကား။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူသည်နှော် ၆နှစ်တွင် ဘေးတော်ဖြစ်သော စန္ဒသူရိယမင်း

**(ကော-ကျော)**

(၁) လွန်တော်မူလျှင် သားတော် အိမ်ရှေ့မင်းသူရိယဒိပတိ ရိုက်ရာကို စိုးတော်မူသည်။ အနွယ်တော်သားမြေး ဆက်ကား။ မင်းရိုးမပျက် ၂၉ဆက်အဆုံး စူဠတည္စန္ဒယားမင်းသည်။ ဘုရားသခင်နိဗ္ဗာန်ဝင်သည်

(၂) နှော် ၉၇၂ခုတွင် ။ တကောင်းပြည်သို့ ချီတော်မူ၍၊ အပြန်တွင် သမုဒ္ဒရာနှိုက်လွန်တော်မူသည်ကာလ။ ဝိပတ္တိဆိုက်ရောက်ရာ မြို့လူမျိုး မြတူသား ပဲဖြူတို့၂ယောက် ၂၄နှစ်မင်းမူသည်။ မိစ္ဆာအသိအမြင် အကျင့်သာ

(၃) ရှိလေ၍။ သာသနာတော်ကို ညှိုးနွမ်းသည်။ ဂါမဝါသီရွာသူတို့နှင့် ရောနှောနေသော ပွဲကျောင်းရဟန်းတို့ ထွန်လျက် အရညဝါသီဘုရားအလိုတော်ရှိသော ဧကစာရဆရာမြတ်တို့ကွယ်ပျော်ရဂလေသည် ကောဇာ ၄၁၂ ခုရော်

(၄) သောအခါနှိုက်၊ မြို့မင် ပွဲဖြူကို မင်းအမျိုးဖြစ်သော သူဋ္ဌတည္စန္ဒယားမင်း မြေးတော်။ ငမင်း၊ ငတုံး၊ လုပ်ကြံ၍ မင်းရိုးမင်းဆက် ရပြန်လေသော်။ သာသနာတော်ရေးကို ရှေးဦးစွာ ရှင်းလင်းသော်လည်း။

(၅) မှူးမိုက်မတ်မိုက်တို့နှင့် ဂါမဝါသီ၊ အလဇ္ဇီရဟန်ပေအေါင်ဘက်၍ ပန္နာပေးလေရာ။ မရှင်းမလင်းရှိလေသည်။ ဘေးတော် ငမင်းတုံးကသည်။ မင်းရိုးမပျက်။ ခမည်းတော်ဘုရားတိုင်း။

(၆) ၄၁ဆက်သော မင်းတွင် အသိပညာမရိသော ရာဇသုညမင်းလက်ထက်။ သာသနာ ညှိုးလေရာသည်။ ကျမ်းဂန်မှာလည်း ဘုရားမြတ်စွာဆုံးမတော်မူရင်း စကားကို ရှည်ကြာထွန်းလင်း

(၇) ဘောင်းသိယိုကျွန်း။ ဝတ္တကာမဏိမင်းလက်ထက်တော်။ သီဟဘာသာ။ ဘုရားသခင် စကားရင်းအတိုင်း အက္ခရာတင်ခဲ့သည်ကို ကူးယူ၍ရှိသည်။ ဘုရားအလိုတော်ကို ရဟန္တာ

(၈) များမှသော်လည်း။ မသိနိုင်ရာဖြစ်လျှက်။ သီဟိုဠ်သား။ ရဟန်း။ ပုဏ္ဏား၊ ပဲကူးသား။ ပုဂံသား။ အဝသား။ တိုဝ့်။ ရဟန္တာအရှင်မြတ် အမည်တူခံကြ၍။

**(ကော်-ဝမ်း)**

(၁) ပုထုဇျာန်တို့ပြုလုပ်သည် ကျမ်းစာကို မသင်မလေသင့်။ နော်ကိုလည်း ကျမ်းစာမလုပ်စေနှင့်။ အရညဝါသီ ဆိတ်ငြိမ်ရာနှိုက် တီစီဝရိတ်ဆောက်တည်ကျင့်တော်မူသည်။ ဧကစာရ ဆရာမြတ်တို့ကို

(၂) ပြည်သူတို့က ပစ္စည်းလေးပါး လှူဒါန်းစေ။ ချက်ပြုတ်၍ မစားမသုံးသင့်။ ခံ၍ရသောဆွမ်းကိုသာ သုံးတော်မူ သင့်သည်။ ဂါမဝါသီရွာသူတို့နှင့် ရောနှောနေသော ပွဲကျောင်းရဟန်းနှင့်လည်း မရောမ

(၃) နှောစေသင့်။ ပွဲကျောင်းရဟန်းတို့မှာ။ အဆော်အအုံကို သူတို့အလေရှိရာ လုပ်ဆောင်၍ အလျော်နေစေ။ စည်တီး။ မီးနှက်၊ ပွဲသဘင်၊ မသာ အသုဘများကိုလည်း လိုက်စေ။ ဂါမဝါသီပွဲကျောင်း ရဟန်း

(၄) တို့မှာ တိုးပွား၍ ပြည်သူတို့က ပည္စင်းသာမဏေမပြုမလုပ်စေနှင့်။ မှူးမတ်မြို့စားတို့မှာလည်း ရွှေမင်းပေးဒ သနားတော်မူခဲ့သည် စားကျေးမြို့ရွာ အဆောင်အရွက်များကို အဘမရှိလျှင်။

(၅) သားမြေးဆက်ခံ၍ ဆောင်ရွက်စားသုံးစေ။ မြို့ရွာသူကြီး ကျွန်အုပ် ချောင်အုပ်တပ်အုပ်တို့မှာလည်း အရိုး မပျက်စေသင့်။ မိဘမရှိလျှင် သားမြေးဆက်ခံကြီးစိုးစေ။ ဘဏ္ဍါ ၁၂မြို့

(၆) ကုလားတို့မှာ။ တအိမ်တတိုက်လျှင်။ မြေခွန် ရေခွန် တနှစ်ကို ၅သပြာ။ ချင်း၊ မျို၊ သက်၊ ချောင်သား။ ခဓော၊ လဟော်၊ ရင်းပေါင်း၊ ချုပ်။ လင်းကဲတို့မှာ။ ယာတခင်းလျှင် တနှစ်ကို ၃သပြာဆက်မြဲတိုင်ကို

(၇) သာဆက်စေ။ မင်းရိုးဖြစ်သော်လည်း မင်းကျင့်မရှိ။ ရာဇသုညမင်းတို့ပြုခဲ့သည်ထုံးအမည် အရည်အဆောင် အရွက်တို့ကို မတွင်စေနှင့်။ အသည်သားတို့မှာ တနှစ်လျှင် အိမ်ကြီး ၅သပြာ။ အိမ်ငယ်

(၈) ၂သပြာခွဲသွင်းစေ။ သူရိယဓိပတိမင်းထုံးက အပိုအလွန်မခံ မယူသင့်။ လက်ဝဲသင်းကိုယ်တော်ရံ။ လက်ယာ သင်းကိုယ်တော်ရံ။ ဝင်း ၄မျက်နှာ။ ဆင်သည်မြင်သည်မှစ၍ ၅၇စုသားတို့မှာ အခွန်

**(ကော်-ကျော)**

(၁) ဘဏ္ဍာယူရိုးထုံးစံမရှိ။ အစို့ရင်းမှာသာ ငြိမ်ဝပ်စွာ ထမ်းရွက်နေထိုင်စေ။ မင်းမိဘုရား မင်းသား မင်းမျိုး မင်းဆွေ မှူးမတ်တို့မှာ။ ရှေးမင်းအသီးအသီး ပေးဘွဲ့ခဲ့သည်လူရှိသည်။ နော်ကြို အသည်သားအမှု

(၂) ထမ်းတို့က။ ကပ်ခို၍ မထမ်းစေနှင့်။ ပြည်သူတို့တွင် တရားတပေါင်ရှိသည်များကိုလည်း တရားသူကြီး ၂ယော်၊ ပြည်စိုး ၂ယော်။ မြို့ ၄မျက်နှာက တရားမဏ္ဍပ်နှင့် စီရင်မြဲကို စီရင်စေ။ အမှုပြီးလျှင်

(၃) ကြီးငယ်ကို ထော်၍ ၅သပြာတန်သည် ၂သပြာတန်သည်။ တရားသူကြီး ပြည်စိုးတို့ ဆုံးဖြတ်၍မပြီးလျှင်။ အမတ်ကြီး ၄ယောက် စုံညီဆုံးဖြတ်စေ။ ပြီး

(၄) သည်အမှုမှာ။ ဖျင် ၄ဘက်။ ငှက်ပျော ၄ခိုင်၊ အုန်း ၄ခိုင်၊ ပန်း ၄ခိုင်၊ ကွမ်း ၄ထုပ်၊ သာယူစေ။ ကြေးငွေ မစားမယူနှင့်၊ အမတ်ကြီးတို့ဆုံးဖြတ်၍ မပြီးလျှင်အမှုသည် ၂ဦးကို နန်းတွင်းသို့ ဝင်စေ။ သူခိုး။ မ

(၅) ဒိန်ဒန္ဓလျှင် စားပေ့ါစား ဆိုးသွမ်းသူတို့ကို မှန်မမှန်သိသာအောင် ပညာဖြင့်စစ်။ မှန်လျှင် မဒိန်ဒန္ဓမှာ နဘူးတွင် စာထိုး။ သူသတ် ဗရဝါအစို့မှာဖြည့်။ သူခိုးမှာ ရင်တွင်စာထိုး၍ ဟရိအစိုမှာ

(၆) ဖြည့်။ လူလျှပ်လူသွမ်းတို့ကို မောင်လည်ပြီးလျှင် လက်မောင်းတွင် စာထိုး။ မျက်ရိပ်အစို့မှာ ဖြည့်။ မှူးမတ် မယားကြီးဖြစ်လျှက် အကျင့်ဆိုးသွမ်းလျှင်။ ယောကျ်ားကို ခေါင်း ၄မြွာရိတ်၊ မျက်နှာမှာဆေးရေး။

(၇) ၍ မောင်လှည့်ဟရိအစို့မှာဖြည့်။ မိန်းမကို ပြည်တန်ဆာဖြစ်စေ၊ မှူးမတ်တို့အပြောင်ကို မှားလျှင် မိန်းမယောကျ်ား ၂ယော်ကို မောင်လည်၍ မျက်ရိပ်အစို့မှာဖြည့်၊ ဘိသိက်မင်္ဂလာပုဏ္ဏားနှင့်

(၈) ပန်းတင်း။ စောင်းတီဟူရားစန္ဒီ။ ဟုန်းနတ်ပုဏ္ဏားတို့ မရောမနှောစေနှင့်၊ ဘိသိက်တော်ဆက် မင်္ဂလာပုဏ္ဏားမှာလည်း မန္တန်မန္တရားဆေးဝါယတြာ ဗေဒင်မသင်မလေ့လာစေနှင့်။ အိမ်ရာတောင်

**(ကံ-ဝမ်း)**

(၁) ဘက်သားမယားကိုလည်း အခြားမိန်းမနှင့် မရှက်မစပ်သင့်။ ဘိသိက်ပုဏ္ဏားဖြစ်လျှက် အခြားပုဏ္ဏားအမျိုးသားတို့နှင့် ရောနှောဆက်စပ်လျှင်။ တူရသိန်လည်ဆွဲကိုဖြတ် စလွယ်ကို သိမ်း၊ ဥန္ဓန်

(၂) ကိုရိတ်။ ပန်တင်ပုဏ္ဏားအစို့မှာ ထမ်းစေ။ မင်းသား မင်းဆွေ မှူးမတ် မြို့စားတို့မှာလည်း လူအသက်ကို မပိုင် ဆင်းရဲသားတို့ကို အသက်ဆုံးအောင် မသတ်မညှစ်စေနှင့်၊ မင်းသား မင်းဆွေ မှူးမတ်တို့

(၃) ပြည်သူအသက်ကို အသေသတ်လျှင်။ အဆောင်အရွက်အရာ အထူးစားကျေးမြို့ရွာကိုသိမ်း၊ မင်းသားမင်းဆွေဖြစ်လျှင်။ မရိတ်ချောင်းဖျား မြုံတို့အရပ်ကို ပို့။ မြို့စားမှူးမတ်လွန်လျှင် မန်အောင်သို့

(၄) ပို့၊ သံတွဲစား။ မင်းတုံးစား။ မော်သူဇာစား။ သီလပ်စား၊ ဒါဂါစား၊ ငါးယော်မှာ။ ရှေးမင်းတို့ လူအသက်ကို အပ်ကြောင်ထုံစံရှိသည်အတိုင်း သေပြစ်သေဒါန် ရော်သူဖြစ်လျှင် တွက်ချက်မေး

(၅) ချက်ကို တင်ပြလျှော်ထား၍ စီရင်စေ။ မင်းသားမင်းဆွေ ဖြစ်လျှက်။ မင်းသားတို့ကြင်လည်ရာသော အဌာရသကို မသင်မလေ့ ဖျင်ပေ့ါလေလွင့်လျှင် စားကျေးမြို့ရွာကိုနှုတ်။ မြိုဂ့်

(၆) ၄ မျက်နှာဆုံးဖြတ်စီရင်သည် တရား။ မဏ္ဍတ်မှာ စောင့်နေစေ။ မှူးမတ်သားမြေးဖြစ်လျှက် မိရိုးဘလာမကျင့်ဆိုးသွမ်း ပျော်ရွှင်သဘင် လေ့လာသော်စား ရစ်ဝလေလွင့်ရှိခဲ့လျှင်။ မိဘအမွေကို မခံ

(၇) စေနှင့်။ မျက်ရိပ်အစို့မှာ ပြည်။ လိမ္မာပညာရှိသူမှူးမတ်သားမြေးကို ရွေးစစ်၍ရာ အရာခံစေ။ မြို့ရွာခေါင်သူကြီးတို့မှာလည်း။ ဘိုးဘတို့နည်း ကျေးရွာကို မအုပ်မထိန်း ပေ့ါဖျင်းမိုက်မဲလျှင်။ ဘိုးဘအ

(၈) ရာကို မခံစေနှင့်။ ကျေးရွာရှိ လူကြီးသားမြေးလိမ္မာသူကို ရွေး၍ဆက်ခံကြီးစိုးစေ။ ပြည်သူအမှုအခင်းကို စီရင်သည် မှူးမတ်။ တရားသူကြီး ပြည်စိုးတို့ မဖြောင့်မမှန်။ တံစိုးပန္နာမျက်နှာကြီးငယ်

**(ကံ-ကျော)**

(၁) ကိုလိုက်၍ စီရင်ဆုံးဖြတ်လျှင် ခေါင်းကို လေးမြွာရိပ်၊ အရာကိုနှုတ်။ မဟာမုနိသိမ်တော် ၄မျက်နှာတံကား

မုတ်ဝတွင်ရှိသည် အိုးတို့မှာ။ ရေခတ်ထည့်၍ နေစေ။ အပြစ်ထိုက်ရသာ စီရင်ရန် ရော်သူတို့ကို စီရင်ရ
(၂) မည်မှာ၊ ယမမင်းနှင့်တူစေ။ နိုင်ငံတော်အတွင်း ဆင်းရဲသားတို့ကို။ အုပ်ထိန်းစီရင်သည် မှူးမတ် မြို့စား
ခေါင်းသူကြီးတို့ မဖြောင့်မသား ကြီးနိုင်ငယ်နှိပ်ပြုကျင့်၍ ဆင်းရဲသားကို မပင်ပန်းနွမ်းရိရှိခဲ့လျှင်လည်း မြင်
(၃) မှိုရ်စောင့်နတ်မှူ ၄ယော် ခံ့သို့ကျင့်။ မျက်နှာကြီးငယ် မထောက်နှင့်။ ငါအသျှင်သိတော်မူအောင် လျှော်။
အမတ်ကြီးတို့ မဖြောင့်မတည့်။ မေ့လျော့လစ်ဟင်း၍။ ရှေးထုံးစံပျက်သည် ကြားသိတော်မူရလျှင်။ ကိုယ်ရံ
(၄) ကြီး။ ဆင်ကဲကြီး ပြည်စိုးကြီး ထားပိုင်ကြီးတို့ ၄ယော်ကို သံတံချင်လျှိုတော်မူမည်။ ၁၀။ နရမိတ်လှမင်းသော်
ကား အကျင့်မရှိ အပျော်ရွှင်အမှုကိုသာ လေးလာလျက်။ ပြည်သူတို့ မငြိမ်မ
(၅) ဝပ်။ အလိုလို ရှိကြလေရာ။ အရှေ့ပြည်အင်ဝမင်းခေါင်က။ သားတော် မင်းရဲကျော်စွာကို ဗိုလ်ခြေရဲမက်
ပေးအပ်၍ ချီလာစေလျှင် ပြည်သူမှူးမတ်တို့ မညီမညွတ်သဖြင့် ခုခံ၍ အတည်အတန့်
(၆) မတိုက်ရှိကြလေသော်။ နရမိတ်လှမင်းပါသမျှကိုယူ၍ အနော်ကုလား ၁၂မြို့သို့ ထွက်ရှောင်နေရလေသည်။
မင်းရဲကျော်စွာလည်း နရမိတ်လှညီတော် သံတွဲစား၊ နရနုကို ချီတက်လုပ်ကြံရာ။ သံတွဲစားက။ မှူး
(၇) မတ်ကြေးကျွန် ရဲမက်ညီညာခုခံတိုက်ခိုက်လေရာ၊ မင်းရဲကျော်စွာ။ သံတွဲကို မရပြန်လေသည်။ အင်းဝ
မင်းခေါင်က။ သမီးရွှေပြည်ချမ်းသာနှင့် သမက်နော်ရထာကို လောင်းကြက်မြို့ထီးနန်းတွင်ထားလေ
(၈) သည်။ နော်ရထာလည်း အကျင့်မရှိ ပြည်သူတို့ကို ညှင်းပန်းနှိပ်စက်ပြုလေလျှင်။ သံတွဲစား နရနု။
ဘကိုးမင်းရာဇာဓိရစ်ထံသို့ သွား၍ စစ်ကူတောင်းလေရာ။ ဘကိုးမင်း ရာဇာဓိရစ်ကိုယ် ချီလာ၍ပုသိမ်း

**(ကား-ဝမ်း)**

(၁) တွင်ရပ်နေပြီးမှ လဂွန်အိမ်တထပ်။ အဝနိုင်တထပ်၊ ရဲသည်ရန်တထပ်၊ ဗိုလ်မင်းဖြတ်စကို အချုပ်ခန့်၍
နော်ရထာကိုတိုက်စေလျှင် နော်ရထာလည်း သေလွန်လေသော်။ နော်ရထာမယား ရွှေပြည်ချမ်းသာ
(၂) ကိုရာဇာဓိရစ်ရလေသည်။ ရာဇာဓိရစ်မင်းက လောင်းကြက်မြို့တွင်၊ ဗိုလ်မင်းဖြတ်စကို ထားတော်မူသည်။
အင်းဝဘရင်မင်းခေါင်ကလည်း။ စစ်သည်ရဲမက်။ ကာမဏီအမတ်သို့ပေး၍ ခင်ညိုကို
(၃) နန်းတင်စေရာ။ ဗိုလ်မင်းဖြတ်စ။ ဘကိုးမြို့သို့ ထွက်ရှောင်ပြေးလေသည်။ ယင်းသောအခါ။ နရမိတ်လှ။
ဒီလီမင်းထံသွား၍ စစ်ကူတောင်းပြန်လေလျှင်။ ဒီလီမင်းက။ ဥလုံခင်အမတ်ကို ဗိုလ်တင်၍ ၁၂၀၀၀၀နှင့်ချီ
(၄) လာစေသော်။ ခင်ညိုလည်း အင်းဝမြို့သို့ ထွက်ရှောင်ပြေးလေသည်။ လောင်ကြက်မြို့သို့ ရော်ကာညလ။
နရမိတ်လှမင်းကို အကျည်းထားပြီးလျှင် ဥလုံခင်မင်ပြုလေသော်။ ညီတော် သံတွဲစားနရနုက။
(၅) နောင်တော်နရမိတ်လှကို ထောင်ကခိုးယူ၍ ဒီလီမင်းထံပို့လေသည်။ ဒီလီမင်းက။ ဥလုံခင်အား
သက္ကရာသတ်ကို ဗိုမှူးခန့်၍ ရဲမက်တစ်သိန်းနှင့် နရမိတ်လှကို နန်းတင်လွှတ်ပြန်လေရာ ဥလုံခင်
(၆) ကိုစီရင်၍ နရမိတ်လှကို လောင်းကြက်ထီးနန်းသို့ အပ်သည်။ ပျူနှင့်။ တလိုင်း၊ ကုလားသုံးဦးသားတို့ တိုက်ခိုက်
လုယူ စစ်မက်ထူထပ်။ လောင်ကြက်မြို့တွင် မင်းမရှိ။ ၁၃နှစ်ရှိလေသည်။ နရမိတ်လှက လောင်
(၇) ကြက်သည် သူပုံသူကန်တို့ ဖျက်ဆီးလေသည်မြို့ဖြစ်သည် မြေ်သို့ပြောင်တော်မူ၍ ကောဇာသက္ကရာဇ် ၇၉၂
ခု တော်သလင်းလဆန်း ၁ရက်နေ့ ကံလက်ကံစန်နှင့် မျောက်ဦးမြို့ကို တည်တော်မူ၍ စောမွန်ကြီး
(၈) အမည်ကို ခံတော်မူသည်။ ၁၁။ အလစ်ခင်မင်း နန်းတက်တော်မူ၍ ကောဇာ ၈၀၅ ခု ရော်သောအခါ
အင်းဝမင်း နရပတိကြီးကိုယ်ချီလာ၍ ဘိုခေါင်တောင် အရှေ့ဘက်နွယ်ချိုတောင်သို့ရော်ကြောင်းကို ကြား

**(ကား-ကျော)**

(၁) တော်မူလျှင်။ စစ်အင်္ဂါ ၄ပါးနှင့် အလစ်ခင်မင်းလည်း ချီတော်မူလည်၍ ဘိုခေါင်အနော်ဘက်တောင်ညိုသို့
ရောက်လေသော်။ အင်းဝမင်းထံ ဥဿလင်စား အမတ်ကို တမန်စေတော်မူရာ။ ပေးလိုက်ည်ရာဇသံကား။
(၂) ဣတိပိသော။ သွက္ခာတော။ သုမ္ပဋိပ္ပန္နော။ စသော ဂုဏ်တော်တရား သုံးပါးနှင့်အညီ ပရိယတ္တိ ပဋိပတ္တိ
ပဒိဝေဒသာသနာတော် မညိုးမနွမ်းစေရ။ မူလသိက္ခာမင်းသမားတို့ ခံသော ဘိသိက်တရား ၁၀ ပါးသောမင်း
(၃) ကျင်။ ၁၂ဆင့်သော အင်္ဂါ။ ကရိယာဒသ။ သတ္တကြက်သရေ။ လေမည်သင်္ဂဟ။ နိစ္စမြဲစွာ။ အဝိဇ္ဇာနှင့်။
တဏှာပိတ်ပေါင်း။ သူမကောင်းနှင့်။ ကင်ကြောင်လုလ္လ။ ကိုသာဗလပြုလျှက်။ မင်းတို့အားငါးပါးနှိုက်

(၄) ဇာရိမာ။ ဆုပ်ရုပ်တတ်သော လက်ရုံး။ မာနအားကိုပယ်၍ အနီးအဝေးမရွေး။ ပကာဝတိတရား ၇ပါးနှင့် သတ္တဝါကိုစောင့်ထိန်းလျက် အုပ်ကွပ်စီရင်လေ့ရှိသော မျော်ဦးရွှေမြို့တော်ကြီးရှင်

(၅) ကြားလိုက်သည် အင်းဝရွှေမြို့တော်ရှင် အကြည်တော်။ လူသတ္တဝါတို့ဒလေ့။ စာရိတ္တသီလ။ ဝါရိတ္တသီလ ၂ပါးကိုသာ ရှည်ကြာစွဲမြဲ ကျင့်ကြံလေသည်။ အသိပညာသမာတရားတော်

(၆) ကား။ အကပ်မရှိချင်ကြောင့်။ ဘင်္ဂါဝါလုက၊ သဲလုံးအမျှပွင့်တော်မူသော ဘုရားမြတ်တို့သင်ပင်မဝင်။ သံသရာ စက်ရဟတ်ကမလွတ်။ မထွက်။ တဏှာနွံအိုင်နှိုက် ပျော်ပိုက်လျက် တေဘုမ္မကဝတ်

(၇) အလည် အမြင့်အနိမ့်။ တွေ့မြဲဓမ္မတာ။ နိဗ္ဗာန်နှင့်ဘီလာ။ သမုဒယသစ္စာကို ထိုသတ္တဝါတို့နှိုက် သယော်သော သူအား သမာညာဏ် ကပ်ရောက်မြင်ပြန်သော်။ အဇ္ဈတ္တဗဟိဒ္ဓ။ ရန်မှလွတ်ရာ။ အတိဇာတပဋိ

(၈) သန္ဓေနှင့် စွဲရင်မှန်၍ နိက္ခမဆိပ်ငြိမ်ရာသို့ ထွက်သွားသဖြင့် ကာယဝိညာတ်။ သမာပညာတက်မကို ဖြောင့် မတ်စွာကိုင်လေ၍ အလွန်ကြီးကျယ်သော။ ဗလဝါမုက္ခ

**(ခ-ဝမ်း)**

(၁) သမုဒ္ဒရာဝဲတဏှာပြစ်က ထွက်မြော်ကူးရော်လေသည်။ အနုဇာတပဋိသန္ဓေဖြစ်မူ။ မိဘပဋိသန္ဓေကိုသာ ကျင့်ကြံမြဲစွဲလျက် အသက်ထက်ဆုံးနေလေရာသည်။ အဝဇာတ ပဋိသန္ဓေသားသော်ကား။ ရှေးပညာရှိ

(၂) ထုံးကိုမယူ။ မိဘစည်လာအမျိုးစောင့်သော အကျင့်မရှိ။ ဆိုးသွမ်းပျော်ရွှင်သဘင်လေ့လာရစ်မျိုးသော်စား အတ္တနောမတိ မိမိအကြိုက်ကိုသာ အဘိဇ္ဈာမတရားသဖြင့် ပြုချင်။ ဗျာဘာဒ။ သူတထူးကို ငြိုဝ်

(၃) ညင်လျက် ပျက်စီးမှု သုစည်စိမ်ကို ကြံချင်းမိစ္ဆာဒိဋ္ဌိ။ တရားအလွန်ပြုချင်း။ တကြောင်းတုံလည်း သမာ သူတော်ကောင်းတို့နှင့် ခေတ္တပေါင်းဖက်ခဲ့ဘူးသောကျေးဇူးထောက်ပံ့လေရာ။ လောကီစည်စိမ်ကို ခံစား၍

(၄) စကြာရသောမင်းသည်။ မိစ္ဆာညာဏ်မှာ။ သကြားစည်စိမ်ကို တပ်မိခြေ၍ ဘဝမခြား။ ဒိဋ္ဌဓမ္မပျက်စီးကြောင် ကျမ်းဂန်လာသည်။ သီရိဓမ္မာသောကမင်းမူလည် ဇမ္ဗူဒီပါကို အစိုးရဖြစ်လျက်၊

(၅) ထိုမင်ကံစဲချိန်နှိုက်အမှားကို အမှန်ထင်လေရာ တိရိစ္ဆာန်ဘဝရောက်လေကြောင်ကထာစကား ပညာရှိတို့ သက်သေပြညွှန်ဆိုခဲ့လေသည်များကို နှလုံးသွင်း၍ အကြည်တော်လည်း မင်း

(၆) မည်ကားမဟုတ်။ အလာကောင်းလျက် အပြန်မစောင်စေရ။ ကိုယ်ကမကွာ သမာရှစ်တပ်။ စစ်ကွပ်လိမ္မာ ပညာလက်နက် ပိုးပရွက်သို့၊ စစ်တက်လာကြ။ လောဘသူပုံ၊ ကုန်အောင်သတ်ဖြတ်၊ အခွါ (၇)တက်မှ၊ မြတ်ရာ သို့ ရော်မည်အကြောင်းကို ကြားလိုက်သည်။ ။ ထိုရာဇသံနှင့်အင်းဝမင်း နရပတိထံ။ ဉဿလင်စားရော် လေသော်၊ စာကို ဘတ်ကြည့်တော်မူ၍ နရပတိထံ။ ဉဿလင်စား ရော်လေသော်။ စာကိုဘတ်ကြည့်တော် မူ၍ နရပတိမင်းက တောင်တွင်းစား

(၈) လက်ယာစည်သူကို သံဘက်ခန်စေရာ။ ပေလိုက်သည် ရာဇသံကား။ ။ သခ်ါယ။ ဝိကာယလက္ခဏာနိဗ္ဗာန်ပညာပ်တည်ဟူသော ညေယဒါန်တရား ငါးပါးကို မသိမမြင်စေတတ်သော။ အဝိဇ္ဇာ

**(ခ-ကျော)**

(၁) ဘုံးလွှမ်းချင်းကြောင့် တဏှာဆောင်ယူရာသတ္တဝါတို့ နှစ်မြို့ရှိသည်ကို ကယ်တင်လိုသော သမာဒိအသိအမှန် လုံလ္လအကျင့်အကြံတော်အားထုတ်သောသတ္တိကြောင့် သစ္စာ၄ပါးတရားကို သိမြင်တော်မူသော။ ရခိုင်ငမ်းသားကအ

(၂) သင်္ဂတခာတ်အမြဲတည်ရာ။ နိဗ္ဗာန်ဆိပ်ဦးသို့ ငါကူမြော်ရော်ပြီ။ ပုနပ္ပုဏ္ဏံ။ တဘန်ငကိုသင်တို့ နှိပ်စက်ချင်း။ မပြုရပြီ။ ပဌမ ဗုဒ္ဓစကားတော်။ အနေကဇာတိသံသာယံ။ ။ ဂါထာကို ဉဒါန်းကြူးတော်မူပြီးမှ လူသုံးပါး

(၃) တို့အား။ ကုသလ္လာဓမ္မာ။ အကုသလ္လာဓမ္မာ၊ အဗျာဂတာတရားကို ဟောတော်မူသည်။ ကုသလား။ အကုသလား။ ထို ၂ပါးသော်ကား၊ ကောင်းကျိုးမကောင်းကျိုးဟူလျှက်။ အစည်အားဖြင့် ညာဏ်နည်း

(၄) သူတို့။ သိလွယ်စွာ ထိုမှ မသူတော်တို့နှိုက် ဆက်ဆံချင်းမပြုသော မဇ္ဈိမပဋိပဒါ သူတော်ကောင်းလက်နက် ဖြစ်သော အဗျာဂတဓမ္မတရားတော်နှင့်အညီ။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော လုလ္လ

(၅) ကိုသာ နှလုံးသွင်းလျက် ဝေနေယအားစောင့်လေ့ရှိသော့ ရတနာပူရ အင်းဝရွှေပြည်တော်ကြီးရှင် ကြားလိုက်

သည်။ မြော်ဦးရွှေမြို့တော်ကြီးရှင် အကြည်တော်။ သတ္တဝါတို့တွင် သမာဒိဋ္ဌိမိစ္ဆာဒိဋ္ဌိ
(၆) ၂ပါးရှိ၏။ မိစ္ဆာတို့ဓလေ့မှာ သံသရာမကုန်။ စက်ဝတ်တရား မပြတ်ပြုတတ်သော အမှုများကြောင့် ဇာတိဖြစ် လျက်။ ရန်မက်မကွာ ခန္ဓါရုပ်နံ။ ဘန်တလဲလဲမြဲတတ်သော သတ္တိခိုင်နေချင်။ သမာပညာသူ
(၇) တော်ကောင်းတို့သော်ကား။ တယောက်ဘဝေစသော ဝတ်သုံးပုံကို မြင်သဖြင့် တဒင်္ဂပဟံ။ သမုစ္ဆေဒပဟံ ဝိက္ခမ္ဘနပဟံနှင့်တတ်သောတဏှာသမုဒယသစ္စာစွဲရာ။ ကုသိုလ် အကုသိုလ်ထို ၂ပါးကို ကင်စေ၍။ ကာယ
(၈) သုခကိုသာ ခံစားနေသောပုဂ္ဂိုလ်မြတ်ထံ။ သန့်ရှင်းသောပစ္စည်း။ ၄ပါးပေးလှူခဲ့ဘူးသော အကျိုးထောက်ပံ့လေ ရာ။ လောကီစည်စိမ်နေရိပ်ပမာ စည်ကိုလျက်အကောင်ထင်မှား တရားလွတ်ခြေလျှင်။ အလာအ

**(ခါ-ဝမ်း)**

(၁) ပြန်မိစ္ဆာ ညာဏ်မကင်း။ အလင်းသို့မရောဲ့။ ဝဲအောဲတွင်သာ။ လူးလာပနက်။ ကြိမ်စာရွက်သို့။ မပျက်ခန္ဓာ။ သံသရာနှိုက် မိစ္ဆာတို့အယူမြဲကြောင်း သူတော်ကောင်းဆိုခဲ့သော ကျမ်းဂန်လာသည်ကို သိ၍ရက္ခာ
(၂) ပူရတိုင်း။ မျှော်ဦးမြို့ပြည်သူတို့သည် အမျိုးဇာတ်တူ။ အယူမခြား တရားညီကြလျက် မသမာသောအမှုမပြုမလျော်ကို ကျင့်ကြံကြောင်းကြားသိရ၍ သာသနာတော် မရိမမြေး။ သင်ပြသဆုံး
(၃) မမည်လာခဲ့ရာ။ အကြည်တော်လည်း း မင်းသမာတို့တရားနှင့် မြဲမြန်စွာ သတ္တဝါအပေါင်းကိုစောင့်ထိန်း ကြောင်း အမတ်ဥဿလင်စားတင်လျှော်ချက်အတိုင်း။ သဝံစာတွင်လည်း သူတော်ကောင်း
(၄) တို့ အင်္ဂါပြည့်စုံစွာ ပါလာသည်တရားလိမ္မာ သာသနာတော်ကို သိမြင်တတ်သော မင်းချင်းဖြစ်၍ ဓမ္မသဝန စည်းဝေးပြောဆိုကြရလျှင် သာသနာတော်ပွင့်လင်း သတင်းအရှည်စည်
(၅) ထွန်မည့်အကြောင်းကို ကြားလိုက်သည်အကြည်တော်။ ။ ရာဇသံစားနှင့် ဥဿလင်စားတောင်တွင်းစားတို့ ရောက်လာ၍ စာကိုဘတ်ကြားတော်မူပြီးလျှင် နှစ်သက်တော်မူ
(၆) လျက် မင်း ၂ဦး ဘိုးခေါင်တောင်ထိပ်တွင် အတွေ့ခံတော်မူပြီးမှ နယ်ခြားရေကန်ကြီးစွာ ထိုတောင်ထိပ်နှိုက် တူးတော်မူသည်။ မင်းချင်း၊ မိဖုရားချင်း၊ တံဆာကို လဲလှယ်ဆင်ယင်တော်မူ၍ ပညာရှိစကားကို။
(၇) မင်းနှစ်ပါး နားထောင်သဖြင့် ရန်စစ်မရှိ။ အသီးသီး နေပြည်တော်သို့ ပြန်တော်မူကြသည် ၁၂။ သဇာဟာမင်း ဘထွေးတော်သံတွဲစား မင်းဗာကြီး ကောဇာသက္ကရာဇ် ၈၇၈ ခုတွင် ထီးနန်းစိုး
(၈) တော်မူလျှင်။ သာသနာတော်ရေး ညိုးနွမ်းရှိလေသည်ကိုလည်း ရှင်းလင်းတော်မူသည်။ အစုအမှုထမ်းထွေး ရှက်သိမ္မကိုလည်ရှေးအတိုင်းထားတော်မူပြီးမှ သက္ကရာဇ် ၇၇၉က။ မော်သူဇာ။

**(ခါ-ကျော)**

(၁) ဒါဂါ။ ဂုံဘီလာ။ သီလပ်။ ပဋိက္ကရာ။ ဂင်္ဂါသာဂရ။ စစ်တကောင်း။ ဂေါ်တော်ပလ္လင်။ ကံသာ။ တိလင်္ဂါ။ ဘရိသတ်။ ရောင်ပူ။ ကုလား ၁၂ မြို့ဘေးတော် စောမွန်ကြီး။ ဒီလီမင်းသို့ ပေးခဲ့သည် မြို့များကို သိမ်းတော်မူ မည်။
(၂) ကောဇာ ၈၇၉ခုတွင်။ ချီတော်မူ၍ ဥရစ်တောင်တွင် အောင်တပ်ချရာ. စီးတော်ဆင်။ ဇီဝစိုး ကညင်ပင်ကြီးကို ထို၍ ကညင်ပင်ကြီးကိုထို၍ ကညင်ပင်လည် ကြောင်နှင်ဆင်ကဲကြီးအမတ် လျှော်လာသော်။ မင်္ဂလာစကား
(၃) အမတ်ဝိမလလျှော်သည်။ ။ ကာလာဝက။ ဂဇေ်ယနှင့်၊ ပုဏ္ဏာရခေါ်။ ဆင်ဆယ်မျိုးထက်။ တန်ခိုးအလွန်။ ဆန္ဒန်ပြောင်မြောက်။ ပတ်ရပ်ညီစွာ။ လက္ခဏာကား။
(၄) သဒ္ဒါစွယ်ရောင်။ အာပေါင်စွေးစွေး။ ဘွေးဘွေးဖြူစင်၊ ငွေသွင်အလား။ စွယ်ဖျားအညီ။ လက်ယာချီ၏။ နာရီနှစ်ဘက်။ နားရွက်နားနု။ မစုမည္ဆတ်။ သရဘတ်သို့။ မပြတ်မပေါ။ နော်ရှေ့ဦးကင်း။
(၅) မစင်းမကုံး။ ကိုယ်လုံးကြော့ရှင်။ ရေဆင်ညာတင်။ လေခွင်စက်ပန်။ မချွန်မပု။ ရှစ်ခုအစွန်။ လဝန်သတံ။ မှင်ရေခံသို့။ အသံငါးနည်း။ ရေကြည်နှစ်သွယ်။ ညာဘယ်မရွေး။ အပြေးအသွား။ နဂါးဦး
(၆) ချီ။ ရာသီသုံးမည်။ ငါးတည်သုံးချက်။ မုံသက်မကြူး။ ထိပ်ဦးလည်တိုင်။ ကြန့်ခိုင်စွမ်းသန်။ ရဲမန်တည့်တည့်။ ခြေသည်းငါးချက်။ ကျော်မျက်နီလာ။ ပမာမခြား။ နှာမောင်းဖျားတွင်။ ပတ္တမြားရိပ် အရောင်ထိပ်
(၇) သို့။ အဒိပ်ငါးထွေ။ အနေလေးပါး။ အသွားငါးချက်။ မကွက်မသန်။ တောင်ကျွန်းဇမ္ဗူ။ ဆင်ဟူသမျှ။

မာနမပြိုင်။ ဦးဆိုင်မတန့်၊ ကျော်လန့်ရှောင်ပြေး။ မြသွေးနားချပ်။ မြီးခပ်ရာလု။ စက္ကူတော်မြဲ။ ပုလဲ

**(ဒီ-ဝမ်း)**

(၁) ဇိဝစိုးလျှင်။ အောင်မင်္ဂလာ။ စကြာကွန့်မြူး တပ်တော်ဦးတွင်။ ကညင်သစ်ကြီး။ ကျိုင်းထီးတမျှ။ ပမာန်ကို။ ငင်ချထိုးလှဲ။ ချိန့်သဲပဲ့တင်။ ရှစ်ခွင်တုံရိုက်။ တိုက်စက္ကဝါ။ နှံ့စွာကြော်မင်း။ မာန်သွင်းအလို။

(၂) ထိုကုလားပြည်။ မတည်ထွားညက်။ ပျက်မည်မလွဲ။ ငကွဲဆက်လာ။ ဘင်္ဂါ ၁၂။ ပုဆစ်ညွတ်တုပ်။ လက်အုပ်ရှိမြောက်။ ရွှေစက်အောက်သို့။ ပို့ရော်လာပြီ။ ဒီလီပဆာ။ ဇာတာနွှမ်းညှိုး။ ခိုကိုးမဉ်

(၃) ချည်း။ အလံလှည်း၍။ ကပ်ဆည်းဝင်လှာ။ ရတနာထွေ။ မိုးသို့စွေမျှ။ ကြက်သရေစုံ။ ရွှေဘုံရိပ်ဘွား။ ကုလားမင်းသွေး။ ဆင်းငြိမ့်လေးကို။ အရေးတော်ပန်။ ဆက်မည်မှန်သည်။ ။ လျှင်မြန်

(၄) ပြီးစီးဘုန်းနေမီး။ ။ ယင်းသို့လျှော်လေသော်၊ အောင်တပ်တွင်။ ဝိမလအမတ်ကို။ မဟာပညာကျော် အမည်နှင့်။ စစ်တကောင်းမြို့စား ပေးတော်မူသည်။ သားတော်အိမ်

(၅) ရှေ့မင်း။ ပင်လယ်ကြောင်း။ သားတော်သံတွဲစား ပဋိက္ကရားလမ်းကြောင်း။ မင်းကြီးကိုယ်တော်။ ။ ဂေါ်တော် ပလ္လင် မြို့အလယ်လမ်း ချီဖြတ်မူလေသော်။ ကုလားဒီလီမင်း စစ်ဘက်ပြိုင်၍

(၆) မနိုင်ရှိလေလျှင် ၁၂ မြို့ကို အပ်သည်။ ဒီလီမင်းသမီး ပဲသီတာကိုလည်း ဆက်၍ ဂရာသီမြို့။ ဇောခိပင်မှာ ကျော်စာစိုက်ထားခဲ့ပြီးမှ။ ပြန်တော်မူသည်။ မြို့တော်သို့ရောက်သောအခါ။ ပြည်မြို့ သိခ်သူမင်း

(၇) က။ မင်းတုန်း လမူး။ တန်လွဲ။ တောင်ကုတ်ကျေးရွာများကို။ ဖျက်ဆီး၍ လူ ၁၀၀၀ကျော်ယူသွားကြောင်းနှင့်။ လျှောက်လာသော်။ ကိုယ်ရံကြီး ဓမ္မာသောကအမတ်တော်ကို အချုပ်ခန့်တော်မူ၍။

(၈) သင်းကိုယ်တော်ရံ သူရဲ ၄၀၀၀၀။ သက် ၁၀၀၀၀။ သူရဲ ၆၀၀၀၀ကို။ သဒေချောင်ညာ။ ပြင်ကြီးလမ်း ချီစေသည်။ တိလောင်ကာ ကုလား ၅၀၀၀၀။ မှာ။ ဒါကာစား မင်းလှတင်ကို။ ပင်လယ်

**(ဒီ-ကျော)**

(၁) ကြောင်းသင်္ဘောနှင့် ပုသိန်လမ်းချီစေသည်။ သင်္ဘောပုသိန်မြို့သို့ရောက်လျှင်။ စပ်တင်ရဲလှေ။ သမ္ဗာန်များနှင့် မြစ်လုံးပြည့်မျှ ကုလားစစ်သည်တို့ ချီတက်၍ ပြည်မြို့ကို ဝိုင်းသည်။ ကိုယ်ရံကြီး

(၂) ဓမ္မာသောကလည်း သလဲတန်တွင် ချလျက် နေ၍ပြည်မြို့ကို ရံစေလေသော် ပြည်ဘုရင်မင်းခေါင် စစ်မပြိုင် ဝံ့၍ နှမ။ မင်းမြဘုန်းနှင့် ဆင် ၁၀၀။ ပြောင်းမီးပေါ်။ လက်နက်များကို။ ဆက်လာသည်။ လမူး

(၃) တောင်ကုတ်။ မင်းတုန်းများက ခေါ်ယူသမျှ လူတို့ကိုလည်း။ အကုန်အစင်အပ်လေသော်။ ကောဇာသက္ကရာဇ် ၉၀၀အတွင်း။ ကြည်းရေစစ် ၂စကိုသိမ်း၍ ကိုယ်ရံကြီး ဓမ္မာသောကပြန်ခဲ့သည်။ မြို့တော်သို့ရော်

(၄) လျှင် ပြည်မင်းနှမ။ မင်းမြဘုန်းကို။ တန်ဆောင်မိဘုရား ထားတော်မူသည်။ ၁၃။ မင်းဗာကြီး သားတော်။ မင်းဘလောင်ကြီး ကောဇာ ၉၀၅ ခုတွင် ထီးနန်းကို စိုးတော်မူလျှင်။ တောင်ငူမင်း။ ကပင်ရွှေ

(၅) ထီးသက္ကရာဇ် ၉၀၉ တွင် ချီလာ၍ လောင်းကြက်မြို့ဟောင်းမှာ၊ ချနေပြီးမှ။ မြို့ကို ၉ကြိမ်တိုက်သော်လည်း သူရဲဗိုလ်ခြေမှူးမတ် ညီညာသဖြင့်။ ခုခံ၍ ပြောင်းမီးပေါ်ပြစ်ခတ်လေရာ။ အသေအ

(၆) ပျက်များလေသော်။ တပင်ရွှေထီး အမတ်ကျော်ထင်နော်ရထာ အပြန်တွင်လည်း ။ တပင်ရွှေထီးတပ်သို့ အမတ်မဟာပညာကျော်ကို ထည့်တော်မူသည်။ တပင်ရွှေ

(၇) ထီးမင်းထံ။ မဟာပညာကျော် အကျိုးအပြစ် နှင့်လျှောက်ထားလေရာ။ တောင်ငူမင်းလည်း ကြိုက်တော်မူ သည်၊ နော်တရပ် ကျော်ထင်နော်ရထာ အမတ်ဝင်လာပြန်၍ ဆင်တစီး။ မြင်း ၂စီး။ မင်းစီတန်ဆာအစုံနှင့်ဆက် လျှင်

(၈) ပြည်ရှင်မင်းက စပါးတသိန်း ငါးသောင်ပေးတော်မူသည်။ တောင်ငူမင်းတရားက တရားနာ၍ အလှူပေးလို ကြောင်းနှင့် ပြောဆိုလာသော်။ ဇိနမာန်အောင် သက္ကူမညွှ။ စန္ဒာရာမ။ မဏိသုရာမ။ ရတနာမညွှ။ ဆရာတော်

**(ဒီ-ဝမ်း)**

(၁) ငါးပါးနှင့် သင်္ကန်းတော် ၁၀၀ကို ပင့်၍ အလှူတော် တောင်ငူမင်းတရား ရွှေထီးပေးပြီးလျှင် ထိုသက္ကရာဇ်

အတွင်း ပြန်တော်မူလေသည်။ ကောဇာ၉၁၅ခု ရောက်သောအခါ ဘကိုး မင်းကျော်ထင်နော်ရထာက သားတော် သစ္စာနှင့် မင်းအလောင်းကြီး

(၂) သမီးတော်မြတ် ရှင်စိုကို ပေးမြားလိုကြောင်း စကားတောင်စားကို တမန်စေ၍ ရောက်လာသော်။ သမီးတော် ဇာတာတော် စကြဝတေး ပုဏ္ဏားတော်ကို ထည့်တော်မူ၍ စကားတောင်စားကို ပြန်စေသည်။ သမီးတော်လည်း ကျော်

(၃) ဝေဒနာကပ်ရောက်၍ နတ်ရွာလွန်တော်မူသည်။ ကောဇာ ၉၂၄ခုတွင် ဘထွေးတော် သံတွဲစား ဘကိုးမင်း ဘကိုးမင်း ကျော်ထင်နော်ရထာသို့ ဝင်လေသော် ဘကိုးမင်းက တူမတော်နှင့် ပေးမြားတော်မူ၍ ဓမ္မာသောက အမည်နှင့်ထားတော်

(၄) မူလေသည်။ မင်းဘလောင်ကြီး နတ်ရွာစံတော်မူလျှင်၊ ၁၅သားတော်အိမ်ရှေ့မင်းရာဇာကြီး သက္ကရာဇ် ၉၃၅ခုတွင် နန်းတက်တော်မူ၍ သက္ကရာဇ် ၉၅၀ ရောက်သောအခါ မေးတော်မူသော ရှေးအကြောင်းတော်များကို ကိုယ်ရုံကြီး

(၅) အမတ်တော် မဟာဇေယသိန် သွင်ဆက်သည်စာတမ်းရာဇဝင်ကြီး တွက်လျှင်တည်း။ ၁၃ပိုင်းအချုပ်ပြီး၏။ ။ သက္ကရာဇ် ၉၃၇ခုတွင်။ ညီတော်စောလှကို စစ်တကောင်းမြို့စား ပေးတော်မူလေသည်။ တနှစ်

(၆) ရှိလျှင် ကုလားဘင်္ဂါ ၁၂မြို့။ သက်ကောင်လှဖြူ မြို့လင်ကဲတို့နှင့် ပူပေါင်၍ သောင်ကျန်လေသော် သက္ကရာဇ် ၉၃၈ ခုတွင် ပြည်ရှင်မင်းကိုယ်တိုင်ချီတော်မူလေသောအခါ။ ညီတော် စစ်တကောင်းစား စောလှစစ်

(၇) မပြိုင်ဝံ့၍ဝင်လာသည်။ စစ်တကောင်းမြို့က ချီသွားလေ၍ ဒါကာမြို့သို့ ရောက်သောကာလ သင်တို့မြို့ရွာသည် အကြိမ်များစွာ ဆိုးသွမ်းသူဖြစ်သည်။ ကုလားအကြီးဒေဝန်နပတ်တို့ သစ္စာတော်ကိုမစောင့်။

(၈) အမျက်တော်ဝင်၍ ဒေဝန်နဝတ်တာနာလူပေါင်းတရာကို တဆာသိမ်းပြီးမှ။ မော်လိုက်အစို့မှာဖြေလေသည်။ ။ စစ်တကောင်းမြို့ကိုလည်း ခမည်းတော်နည်း။ အမတ်မဟာပညာကျော်ကို ပေးမြဲပေးတော်

**(ခီ-ကျော)**

(၁) မူလေ၍။ ပညာကျော်သား ကျီးညိုကို ရောင်ပူမြို့စားပေးတော်မူပြီးမှာ သားတော်ဒီခကို မော်သူဇာတွင် ချုပ်အုပ် ကုလား ၁၂မြို့အပ်၍ ထားတော်မူခဲ့သည်။ ထိုသို့အသီးသီး ခန့်ထားတော်မူပြီးလျှင် သက္ကရာဇ်

(၂) ၉၃၈ခု။ တပို့တွဲလ ပြန်တော်မူခဲ့သည်။ ယင်းသည်နော်။ တောင်ငူမင်းက အထူထူသော လက်ဆောင်ရွှေပေများနှင့် ကြည်တောင်စား။ ကသာစားတို့နှစ်ယော်ကို စေလွှတ်၍ ရောက်လာသော်။ ရွှေပေစာများတွင်ပါသည်

(၃) ကား။ ဘကိုးမြို့ကို ကူညီတိုက်ယူ၍ပေးတော်မူပါ။ ဘကိုးမြို့ကို ရလျှင်။ သမီးကညာ ဆင်ဖြူရတနာကို ဆက်သပါမည်။ ယင်းသို့စာတွင်ပါလာသည်ကို ကြားသိတော်မူလျှင်။ ပြည်ရှင်မင်လည် ချီတော်မူမည်။အ

(၄) နော်မျက်နှာ ဘင်္ဂါ ၁၂မြို့။ သက်မင်ကောင်လှဖြူ။ လင်ကဲမြို့တို့၊ မြို့စား ရွာစား ကျေးစားတို့ကို ရဲမက်လက်နက် အစုံနှင့်ပင်လယ်ကြောင်မှာ ကုလားမြို့ ၁၁၂မြို့။ သဘော်နှင့် အသင့်ရောက်စေ။ သက်။ မြုံ။မြို့။ လင်

(၅) ကဲတို့မှာလည်ကြည်ကြောင်း မျိုးရိက္ခာလက်နက်အစုံ။ မြို့စားတို့က ကြီးကြပ်ခန့်ထား၍ရောက်စေ။ မြို့ရွာမှာလည်း။ တတ်သိလိမ္မာသူတို့ကို အစောင့်အနေထားခဲ့စေ။ အသီအသီအမိန့်တော်မြတ် ပြန်

(၆) ဆို၍ချီတော်မူမည်။ စနည်းနာစေရာ။ အညွှနနဒီလေးမြို့မြစ်တွင် လူငယ်တို့လှေလှော်၍ ဆိုကြသောတံရင်းသံမှာ။ ဆင်ဖြူတင်ကြိုးထိဖြူမိုး၍ ဘကိုးဘရင် ငါတို့ရှင်ထံ ဝင်လိမ့်မည်။ ထိုသူငယ်တို့ အချင်းတရင်းသံအ

(၇) လိုကို အမတ်မဟာပညာကျော် လျှော်သည်ထုံးသော်ကား။ ။ အရှင်မင်းမြတ်။ ကျမ်းဂန်တွင်လည်း။ မိတ်ဆွေဝင်သော မင်းတို့နိုက်အရေးအကြောင်းဆိုက်သော်။ ကူညီသင့်ကြောင်းကို ထုံးဟောင်းရှိပါ

(၈) သည်။ ယခုအကြည်တော် တောင်ငူမင်းက ပေးလိုက်သောရွှေပေတွင်။ အရှည်ထွန်လင်ရာသောအကြောင်းဖြစ်ပါသည်။ သူငယ်တို့ဆိုသောတရင်းအလို။ အမှုလွယ်ကာပြီးကုန်ပါမည်လျှော်ထားလေသော်၊၊

**(ခု-ဝမ်း)**

(၁) ချီတော်မူမည် တပ်စည် အစီအရင်ခန့်ရန်တော်မူသည်ကား။ လက်ဝဲသင်း ကိုယ်တော်ရံ ၂၀၀၀၀မှာ ။ အမတ်ကုလား။ တန်စားစောနုတဗိုလ် အမတ်မင်းတုံစား ရဲအောင်နိုင်တဗိုလ်။ လက်ယာသင်ကိုယ်တော်ရံ။ ၂၀၀၀၀မှာ

(၂) အမတ်တရွေစား ကာညမဏိတဗိုလ်။ အမတ်မြို့ချောင်းစားတဗိုလ်။ ကမံလေကိုင်သူရဲ ၁၀၀၀၀မှာ တောင်ကုဝမ်စားရန်မျိုးအောင်တဗိုလ်၊ ထားကိုင်လှံစွဲသူရဲ ၁၀၀၀၀မှာ။ အမတ်သံတောင်စား တုံညိုတဗိုလ်။ ကာ

(၃) စွဲဒိုင်ကိုင်သူရဲ ၁၀၀၀၀မှာ၊ အမတ်အန်စားတုရင်သူတဗိုလ်။ သက်သူရဲ ၃၀၀၀၀မှာ။ သက်မင်ကောင်လှဖြူ မှူမတ်နှင့် သက်မင်ကို အစုစုသူရဲတသိန်တို့ကို အမတ်တော်ကိုယ်ရံကြီး ဓမ္မာသောက အချုပ်တပ်

(၄) ဦးချီရသည်။ မော်သူဇာဘဂ်ါ ကုလား ၁၂မြို့က။ ကုလားသူရဲ ၅၀၀၀၀မှာ၊ အမတ်တော်ဆင်ကဲကြီးမနုဟာ အချုပ်သဘော် ၃၀၀နှင့် အသျှူကျွန်မော်စံဝကအမတ်ကြီး ဩ၂ရပ်၍ ကျွန်တိုင်မြစ်ပေါ်

(၅) စောင်နေရသည်။ ပြည်ရှင်မင်းကြီတပ်တော်မှာ။ လက်ဝဲသင် ကိုယ်တော်ရံ ၃၀၀၀၀။ လက်ယာသင်ကိုယ်တော် ရံ ၃၀၀၀၀။ ဒိုင်နက်သူရဲ ၁၀၀၀၀၊ သက်သူရဲပေါင် ၅၀၀၀၀နှင့်။ သားတော်အိမ်ရှေ့မင်းခမောင်နှင့်

(၇) စည်တန်စား ဥဂါပျံကို သံဒီချောင်ပြင်ကြီးလမ်း ပြည်မြို့သို့ ချီစေသည်။ ပြည်ရှင်မင်းလည်း သက္ကရာဇ် ၉၆၀ တန်ဆောင်မုန်းလွှာန်း ၁၁ရက်နေ့ ချီတော်မူသည်။ အမတ်ကိုယ်ရံကြီးတပ်။ မုတ္တမသို့ဆိုက်ရော်လေရာ

(၈) မုတ္တမမြို့ အရှေ့ကျွန်ကြီးမြို့တွင် လက်ဝဲသင်ကိုယ်တော်ရံ သူရဲ ၁၀၀၀၀နှင့် ကုလားတန်စား စောနုကို တပ်နှင့်ထားလေသည်။ ချုန်ချုန်ကြမှာ လက်ယာသင်ကိုယ်တော်ရံသူရဲ ၁၀၀၀၀နှင့် တရွှောစာကိုတပ်

**(ခု-ကျော)**

(၁) နှင့်ထားလေသည်။ လက်ယာသင် ကိုယ်တော်ရံသူရဲ ၁၀၀၀၀နှင့်။ မြို့သစ်စား ဗလတင်ကို အလံကယ်ချောင် တွင် တတ်နှင့်ထားလေသည်။ အောင်ဆိပ်တွင် သူရဲ ၁၀၀၀၀နှင့် သံတောင်စား တုံညိုကိုတပ်နှင့်ထား။

(၂) လေသည်။ မုတ္တမမြို့ အရှေ့မြော်ဟောင်သရေကာမြစ်ညာလမ်း မြဝတီမြို့ကသည် ကမော်ကလို့တောင်ထိ။ သက်မင်းကောင်လှဖြူကို သူရဲ ၃၀၀၀၀နှင့်အဖြီးအခိုင်ထားလေသည်။ သားတော်အိမ်ရှေ့မင်း

(၃) လည်း သံလျင်မြို့ကို လုပ်ကြံ၍ရလျှင်။ သံလျင်တွင် စွဲရပ်နေတော်မူသည်။ ပြည်ရှင်မင်း ရာဇာကြီးကိုယ်တော် လည်း။ ကောဇာသက္ကရာဇ် ၉၆၀။ တန်ဆောင်မုန်းလဆန်း ၇ရက်နေ့။ လောင်းကြက်မြို့ဟောင်ကို

(၄) အောင်တပ်ထွက်စံတော်မူရာ။ တပ်တော်နောက် ဆင်ရုံကို မိုးကြိုးပြစ်သည်။ တပ်တော်လက်ဝဲက။ အိမ်ကို မီးလောင်သည်အကြောင်းနှင့် အမတ်ပြည်စိုးကြီး ရှိခိုးသံတော်ဦးတင်လာသည်။

(၅) ကာလ။ လောကီဝိဇ္ဇာမယနည်းဖြင့် ရှေးရသေ့တို့ စီရင်ထားခဲ့သည် သေနင်္ဂပြူဟာကျမ်းထွက်အတိုင်း နော် နောင်အစည်မှတ်သားဘွယ်အမတ်ကြီး မဟာပညာကျော်သားအတွင်းမှူး

(၆) ကျီးညိုလျှော်သော စာရှစ်မိုက်ကား။ ။ တရာတစင်။ ပြည်ထောင်ချင်လျင်။ မှန်ကင်စိုက်ထောင်။ ဘုန်ရောင်မြန် လွှား။ ကိုယ်တော်ပွားမူ။ အပါးအဝေး။ စားကျေးမြို့ရွာ၊ အရာနိမ့်မြင့်။ မင်းခွင့်ပေး

(၇) အပ်။ စစ်ကွပ်စစ်မှူး။ ကျေးဇူးသိစွာ။ မတ်လိမ္မာတို့။ ပညာစွယ်စုံ။ ဗိုလ်ပုံများဖြင့်။ မြင်ဆင်ရထား။ လေးပါး စေ့စပ်၊ စစ်ရပ်စစ်ထွက်။ ချိန်းချက်အခါ။ မှတ်သားရာသည်။ စည်လာထုံဟောင်း။ နိမ်တ်

(၈) ကောင်းနှင့်။ လုံပေါင်ရစ်ထွေ။ ပင်ကူမေးသို့။ အရေးပြလာ။ တိတ်ဘီလာကား။ ဒေဝါနတ်မျိုး မိုးကြိုးနှင့်မီး။ ပိတ်ဆီးရှေ့တွင်။ တူရှုမြင်သော်။ မရွှင်စစ်စ။ အရိဋ္ဌတိတ်။ ဆိုပိတ်လေးပြီး။ စစ်ချီဗိုလ်

**(ခူ-ဝမ်း)**

(၁) မှူး။ ရန်စူးများထု၊ သုလူလက်သို့၊ ရော်တိုလေရာ။ စည်လည်နာအုံ။ လက်ယာကပင်။ ထိုနည်းပြင်မူ။ တကျင် မည်ရ။ ဂဇအသ။ နာမတိတ်ဆို။ အကြိုးမထင်။ စီးဆင်ပြောင်ကောင်။ ထောင်ထောင်ကြေ

(၂) ညက်။ သုလက်ရော်တတ်။ ကောင်းမြတ်လွန်ကဲ။ တပ်လက်ဝဲက။ ချိပ်သဲပစ်ချိုး၊ မိုးကြိုးမီးပျံ။ အလျှံတော်ထိန်၊ ယက္ခဝိန္ဒ။ မည်ရခေါ် ဟိတ်။ ပြသည်တိတ်ကား။ ကိစ္စမှုဆောင်။ ကြံတိုင်အောင်

(၃) ၍၊ ရန်မှောင်ပျော်ပြေ။ ဗိုလ်ခြေသူရဲ။ စစ်ပွဲသာယာ။ ရွှင်လန်းစွာတည်။ ချမ်းသာမြင့်မြော်။ တပ်နော်တခွင်။ အထင်အရှား။ လွှားလွှားလျှံမော်။ မီးတောက်မိုးကြိုး။ တက်တိုးမြင့်မြတ်။ နဝရတ်ရောင်။ ပြောင်

(၄) ပြောင်ထွန်းပ။ သကလတိတ်။ ပြသည်ဟိတ်ကား။ ရန်မြိတ်ညွတ်ရုံး တိုင်းလုံပြည်ရှင်၊ ခိုလာဝင်၍။ မြင်ဆင်ရတနာ။ ကညာဆက်ရော်။ ဘုန်းတန်တော်သည်။ ။ ရှေ့နော်မှတ်ရာတိတ်

(၅) ထုံးတည်။ ၁။ တနည်းသြပါ။ နိမိတ်လာကား။ အခါနာရီ။ သင်ညီလျှော်ပတ်။ စစ်ဝတ်တန်ဆာ။ တင်ရာလျှံညီ။ ဆင်စီးမြင်နှင့်။ ထွက်ဝင်မစောင့်။ ဗိုလ်ပေါင်စစ်သည်။ အရည်အသွား။

(၆) အထားအနေ။ သိစေတချက်။ စစ်ထွက်အခါ။ မင်္ဂလာစကား။ နံသင်သားကို။ ရှေ့ဖျားရန်ခံ။ ရဲလံကိုင်မြဲ။ လက်ဝဲလက်ယာ။ ငြိမ်စွာဖြောင့်တန်။ မယွန်မထောင့်။ မအောင့်ညီညာ။ ချီရာအရပ်။ အောင်တပ်

(၇) တတည်။ အောင်စည်ညံညံ။ အောင်ပွဲခံ၍၊ ရဲလံရှေ့ညွတ်။ လဲတုံလတ်မူ။ ရန်သူတိုင်ခန်။ ထီးနန်းပြည်ရှင်၊ မရွှင်နွမ်းရိုး၊ ခန္ဓါညှိုးလိမ့်။ စစ်ထိုပြိုင်လွှား။ တိုင်တခြားက။ ထိပါးလေစွာ။ ပျက်နှင့်ရာဇ်။ ရှေ့မှာ

(၈) ထုံစံ။ ရလံနော်သို့။ လဲတို့ပြန်လါ။ မသာဥပါတ်။ အမတ်နှင့်မင်။ စည်စိမ်ကင်လိပ်။ တရင်းတမျိုး။ ရဲလံကြိုသော်။ စစ်ထိုးမသင့်။ အခွင့်မသာ။ ပျက်တတ်ရှာ၏။ အာဏာစိုးသီ။ စစ်သူကြီးတွင်။ စီးမြင်း

**(ခူ-ကျော)**

(၁) စီးဆင်။ မရွှင်အသံ။ ပြင်းစွာညံမူ။ စစ်ခံစစ်တက်။ ကိုယ်ကပျက်ဘွယ်။ အန္တရာယ်ရှိ။ လက်နက်ထိ၏။ ကြီးဘိစစ်အင်။ မြင်းဆင်မြူးလတ်။ လှည့်ပတ်ကန်ကျော်။ ထိုးပေါ်နင်းချိုး။ တက်တိုးကြွက်သရေ။ ချီလေ

(၂) လွယ်ကူ။ ရန်သူကြော်ချီး။ ထုံးသေနင်္ဂ။ စစ်ပွဲလှ၏။ ဌာဝရကြိန်။ မထိန်မရိုင်။ မြင်မှိုရ်ခိုင်သို့၊ မဏ္ဍိုင်အချက်။ ရှေးထုံးထွက်သည်၊ ။ လက်နက်ဗိုလ်ခြေမပြုံးတည်း။ ၂။ တကြောင်းမှတ်ဘွယ်။ သိ

(၃) လွယ်စိမ့်ငှါ။ ရှေးထုံးလာကား။ ရန္တယာတတ်။ ခါမြတ်သင်ညီ။ နာရီရော်လာ။ မင်္ဂလာပုဏ္ဏား။ ရှစ်ပါးတင်တင်၊ ခရုသင်နှင့်။ နန်းတွင်းဒွါရ။ တံခါးမပြင်။ ပဍ္ဍင်ချိန့်သဲ။ လက်ဝဲလက်ယာ။ မဏ္ဍပ်မှာလည်း။ ညီစွာ

(၄) နှစ်ခု။ ဗိုလ်ထုသီးသီး။ စစ်သူကြီးကား။ ခရီးဖြောင့်စွာ။ ဆင်မှာဆင်လိုက်။ မြင်းနှိုက်ထိုနည်း။ အုပ်စည်ငြိမ်သံက်။ ရှေးဆက်နော်မှီ။ အညီအညွတ်။ စစ်ဝတ်တန်ဆာ နီဝါဆင်ပြီး။ ဆင်စီးရထား။ နိုင်

(၅) ထားခါးချပ်၊ စေ့စပ်ဗိုလ်ခြေ။ ချီသွားစေလော့။ မသေမချာ။ ရှေ့မှာမကျွမ်း။ ထုံးတမ်းမလိုက်။ ဇရိုက်ဘာသာ။ ချီလေရာနှိုက်။ ဘယ်ညာသူရဲ။ ပိုင်းပြတ်ကွဲမူ။ စစ်ပွဲမအောင်။ ဘောင်အောင်

(၆) မျက်ခြေ။ ပြေးရလေ၏။ မှတ်ပေအပြီး။ စစ်သူကြီး၏။ ဆောင်ထီးလည်ကောင်။ ဥပေါင်းကိုယ်ရုံ။ ဝတ်လုံသင်းကျစ်။ ခါးသစ်ရင်တား။ ထည်လိပ်များကို။ ထားရာသုံရာ၊ အာကာရစ်ခွေ လေပွေ

(၇) ဆောင်ယူ။ ရန်သူမပြိုင်။ စစ်မဆိုင်ပဲ။ ကျော်သဲရွှင်လန် အောင်ပန်လည်ဆင်။ တိုင်ခွင်နှစ်ပြည်။ အရှည်မိတ်ဝင်၊ ရန်မျိုးစင်၏။ ထိုပြင်တသီး။ စစ်သူကြီးတွင် အထင်အရှား။ ဘလားလက်ကော် ခွက်

(၈) ရော်လင်ပန်။ ထူးဆန်းဖြိုပြောင်။ အဆောင်အထည်။ ကွဲသည်ပျော်ဆုံး။ စစ်လည်းရှုံး၍။ နှစ်လုံးမသာ။ အိမ်မှာမီးလောင်။ မရှောင်နိုင်ညား။ သူတပါးနှင့်။ မယားဘော်ပြန်။ ရှေးညွန်အလာ။ ခန္ဓါယွင်း

**(ခေ-ဝမ်း)**

(၁) ကွက်။ နှောက်ယှက်ခိုးသူ။ ငြူစူလေရာ။ တနည်းမှာလျှင်။ မြင်ဆင်ကစ။ ကိုယ်မှတသွယ်။ ဘယ်လယ်လိမ်စောင်။ လည်းလျောင်မသင်။ ဖြစ်သဖြင့်ကား။ အခွင့်မလှ။ စစ်ကမပြန်။ သေမည်မှန်၏။ တသွန်ထိုခါ

(၂) မိုးကြီးရွာသော် ဗိုလ်ပါမွတ်ရှား။ နာဖျားသေပျက်၊ စစ်လည်းကွက်လိမ့်။ လက်ယာဘက်တွင် သူသေမြင်မူ။ ဆင်ချင်လေရှောင်။ သူရဲကောင်းတို့ တိန်စောင်ရောရှက်။ ရန်သူလက်သို့ရော်တိုလေမြဲ။ လက်ဝဲ

(၃) သူသေ။ ပြလာနေမူ။ ရန်သူစစ်သည်။ မတည်မရပ်၊ မကပ်နိုင်ရာ။ ချမ်းသာအောင်မြင်။ စစ်ဆင်အကြီး။ ထုံးမှီးဘွေရှာ။ တတ်သူသာလျှင်။ ပြည်ရှင်ရွှေးကော်။ လက်ထော်ကိုယ်ကွဲ။ စစ်ပွဲအအုပ်။ ဗိုလ်ချုပ်ခန့်မြဲ။

(၄) သူရဲမပျို၊ ရန်ကိုအောင်ချင်။ အခင်ခင်ကို။ မျှော်တင်းထော်ဆ။ သိတတ်မှသာ။ ဘေးလွတ်ရာသည်။ ။ အာဏာမကြုံမချုံးတည်း။ ၃။ တခန်တပုံ။ လုံးစုံမြော်မြင်၊ ပညာရှင်တို့။ သိမြင်

(၅) အပ်ရာ။ ဗိုလ်မိုက်စွာကား။ လိပ္ပါမလုံ။ တဟုံသာပေ။ ဗိုလ်ခြေလည်ညို။ ဆင်ကန်တိုးသို့။ အကြိုးသာယုတ်။ သုတ်သုတ်လည်ပြေ။ အတွေအထင်။ အမြင်လိမ္မာ၊ မတ်သေနာကား။ မင်္ဂလာ

(၆) အောင်မြေ။ အနေသင်ခါ။ ဗိုလ်ပါဆင်မြင်း။ သိမ်သွင်စည်းကြပ်၊ အရပ်အခွါ။ သင့်ရာစေ့စပ်။ ခံတပ်နှစ်ကွဲ။ လက်ဝဲလက်ယာ။ ဘီလာတသွယ်။ လက်စွယ်စ်စတော်။ ရှေ့နော်သုလူ။ ရည်တူလုပ်ကြ။ စစ်

(၈) မျက်နှာမလှ။ စစ်စမရှင်။ ယင်သို့မြင်မူ။ ပမ်ပင်ဆေကြေ။ မများစေရာ။ အပ်စည်ခွာ၍။ မြေတာအဝေး။ အပြေလွန်မူ။ ဗိုလ်မူကွဲချမ်း။ ဘယမ်းဗတာ။ အာဏာမခြုံ။ စစ်လည်းကြုံအံ့။ တဟုန်တည်

**(ခေ-ကျော)**

(၁) လျှက်။ ကိုယ်ရဲမက်တို့။ ဖြစ်ဖျက်နင်းချိုး။ သူကညိုသော်၊ ခိုတိုးမသင့်။ အခွင့်ပိုင်ဗိုလ်။ ရန်ကိုတိုက်ရိုက်။ ဦးတိုက်ဝင်လေ။ သူစံစ်သေ၏။ သပြေတခန်။ ထီးနန်းမြို့ရွာ။ အချာသနင်။ ပြည်ရှင်မင်းတို့။ သန်

(၂) ညိုမှော်မှား။ မတရားလျှင်။ ယောကျာ်းမိန်းမ။ ဇာဂကျင်ဆိုး။ ရန်မျိုးထောင်ထောင်။ သူလျှောင်ပွမ်းပွမ်း။ လူသွမ်လွှားလွှား။ စကားကျမ်ချုတ်။ နှုတ်မင်္ဂလာ။ ရသာမရှိ။ ဂတိမဖြော်င့်။ တိုင်းပြည်အောင်

(၃) သည်။ ။ထိုကြောင့် ပြည်သူမလုံတည်။ ထိုမှတသွယ်။ သိဘွယ်အပ်ရာ။ ရှေးထုံးလာကား။ ရာဇာပဝရ။ စသည်နွယ်ရိုး။ မင်းမျိုးတကာ။ ကရိယာစု။ ဆယ်ငါးခုကို။ ဇမ္ဗူသခင်။ ရွှေနားတင်လော့

(၄) ဆင်တင်မြင်တက်။ အိပ်စက်မအပ်။ သုရပ်တိုင်းပြည်။ ကွေလည်စေသူ။ လိုတူရော်လာ။ ပစ္စာလွတ်ကင်။ ရွှေနန်းတွင်းဝယ်။ စံမွါယ်ခံမြ။ ရှောင်လွှဲတခြား။ ဆောင်တပါးတွင်။ ယွင်း

(၅) မှားအိပ်နေ။ မပြုလေရာ။ အရသာကို။ စားခါလစ်ဟင်။ ခံတွင်တော်က။ မကျရခြေ။ မနေမလျော်။ ဝတ်လဲတော်ကို။ အပေါ်တစောင်။ ဥကွှောင်းတော်တွင်။ မတင်မအပ်။ မီးရပ်

(၆) မိန်းမ။ သုကာလပြီ။ ရာသီအရော်။ ထို ၂ယော်ကို၊ ရှေ့မှော်အပါ။ မတားစေသင့်။ အခွင့်ကြီးငယ်။ ခိုင်ဘွယ်သမူ၊ အနုအရင်၊ ချိန်သင့်ဆိုတတ်။ တည်မတ်သည်ပင်၊ ထွက်ဝင်စကား။ မမှားစကောင်း၊

(၇) အလောင်းအစား။ ပျော်ပါးမြူးရွှင်၊ သဘင်အိတ်သွန်။ မလွန်စေကောင်း၊ ရှေးထုံးဟောင်းကို တိမ်စောင်ပျော်ပျက်။ ရက်စက်ရုံကြမ်၊ မသွမ်စေရာ။ ရတနာတက်တိုး။ မင်ကြိုးပြည်ရောင်။ ဆောင်နှိုင်

(၈) သူအား။ မမှားစအပ်။ ဘိနပ်မစီး။ ခရီးလမ်းတွင်။ မြေအပြင်ဝယ်၊ ခြေရင်တပါး။ မသွားအပ်လေ။ တထွေမှတ်သား။ အစားအစာ။ ကောင်းစွာချက်ပြုတ်။ အဘုတ်အကျော်၊ ဆက်လာသော်လည်း

**(ခဲ-ဝမ်း)**

(၁) ကိုယ်တော်ထိပါး။ မစားအပ်ကောင်း။ နွံပြောင်ပတ်ရစ်။ မိတ်ချစ်တူရာ။ အိမ်သာအဝင်။ သန့်စင်တရေး။ ဟစ်ကျွေးခံလွှား။ ကစားအမူ၊ မပြုရှောင်ခွါ။ သတ္တဝါတွင်။ ယုတ်စွာမိုက်ဆို။ ဆိပ်မျိုကြိုရှိ၊ ထိထိ

(၂) ခိုက်ခိုက်။ လိုလိုကအနော၊ အရောအဝင်၊ ပြည်ရှင်တကာ။ မပြုရာတည်း။ ပည္စာဒသ။ ရာဇဥပါတ်။ ပြစ်လွတ်ကင်းရှောင်။ အရောင်မညိုး။ တန်ခိုးလည်ပွင့်။ ဘုန်းတန်းမြင့်သည်။ ။ ခြီးပင့်နောင်လာ

(၃) မဆုံးတည်း။ ၅။ ပြည်ကြီးအချာ။ ဧကရာတို့။ သမာတရား။ ရှစ်ပါးအံ့ဘွယ်။ မင်ဝယ်ကြင်အပ်။ ပညပ်ကျမ်လာ။ ပညာအမြင်။ ဆင်ချင်ရှေ့နော်။ မကော်မယွန်း။ ဖြောင့်တန်သိတတ်။ တည်မတ်အ

(၄) ယူ။ ရိပ်ဖြူဖြန်လွှား။ တိုင်းတပါးနှင့်။ စကားပိတ်ဝင်။ ချင်ခင်များစေ။ ကျမ်ဂန်ဘွေ၍ ဗေဒင်ဟူးရာ။ နေသွားလကြယ်။ ဥပါတ်မကောင်း။ တိမ်စောင်ပျော်ပြေ။ ရှစ်ထွေအင်္ဂါ။ စုံစွာဖြည့်ဖြိုး

(၅) မှူးရိုးမတ်မွန်။ ကဲလွန်သုတက်။ လှက်အပေါင် ဆင်ကောင်မြင်ကျော်။ ထင်ပေါ်တချက်။ ရမက်လောဘ။ ဒေါသမထူ။ ပြည်သူလုပ်ခွန်။ မှန်ကန်ဖြည်ညှင်။ ရွှေနန်းတွင်နှိုက်။ မင်း

(၆) မိဘုရား။ မင်းသားမင်းဆွေ။ များစေသောင်သောင်။ လူအပေါင်းနှိုက်။ အကြောင်းရှိလှာ။ မင်းအာဏာနှင့်။ တံရာလွတ်သင့်။ နိမ့်မြင့်အပြစ်။ စိစစ်တော်မူ။ မည်သူမည်ဝါ။ စာနာမထော်။ ဒါန်ရော်ဒါန်ပေး။

(၇) အရေးမဟူ။ ပြင်သူကိုသား။ မခြားစအပ်။ လစ်လပ်မဟင်။ မင်အခင်ကို။ မြော်တင်စုံစေ့။ မင်ဓလေ့ဖြင့်။ မမေ့မလျော့။ မပေါ့မပြုံး။ မင်းလက်သုံးသည်။ ။ ရှေးထုံးသက်သေစုရုံးတည်း။

(၈) ထိုမှတခင်။ မင်တို့ကြည်ရာ။ မိစ္ဆာနှလုံး။ မသုံးစကောင်း။ မတောင်တအပ်။ သုံးရပ်အင်္ဂါရှေးအမှာကား။

မြို့ရွာတိုင်ခန်း။ သုနန်သုပြည်။ လက်ရုံးရည်ဖြင့်။ ကြံစည်မှောက်မှား။ တရားမရ။ အဓမ္မလျှင်

**(ခဲ-ကျော)**

(၁) လောကသနင်း။ မင်းကောင်းဓမ္မတာ။ မပြုရာတည်း။ ဘေ့ရှာဆေးဝါး၊ မန္တရားနှင့်။ တိုးပွားမန်ဟုံ၊ မေစုံကြိမ်ဘန်၊ မလွန်စကောင်း။ တကြောင်မှတ်ရာ။ သတ္တဝါကို။ မြိန်စွာသုသား။ စားစလိုချင်။

(၂) မခင်တောင်တ။ မရှိရတည်။ ရာဇတံထွာ။ တထုံးလာကား။ နရာယန။ ဒေဝစောတီး။ ရှင်မင်းဦး ရှေးမှီးပုံစံ။ နည်းနာခံလေ့။ ခြွေရံမလျော်။ ကိုယ်တော်နှီးကပ်။ မသုံးအပ်သည်။ ဂဗ္ဘ

(၃) မိဝမ်း။ ရုံကြမ်းဘွားလာ။ အင်္ဂါမစုံ။ မလုံ့ကာယ။ ပြင်းပြဝေဒနာ။ ရောဂါရှိသူ။ အနူတမျိုး။ တီးတိုးလန့်ဖြတ်။ ကြောံတတ်သသူ။ လူအလဇ္ဇီ။ တလီပျက်ချော်။ သရော်ဟေရမ်။ လူသွမ်း

(၄) တဦး။ ကျေးဇူးကုန်ပြန်။ အရွယ်လွန်ပြီး။ သက်ကြီးထိုင်းမှိုင်း။ ထုံးပိုင်းမကျွမ်း။ လူကမ်းအနှယ်။ သူငယ်တယော်။ သေသော်ကြူမျိုး။ မယားခိုတတ်။ ပယ်ဖြတ်ကင်ရှောင်။ က

(၅) တောင်ချော်ခြား။ မင်းပါမသင့်။ အခွင့်မလှ။ လူအဌသည်။ ။ မင်ကမစေ မသုံတည်း။၇။ မင်းရေးမင်းရာ။ လိမ္မာသဖြင့်။ ဆိုသင့်ဆိုနည်း။ ကမ္ပည်းသံပိုင်။ အလှိုင်

(၆) တကြီး။ စည်မှီးချိုသာ။ လက်ာတရပ်။ တော်ပညပ်အံ့။ စစ်ကွပ်စစ်မှုး။ ထူးဝိသေသ။ မြို့ပြကျေးရွာ။ ကြီးစွာမင်ခွင်၊ မပေးသင့်သည်။ နိမ့်မြင့်ပိုင်းခြား။ မှတ်သားစေ့စေ့။ ရသေ့ရဟန်း

(၇) မန်ကျန်ထောင်လွှား။ ပုဏ္ဏားတတည်။ မကြည်လွန်ကြူး။ အရူးတယော်။ ဉစော်အလာ။ စကားပြုယ်။ လူငယ်လည်ကောင်။ တကြောင်းတမူ။ ညူစူမာရာ။ လွန်စွာမိန်မ။ ဗာလတဦး

(၈) ကျေးဇူးယွင်းယို။ သူအိုဘောက်ပြန်။ မေ့ကျန်စရိုး။ ခုနစ်မျိုးတွင်။ ကိုယ်ကျိုးကိုရှာ။ သဃ်ာတော်အား။ သဒ္ဒါပွား၍။ မင်ဖျားပြည်ရှင်။ တိုင်ခွင်အုပ်ကွပ်။ အခွင့်အပ်မူ။ ရိပွပ်သိက္ခာ။

**(ခေါ-ဝမ်း)**

(၁) ပယ်လေးရွာနှိုက်။ ဆရာလည်ချစ်။ တကာနစ်လိမ့်။ အပြစ်များစွာ။ ပုဏ္ဏားသာလျှင်။ မိစ္ဆာကျင့်တန်။ အလွန်ပြုရာ။ အရူးမှာလည်း။ ဆိုရာဆိုမိ။ တိုင်းပြည်အိလျက်။ မသိတရား။ သူငယ်သားမူ။ အမှားတစေ။ မိန်မ

(၂) ပေကား။ ပြည်မွှေတတ်စွ။ လောဘတူရှိုး။ သူမိုက်မျိုးမူ။ တံစိုးနိုင်ရာ။ မျက်နှာကြီးငယ်။ သွယ်ဝယ်စရိုက်။ ဂတိလိုက်၏။ လူငိုက်ပမာ။ ဇရာရွယ်လွန်။ သူငယ်ပြန်တုံ။ မှန်ကန်မရှိ။ ပြည်သာရိအံ့။ က

(၃) မိကစက်။ ရောရှက်တိမ်းပါး။ အသုမ်းမှားသော်။ သစမားမိုက်စွာ။ သူနာသွေဆုပ်။ အကျိုးယုပ်သည်။ ။ လက်ခုပ်ရေရိုတန့်တည်း။ ၈။ ယင်းသို့လျှောက်လေရာ။ ပြည်ရှင်မင်းကြီးလည်း။ ဆပြ

(၄) င်ကမာက။ ဘိုးခေါင်ကိုကျော်ရ ပြည်မြို့လမ်းချီတော်မူသည်။ ဘကိုးမြို့ကို ရလေသော်။ ဘကိုးနန်းသို့တက်၍ စံတော်မူသည်။ ယင်းသောအခါ ယိုးဒယားမင်း ဖြနရစ်တပ်ရိက္ခာပြတ်

(၅) ၍ ငတ်မွတ်ခေါင်းပါးရှိလေသော်။ ဆုတ်ခွာကဲ့၍ ကမော်ကလို့တောင်လမ်းချီသွားလေရာ သက်မင်းကောင်း လှဖြူက ဆီးဆို့တိုက်ခိုက်သည်တွင်။ ယိုးဒယားမင်းဖြနရစ်ညီကိုဘမ်း

(၆) မိ၍ ပြည်ရှင်မင်းထံ ဆက်ပို့လာသည်၊ ပင်လယ်ကြောင် ယိုးဒယားကချီလာသမျှတပ်တို့ကိုလည်း သင်္ဘောကြောင်က ဘိဆီတိုက်လေရာ။ ပျက်စီး၍ လွတ်လူသူသူပုံအများရလေသည်။

(၇) ယိုးဒယား ဖြနရစ်ညီ။ ဖြသမွန်ကိုလည်း ကောင်းမွန်စွာ ထားတော်မူ၍။ ယိုးဒယားတွင်ရှိသော လက်ဘဏ္ဍာများကိုတောင်းလေရာ။ ပြောင်းမိပေါ် ၃၀၀၀ နားမဘော်သေသောပြောင်ကြီး ဖြဂ္ဂတ္ထသန်ဟူသောပြောင်

(၈) ပြဿဓိရာဇာအရုပ်။ မိဘုရားကြီးအရုပ်၊ ယိုးဒယားမင်းဆရာအရုပ် ဇရာဝန်ဆင်ရုပ်။ ယိုးဒယားတို့ကိုးကွယ်သည် ရာမရုပ်။ အနုမန်မျော်ရုပ်။ အလမ္ပာယ်မွေသမားရုပ်၊ စသောကြေးရုပ်များကို။ ယိုးဒယားမြို့ကဆောင်

**(ခေါ-ကျော)**

(၁) ယူ၍။ ဆက်ရသည်။ တောင်ငူမင်းကလည်း ဘကိုးမင်းသမီးတော် ရှင်ထွေးနှောင်းနှင့်ခြွေရံမောင်းမ ၃၀၀ ဆင်ဖြူတစီး။ ဆင်မည်းအများ။ ရွှေငွေအထည်အလိပ်လွှက်ပြောင်။ မီးပေါက်များကို ဆက်လာသော်။ ဘကိုးမြို့ ရှိ

(၂) ယိုးဒယားအိမ်ထောင်စုံ သုံးထောင်။ တလိုင်းအိမ်ထောင်စုံ သုံသောင်။ လူပေါင်သုံသောင်သုံးထောင်ကို။ သိမ်ခေါ်တော်မူခဲ့ပြီးလျှင်။ ဘိုးတော်မင်းဗာကြီးသား ငအင်ဂါကို သဘော်ာဆိပ်နှင့်တကွ သလျင်မြို့ပါ စားကျေးပေး

(၃) တော်မူ၍။ အစောင်အနေထားတော်မူခဲ့ပြီးလျှင်။ သက္ကရာဇ် ကိုးရာခြောက်ဆယ်သုံခုတွင်။ နေပြည်တော်သို့ ပြန်တော်မူသည်။ လမ်းအကြား မော်တင်သို့ရောက်သောအခါ။ အမတ် မဟာပညာကျော် လွန်လေသည်ကို

(၄) ကြီးကျယ်စွာ သင်္ဂြိုဟ်တော်မူ၍။ အမတ်ကြီးကိုသင်္ဂြိုဟ်သော သင်္ဂြိုင်ရာပေါ်တွင် ဘုရားစေတီတည်ထားခဲ့ လေသည်။ ပြည်တော်သို့ရော်လျှင် ယိုးဒယားတို့ကို အတီအက အကြောအစို့။ ၎င်းပြင်

(၅) ကျွေတဲတပ်။ ကျေမသိတပ်။ ရာဇဂြိုဟ်တပ်။ တောင်ဘက်တပ်။ မြို့သစ်တပ်။ မှိုင်တပ်။ တောင်ငူတပ်။ ကျွန်ခေါင်တပ်။ ကလေးတပ်။ အစုတလိုင်ကို ဘွဲ့တော်မူ၍ ဂစ္ဆာနဒီမြစ် အရှေ့ဘက်။ ဘွဲ

(၆) တာကျွန်း တောင်ရင်းကျွန်း။ မြစ်အနောက်ဘက်ပေကျွန်း။ ဥရစ်တောင်ကျွန်း။ မရိုကျွန်း။ ရာမောင်ကျွန်းများ မှာ ချထားတော်မူသည်။ ထို့ပြင် တလိုင်သုံထောင်ကို ဆင်အောက်မသင်းများမှာ ဖြည့် ဘွဲ့တော်မူ၍။ ငါး

(၇) ဆင်ရိုင်းကျွန်းတွင် ချထားတော်မူသည်။ ယိုးဒယားသဘင်အက လေးစို့သားတို့ကို။ အမတ်သူငယ်တော်သွေ သို့ အပ်တော်မူလေသည်။ စစ်တကောင်းမြို့စား အမတ်ကြီးမဟာပညာကျော်။ သားကျီး

(၈) ညိုကိုလည်း အဘနည်းတူ သူကောင်းပြုတော်မူ၍ စစ်တကောင်းမြို့ကို မြို့စားပေးတော်မူပြီးလျှင်။ ပညာဝံသ အမည်ပေးတော်မူလေသည်။ သလျင်မြို့စား ငအင်္ဂါကို ပြည်ရှင်မင်းကြီးခေါ်တော်မူရာ။ မလိုက်မလာနေ

**(ခေါ်-ဝမ်း)**

(၁) သောကြောင့်။ သားတော်အိမ်ရှေ့မင်းခမောင်း ချီတက်တိုက်စေလျှင်။ ငအင်္ဂါက ၊ မော်တင်ဟိုင်းကြီးကျွန်း နှိုက် သဘော်ငှစင်းဝှက်ထား၍ အိမ်ရှေ့မင်းခမောင်းလည်း ပေါ့လျော့သဖြင့် ချီသွားလေ၍ ဟိုင်

(၂) ကြီးကျွန်းသို့ တပ်ချမည်ဝင်သွားလေရာ။ ငအင်္ဂါက ညည့်စီးနင်းတိုက်ခိုက်လေသော်။ သားတော်အိမ်ရှေ့ မင်းခမောင်းကို ငအင်္ဂါဘမ်းမိရလေသည်။ ထိုအကြောင်းကို ပြည်ရှင်မင်း ရာဇာသိတော်မူလျှင် မန်ေ

(၃) တာ်ဝင်၍ ရဲမက်အလုံးအရင်းနှင့် ချီတက်တိုက်ဖျက်၍ ငအင်္ဂါကို ဖမ်းဆီးမည်ရှိသည်တွင်။ အမတ်ပညာရှိ စစ်တကောင်းစား ပညာဝံသလျှောက်တုံသော်ကား။ အရှင်မင်းမြတ် သားတော်သည်။ ရန်သူ

(၄) လက်သို့ရော်လျှက်ရှိပါသည်။ စစ်ပြု၍ ငအင်္ဂါကို ဘမ်းသည်ရှိသော်။ သားတော်ကို အရှင်ရမည် မဟုတ်ပါ။ လူငယ်တို့တဘောင်ဆိုကြသည်မှာလည်း ကျောက်သလင်းဖြူဆွဆွ။ ရေတွင်

(၅) ကျရှာ၍မရ မှိုကိုးလ။ ယင်းသို့တရင်တပေါင်အလို။ သားတော်သည် ကျောက်သလင်းဖြူနှင့် တူသောအမျိုး ဖြစ်ပါသည်။ ကိုးလသာ ရန်သူလက်တွင်ကြာပါမည်။ သူမိုက်ကို နိုင်လိုသော်

(၆) ဖြားရောင်းရာသည်။ ရှေးသူဟောင်းစကား အမှာ။ ငအင်္ဂါလည်း ကျိုးပြစ်သိသူမဟုတ်။ လူမိုက်လက္ခဏာ အဝင်အမြင့်အနိမ့်ကိုလည်း မကျွမ်း။ ထုံးတန်းကိုလည်း နားမလည်။ လိမ္မာရည်ရှိသော အမတ်ကို

(၇) စေလွှတ်၍ ငအင်္ဂါကို လှည့်ဖြားရသော် သားတော်နှင့်တကွ။ ငအင်္ဂါခြေတော်ရင်းသို့ရော်မည်အမှန်ဖြစ်ပါ သည်။ လျှောက်လေသော် ပြည့်ရှင်မင်းကြီးလည်း ကြိုက်တော်မူ၍ အရေးနှိုက်လိမ္မာသော ကံသာ

(၈) စား။ အမတ်သားအတွင်သုံ ဇေယဗိုလ်ကိုစေတော်မူလေရာ။ ငအင်္ဂါကို လက်ဆောင်အများနှင့် သားတော်အိမ် ရှေ့မင်းခမောင်းကို ဆောင်ယူလိုက်လာ၍ ဆက်ပို့လာသော်။ ငအင်္ဂါကို ဘေးမဲ့ချမ်းသာ

**(ခေါ်-ကျော)**

(၁) ပေးတော်မူလျှင်။ ငအင်္ဂါလည်း။ သလျင်မြို့သို့ သာယာစွာပြန်သွားရလေသည်။ ၃နှစ်ရှိလေသော်။ ကျွေတဲ တပ်တလိုင် ၁၀၀၀ထွက်ပြေး၍ တောင်ခွင်စားက ဆီးဆို့ဖမ်းမိရကြောင်းကို မင်ထံလျှော်လာ

(၂) ရာ။ ဘိုးတော်မင်းသားကြီး ကုသိုလ်ဆံတော် နံတော် အံတော်။ ဘုရားသုံးဆူမှာ ထပ်၍ကျောက်စာထိုးပြီးလျှင်။
လှူတော်မူသည်။ ဘိုးတော်လှူခဲ့သော ကုလား ၄၀၀၀။ နော်လှူတော်မူသည်။ တလိုင် ၁၀၀၀။ ဘုရား
(၃) အသည်။ သင်္ဂြိုဟ်တို့စားမြေများကိုလည်း။ ကြိမ်တလီ။ မိကျောင်းရဲ။ သလူ။ ကမြစ်။ မော်တင်ထိ လယ်ရှည်
၂၀၀၀၀။ ဝတ်မြေထပ်၍လှူတော်မူပြန်သည်။ သက္ကရာဇ် ၉၈၃ခု ရောံသောအခါ။ သားတော်အိမ်
(၄) ရှေ့မင်းခမောင်းက ဘေးတော်ကုသိုလ်ဆံတော် နံတော် အံတော်ဘုရားသုံးဆူကို အဘူးသွားလိုကြောင်းနှင့်
ခမည်းတော်ထံလျှော်လေရာ။ ခွင့်ပေးတော်မူ၍ သံတွဲမြို့သို့ သွားလေသည်။ သံတွဲ
(၅) သံတွဲသို့ရောက်သည်ကာလ။ ဘုရားသင်္ဂြိုဟ် တလိုင်ခေါင်တော်ကွန်။ ကုလားခေါင်အင်ရှား။ မတူလာ။ နော်ပံ။
ကဗ်ါ။ ထို ၅ယောံကား။ ခမည်းတော်လည်း ကြီးရင့်ပြီဖြစ်၍ သားတော်သမီးတော်
(၆) လည်း။ အများရှိသည် နောင်သောအခါ။ နန်းလုပွဲဖြစ်ရာသည်။ ခမည်းတော်ထင်ရှားရှိစည် ထီးနန်းတက်၍
ခမည်းတော်ကို သက်န်းနှင့်ထားရလျှင် သံသရာအကျိုး ၁၂ပါးပင်လှသည်ဖြစ်ပါသည်။ လှည်ဖြား
(၇) ၍လျှော်လေသော်။ အိမ်ရှေ့မင်းခမောင် မှော်မှား၍ ခမည်းတော်ကို နန်းချမည်အကြံနှင့် သင်ပင်စည်ကြပ်၍
ဘုရားသင်္ဂြိုဟ် ၅၀၀၀ကို သူရဲအစို့ဘွဲ့လေ၍ တပ်ဦးတွင်ထားသဖြင့် ချီလာခဲ့သော်။ ထိုအကြောင်းကို
(၈) မင်းကြီးသိလျှင် ကြည်းရေအပြည့် သူရဲလွှက်ထားပြီးမှ။ ငစင်ရိုင်ကန်းဘာပြိုဝက ဆီးဆို့တိုက်ခံဘမ်းဆီးလာရာ။
သားတော်အိမ်ရှေ့မင်းခမောင်းကို ဘမ်းမိရသည်။ သင်္ဂြိုဟ်အကြီးခေါင်းလူပေါင်

**(ခံ-ဝမ်း)**

(၁) ၄၀၀၀တို့သော်ကား။ သက္ကရာဇ် ၉၈၄ ခုတွင် အရှေ့ပြည်သို့ သားမယားကိုဆောင်ယူ၍ သန္တိချောင်းဖျားက
ထွက်ပြေးလေသည်။ ကျန်ကုလား ၅၀၀ တလိုင်း ၄၀၀တို့မှာ။ အလှည့်နှင့်သာစောင့်နေစေသင့်။
(၂) တို့ကို သံတွဲမှာ မနေစေနှင့်။ သိမ်ခေါ်ပြီးလျှင်၊ ရတနာဘုံဘုရားမှာ ၅၀၀၀။ မဟာမုနိဘုရားမှာ ၅၀၀ထပ်၍
လှူတော်မူလေသည်။ ဥဂါပျံမှာ သားတော်ကို အထိန်းတော်အကြီးထားသူဖြစ်လျက်။ နိုင်အောင်မ
(၃) ဆုံးမ။ ပျော်ရွှင်မှုကိုသာလေသူ မင်းမသုံးအပ်။ လက်ကိုဖြတ်၍ မဟာမုနိဘုရားမှာလှူတော်မူသည်။ သားတော်
မင်းခမောင်းကို အပြစ်ပေးမည်ရှိလေရာ။ အမတ်ပညာဝံသလျှောက်ထုံးသည်ကား အရှင်
(၄) မင်းမြတ်။ ရှေးသောအခါ။ ဘုရားအလောင်း ဆင်မင်းသည်။ အရံ ၁၀၀၀သော ဆင်တို့နှင့်နေလေတော်မူ
သည်။ အဂေါလဟတ္တိဆင်လည်း။ ဆင်ပေါင်း ၁၀၀၀နှင့်။ နေကြသောအခါ။
(၅) ဘုရားအလောင်းဆင်မင်းတွင်ကား။ အပိန္နကဟူသော ညီတော်ရှိသည်။ အဂေါလဆင်မင်းက လှည့်ပတ်လျက်
အရွယ်ကောင်းစွာ သာသာကာလနှိုက်။ မင်းမူရမှသာ ကျေးဇူးထွန်ရှိနိုင်
(၆) မည်။ အိုသောအခါကား။ အစာအကျိုးရှိသနည်း။ နောင်တော်ဆင်မင်းကို ပြစ်မှားသမှုဆိုလေသော်။ ညီတော်
ပိန္နကလည်း။ အဂေါလပေသောဆင်ရံ ၅၀၀ကို သင်ပြုလျက် ချီလှာသော်။ ဆင်မင်းကသင်းပင်ဆင်တို့
(၇) အား။ ငြိမ်စွာနေစေ၍ စီးချင်ထွက်ခံတိုက်သောအခါ။ ၅၀၀သောဆင်တို့ မခံနိုင်ချင့်ကြောင့် ထွက်ရှောင်ပြေ
လေသော်။ ညီတော်ကိုရလေသည်။ အကြံပေးသူ အဂေါလဆင်မင်လည် ကြောံလန့်၍ နေရာလွှဲ
(၈) ပြောင်းပြေးကြလေလျှင်။ အဂေါလ သင်ပင်တဝက်။ ဘုရားလောင်းဆင်မင်ထံရောံလာသည်တွင် ထိုတောင်
ထိုတောသင်းပြုလျက်နေသောဆင်တို့လည်း ကြောံလှ၍ ဝင်ရောံလာကြပြန်သည်။ ထိုသို့သောအ

**(ခံ-ကျော)**

(၁) ခါ။ ညီတော်အား ဆင်မင်း မိန့်တော်မူသည်ကား။ ငြိမ်စွာကာလ။ ဘုန်လက်ရုံကို အများဆင်တို့မသိ၍
မကြောံမလန့် ညီတော်။ အပိန္နက။ နောင်တော်ခွန်အား ဗလကြီးကျယ်ကြောင်းကို အများသိအောင်ပြု
(၂) သည်တွင်မှ ဆင်အပေါင်ကို ဝင်လာရောံသည်မှာ ညီတော်အပိန္နက ကျေးဇူးမ၏ပင်ဖြစ်သည်။ ညီတော်အား
ဆင်မင်းချီးမွမ်းကြောင်း ထုံးဟောင်းရှိပါသည်။ ယခုလည်း သားတော်အိမ်ရှေ့မင်းသည် အရုဇ္ဇပူရတိုင်း
(၃) ဒွါရာဝတီမြို့က သူရဲလွှက်ဆင်လုံမြင်းရင်းနှင့်ချီလာခဲ့၍ ခမည်းတော်ဘုရား ဘုန်းလက်ရုံးထင်ရှားစွာပြသည်
အမှုမှာ ပြည်ထောင်မင်းတို့၊ တိုး၍ ကြောံလန့်စေရာသောအကြောင်းသာ ဖြစ်ပါသည်။ ယင်းသို့

(၄) လျှော်လေသော်။ ပြည်ရှင်မင်းကြီး အမိန့်တော်ရှိပြန်သည်ကား။ ဘကိုးမင်းရာဇမိရဇ်သည် သားပေါလော
ကျန်တော အဘခြားနားပြစ်မှားသည် အမှုလည်းမရှိ။ သေးစင်လျှင် ဆင်အစွယ်

(၅) ကိုချွန်သည် အမှုနှင့်စီရင်ကြောင်းကို ထုံဟောင်းသက်သေနှင့်ထင်ရှားထွက်ရှိသည်။ ထိုသို့အမိန့်တော်ရှိလတ်
သော် အမတ်ကြီးလျှော်ပြန်သည်ကား။ မြင့်မြတ်သောတရားကိုသာ အ

(၆) နွယ်တော်မင်းဆက် စောင့်ထိန်းတော်မူသော အရှင်မင်းမြတ်။ ဘုရားသခင်ဟောတော်မူသော ကျမ်းဂန်နှိုက်
အလာ။ ကပ္ပိလဝတ်ပြည်၊ ရာဇဂြိုဟ်။ မိဒ္ဓိလာပြည်တို့နှိုက်။ စတုရာသီတိ။ သဟသရာ။

(၇) ဇိနော။ ရှစ်သောင်းလေးထောင်သော မင်းတို့သည်။ အဗေရိဆတ္တကော။ ထီးကြိုစည်ပေါ်ချင်သည်ကား။
နတ္ထိ။ မရှိ။ ဝေသာလီခေါ်ပန။ ဝေသာလီပြည်မူကား။ ပည္စက မင်းခိုးမှုးနေန္ဒါမင်းတို့သည်။ ဝိလုပ္ပန္န။ ဖျက်

(၈) ဆီးလုယူလက်နိုင်မင်းမူချင်းကြောင့်။ ဗေရိဆတ္တကော။ ထီးကြိုးချင်းစည်ပေါ်ချင်သည်ကိုဖြစ်ကုန်၏။
ကျမ်းဂန်အလာ လက်ရုံးအားကိုပြုသော မင်းတို့အား ဘုရားကြိုက်တော်မူရင်းမရှိ။ ကမ္ဘာအ

**(ခါး-ဝမ်း)**

(၁) မဟာသမတမင်းရိုစည်လာ သာဂီဝင် အနွယ်တော်မင်းတို့ အမျိုးစောင်သောတရားကို ဖျက်မြဲမဟုတ် သာဂီဝင်
မင်းဖြစ်လျက် သာဂီဝင်မင်းမျိုးမမှန်သော မိန်းမနှင့်စုံဘက်လေရာ ဘွားမြင်သောသားသမီးေ

(၂) သာ်လည်ကောင်း။ မင်းဆက်ယောကျ်ားမြတ်ခဲ၍ သာဂီဝင်မင်းသမီးနှင့်စုံဘက်၍ မင်းမူချင်လည်ကောင်း။
ဝိလုပ္ပန္န။ လက်ရုံးအားကိုးဖြင့် မျိုဝ်ခြားမင်းမူချင်လည်ကောင် တိုသို့ မင်းကိုသာလျှင် အမျိုးစောင့်

(၃) သောတရားမရှိ။ မင်ကျင်မမှန်။ မိမိပြည်သူသတ္တဝါ။ တိုင်းတပါးသူတို့ သတ္တဝါချမ်းသာချင်းမရှိအောင် ပြု
ကျင့်ဆိုးသွမ်းကြက်တန်ခက်ထန်ကြောင်းကို ကျမ်းဂန်ထွက်ရှိပါသည်။ မုတ္တမကို မြို့သမုတ်၍

(၄) အစတည်လာသည်။ သူမက တူလည်။ ဇင်္ဂလမျိုး ထိုသူကိုအကြောင်းပြုလျက်။ ဘကိုးမင်းဆက်ရာဇာဓိရာဇ်
တိုင်အောင် ဆိုခဲ့သော ထုံရာဇဝင်တို့သည် ဘုရားစသော ပညာရှိသူ

(၅) တော်ကောင်းတို့ ချီးမွမ်းဘွယ်မပါ။ ရာဇာဓိရာဇ်ခဲ့သို့။ အဘိဇ္ဈာ။ မတရားသဖြင့်။ ဗျာဘာဒ။ သူတထူးတို့ကြို
ဖျက်ဆီးတတ်သောသုညမင်းတို့သည် ကိုယ့်အသက်စည်းစိမ်ကိုသာ စုံမက်၏။

(၆) ၍သူတပါးအား သနားချင်ကင်သောကြောင့် ရက်ရောလေသည်။ ထိုသူတို့လည်း မှန်သောတရားကို မသိ။
မှားသောအမှုကိုသာ လေ့လာပါသည်။ ထိုမင်းတို့ထံလည်း ပညာရှိထွန်လင်းရိုးမရှိ။ လက်ရုံး

(၇) မာနခက်ထံ ထောင်လွှားသူတပါးကို ဖျက်ဆီးတတ်သောသူသာလျှင် ထွန်လင်လေရာသည်။ အရှင်မင်းမြတ်
သတ္တဝါတို့ဓလေ့၊ တပြည်တမြို့ အကယ်၍ စစ်ပွဲရှိလတ်မူ။ ပြည်ရှင်မင်းလည်း လိမ္မာ

(၈) ပညာရှိအမတ်လည်း စစ်မှူး။ ဖြစ်လတ်မူကား။ သတ္တဝါမသေနှစ်ပြည်မင်းပင် မိတ်ဝင်လေရာသည်။ မင်းကြန်
အမတ်သွမ်းကို စစ်မှူးစစ်ကွပ်အပ်၍ ရှိပြန်ကလည်း။ မိမိကလူ။ ပြည်သူပြည်သားလည်း။

**(ခါး-ကျော)**

(၁) သေကြေမျှားစွာ။ တိုင်းတပါးသူလည်း ပျက်စီးသေကြေမျှားစွာ။ ချမ်းသာမရ ရှိတတ်ပါသည်။ ယင်းသို့
တရားအလွန် ဆိုးသွမ်းသောမင်း။ အမတ်တို့လက်ထက်။ မိမိဆိုးသွမ်းသမျှကို ထုံးပြုလျက်ထားခဲ့။

(၂) သောအက္ခရာ။ စာပေတို့သည် ထုံးကောင်းမဟုတ်။ ထုံးဆုံးထုံးသွမ်း။ သာသနာတော်မှအပဖြစ်သော သုည
မင်းတို့ထုံး ဘုရားစသောသူတော်ကောင်းတို့ မကြိုက်။ သူမိုက်လက်သုံးသာ။ ထိုစာထို

(၃) ထုံးတို့ကို မင်းကောင်းအမတ်ကောင်း ပညာရှိသူတော်ကောင်းတို့ မသင်မကြား မမှတ်။ ထုံသက်သေ မပြုအပ်
ပါ။ ။ ထိုသို့ အမတ်ပညာဝံသလျှော်လေရာ။ အမျက်တော်ပြေ၍ သားတော်ကိုဝ်

(၄) အမတ်ကြီးသို့ အပ်တော်မူလေသည်။ ။ ဘကိုးမြို့က ခေါ်ယူခဲ့သည်။ တလိုင်း။ ယိုးဒယား၊ ပျူ ရှံတို့ကို
အသီးသီးအစုမှာဖြည့်တော်မူလေရာ။ အငြိမ်အသင်

(၅) မနေ။ တိမ်ရှောင်ထွက်ပြေးကူးပြောင်းကပ်ခိုပြုပြန်လေရာ။ ထပ်၍ ဘွဲ့တော်မူသည်။ ပြည်တော်တွင်လည်း
စစ်ချီတော်မူ၍ သုံးနှစ်ကြာသည်။ အတွင်း ရဟန်းအလဇ္ဇီ ဂါမဝါသီ။ ပွဲ

(၆) ကျောင်းရဟန်းတို့များလေလျက်။ ရွာသူတို့နှင့်လိုက်သင့်။ ဟူးရား။ ဗေဒင်။ ဆေးဝါး။ မန္တန်။ လက်ဘွဲ့၊
အင်းအိုင်များကို လေ့လာသင်ကြား၍ ပွဲသဘင်ပျော်ရွှင်သမှုတရားကို လုပ်ပြုဟောပြောရှိကြ

(၇) လေသည်။ အစုအမှုထမ်း လူတို့နှင့်။ အသည်သားလည်း ရောနှောထမ်းရွက်ကပ်ခို၍ နေကြလေသည်။
ပုဏ္ဏားမှာလည်း ဘိသိက်တော်ဆက် ဗြဟ္မဏတို့နှင့်။ စောင်းတီး။ စန္ဒီ။ ဟုံးနတ်။ မဟာပိန္နဲ။ ဟူးရား

(၈) ပန်းတင်ပုဏ္ဏား။ ။ ထွေးရှက်ရှိနှင့်လေရာ။ ပြန်တော်မူ၍ ပြည်တော်သို့ ရောံမှ။ မင်းအာဏာအမိန့်တော်ရှိ
သည်။ ဘေးတော်စန္ဒသူရိယမင်း လက်ထက်တော်။ ဘုရားမြတ်စွာကြွလာတော်

**(၈-ဝမ်း)**

(၁) မူလာ၍ အလိုတော်ရှိသော သာသနာတော်ကို စန္ဒသူရိယမင်းသို့ အပ်တော်မူသည်။ သားတော်သူရိယဒီပတိ
မင်း လက်ထက်တော်ရောံလျှင် နှော်နှောင်ထုံးဥပဒေဖြစ်အောင် အသီးအသီးကျော်စာမော်ကွန်းနှင့်ထား

(၂) တော်မူခဲ့သည်။ သူရိယဓိပတိမင်းက ၂၈ဆက် စူဠတည္တယား မင်းတကောင်းပြည်သို့ ချီတော်မူ၍ အပြန်လမ်း
တွင် လွန်တော်မူလေရာ။ မြို့လူမျိုး။ မြတူသားပဲဖြူတို့ ၂ယောံ ၂၄နှစ်မင်းမူသည်ကာလ။ အတ္တနော

(၃) မတိ။ မိလက်ခုတ်။ ယုတ်သောအကျင့်အသိအလေ့ရှိသော အမျိုးဖြစ်၍ သာသနာတော်ရေကို မသိ။
ဂါမဝါသီ။ အလဇ္ဇီ။ ပွဲကျောင်းရဟန်းစည်ကားလေရာ။ သာသနာတော်ရိမှေ ရလေသည်။ မြို့မင်း

(၄) ပဲဖြူကို စူလတည္တယားမင်းမြေးတော် ငမင်းထွေး လုပ်ကြံ၍ ထီးနန်းမင်းရိုးစိုးတော်မူသည်။ သာသနာတော်
ရေးကို မရှင်မလင်းရှိခဲ့ရာ။ ဒသရာဇာမင်းလက်ထက်တော် ရောံမှ။ သူရိယဓိပတိ

(၅) မင်းလက်ထက်တော် ထုံးသက်သေ ကျမ်းဂန်ထားခဲ့သည်နှင့်။ ညီမညီ သိတော်မူလို၍ အရညဝါသီ ဆရာတော်
ဇိနမန်အောင်ကို သိဃိုရ်ကျွန်းသို့ ကူးစေ၍ ဘုရားစကားတော်ရင်းကို[

(၆) ဆောင်ယူခဲ့သည်ကျမ်းဂန်နှင့်။ ရှိရင်းကျမ်ဂန်အတွက် ညီလေသော်။ ဂါမဝါသီရွာသူတို့နှင့် ရောနှောနေလေ့
ရှိသော ပွဲကျောင်းရဟန်းတို့ကို မဟာမုနိဘုရားမှာ အစောင့်ထားလေသည်။ အနုလုံမင်း

(၇) လက်ထက်လည် ဂါမဝါသီရဟန်းကို ဘုရားမြတ်စွာအလိုတော်ရှိကြောင်း ကျမ်းဂန်လုပ်၍ပြသလေသော်။
သိဃိုရ်ကျွန်းသို့ ဓမ္မဝိရဆရာတော်ကို ကူစေ၍ ဘုရားစကားတော်ပါဠိ အက္ခရာယူခဲ့သည်

(၈) အထက်ကျမ်းဂန်နှင့်ညီသည်ဖြစ်၍။ ဂါမဝါသီရဟန်းတို့ကို ရုပ်ထုတော် ဇာတိတော်များမှာ အစောင့်ထားပြန်
လေသည်။ ဘေးတော်မင်းထီးလက်ထက်တော်လည်း။ ဂါမဝါသီရဟန်းတို့က၊ မင်းနား

**(၈-ကျော)**

(၁) သင်စွာပြောဆိုလျှော်ထားလေရာ။ သကျမည္ဘူဆရာတော်ကို။ သိဃိုရ်ကျွန်းသို့ လွှတ်ပြန်၍ ကျမ်းဂန်ပါဠိကူယူ
ခဲ့သည်စာများသည်။ မထူးမခြားတသံတည်းထွက်သည်ဖြစ်၍ မင်းအာဏာ ထားတော်မူသည်။

(၂) သာဂီဝင်မင်းမျိုး အရိုးမှန်သော်လည်း။ အသိပညာနည်းသော ရာဇသုညမင်းလက်ထက်။ ဂါမဝါသီရဟန်းတို့
စည်ကားလျက်။ အရညဝါသီ သဃ်ာတော်မြတ် တိမ်မြဲ။ ဘုရားရှိတော်မူစည်ကလည်း ဘု

(၃) ရား အဆုမ္မတော်ကို မခံအာဏာဆန်သည်။ ဆပကွဲအမျိုး ဂါမဝါသီဂိုဏ်းပွဲကျောင်းရဟန်းတို့မှန်သည်။
ပြည်သူတို့က ပည္ဓင်းသာမဏေ ဂါမဝါသီ ရဟန်းတို့ထံ မပြုစေနှင့်။ ပါလိပါဠ်အက်နှင့်ကျမ်းဂန်

(၄) လည်း မလုပ်စေနှင့်။ ရုပ်ပွားဆင်းထု။ ဇာတီ။ ပထိုးများမှာ။ ဂါမဝါသီရဟန်းတို့ စောင့်နေ၍ ပေါင်မျက်တို့ကို
သုတ်သင်ရှင်းလင်းစေ။ အနီအဝါ။ အနက် အဖြူ အဝတ်ဆံထားဆံရိပ်များမှာ။

(၅) အလေ့ရှိရာသာ မြတ်သည် ယုတ်သည်မဟုတ်။ ဘုရားဆုံးမတော်ကို ခံ၍ သိက္ခာတော်ကို လုံအောင်ထိန်းနိုင်
လျှင်။ သဃ်ာတော်မြတ်မှန်ပေစသည်။ သဃ်ာတော်မြတ်မှန်သည်။ အ

(၆) ရညဝါသီဆရာတို့မှာ တိစီဝံရိတ် ဆော်တည်တော်မူကြစေ။ ဘိသိက်တော်ဆက် ဗြဟ္မဏမျိုးဖြစ်လျက်။
စောင်တီ။ ပန်တင်ဟူရာနတ် ပူဇော်ပုဏ္ဏားတို့နှင့်။ ရောနှောပြုကျင့်သည် ပုဏ္ဏားတို့

(၇) ကို။ ဟလျာအစုမှာဖြည့်။ အသည်သားတို့အစုမှာ ဝင်၍ကပ်သူတို့ကို ဆင်ကဲကြီးအမတ်ကသိမ်။ ဆင်ထိန်း
မြင်းထိန်း အစုမှာထမ်းစေ။ အစုအမှုထမ်း လူတို့မငြိမ်မဝပ်။ တစုကတစု ကပ်ခိုသူ

(၈) တို့မှာ။ ဝင်မှူးတို့ဆိုအပ်။ ဝင် ၄ မျက်နှာမှာ ဖြည့်။ မင်းမိဘုရား မင်းသားမင်းမျိုး မှူးမတ်တို့မှာ ရှေမင်ပေဘွဲ့
ခဲ့သည် လူပြင်တိုးပွားခိုကပ်သည် လူတို့ကို လမိုင်းမှူးသို့အပ်။ လမိုင်းသားဖြစ်စေ။

**(ဂါ-ဝမ်း)**

(၁) မဟာပညာကျော်သား။ ပညာဝံသကို။ မဟာဇေယသိန်အမည်နှင့် ကိုယ်ရံကြီး အမတ်ခန့်တော်မူသည်။
နိုင်ငံတော်အတွင်း။ အဝေးအနီး အသည်သားမှစ မည်သည်လူမျိုးမဆို အခွန်ဆက်မှန်သမျှ
(၂) လူတို့မှာ။ ရှေထုံးစံမြဲ ဆက်မြဲကိုသာ ဆက်စေ။ ဘိုးတော်မင်းဘကြီး ပြည်မင်းခေါင်။ မမင်မြဘုန်ကို တန်ဆောင်
မိဘုရားထားတော်မူသည်နည်း ဘကိုးမင်း ကျော်ထင်နော်ရထာသမီး ရှင်ထွေးနှောင်း
(၃) ကိုတဆောင်မိဘုရား ထားတော်မူသည်။ ရှေ့တန်ဆောင်မိဘုရားထုံစားမြို့ ကျေးရွာ အစေအသုံကြေးကျွန်များ
ကို ဘကိုးမင်းသမီး တန်ဆောင်မိဘုရားကရစေ။ ဘကိုးပါး။ ပျူ တလိုင်း၊ ယိုးဒရား
(၄) ရှုံး။ လဝတို့ကို ပျူမှာလေကျော်တပ်မှာထမ်းစေ။ တလိုင်မှာက လေတပ်။ ရာဇဂြိုဟ်တပ်၊ ယွန်တပ်၊ သုနာပရံ
တပ်။ တောင်ဘက်တပ်ကျေးမသွေးတပ်များမှာ ဖြည့်၍ထမ်းစေ။
(၅) ရှုံး။ လဝတို့ကို၅မျက်နှာမှာဖြည့်။ ယိုးဒယားမှာ။ သဘင်မှု သူငယ်တော်သွေသိုအပ်။ တောင်ငူမင်းက
ဆက်သည်။ ဆင်ဖြူတော် ဇေယမင်္ဂလာကို အရှေ့မျက်နှာ၊ နန်းဦး
(၆) တံကာတွင် တန်ဆောင်နှင့်ထား။ ယိုးဒယားမင်းကဆက်သည်၊ ပြရွှတ်သံပြောင်ကြီးနှင့် ကြေးရုပ်များကို
တောင်မျက်နှာတကားတွင်။ အုပ်တိုက်နှင့်ထား။ ဘကိုးက ယူခဲ့သည်။ ဆင်ပေါ်
(၇) ဆင်မ ၂၄စစီးကို။ ဆင်ကဲကြီးကသိမ်း၍။ ယိုကျွန်။ ရဲကျွန်မှာထား။ ဝလင်အောင်မွေစေ။ ပြည်သူတို့တရား
စကားမှာလည်း။ တရားသူကြီးပြည်စိုးတို့ ရှေးထုံးစံအတိုင်း စီရင်စေ။ ဆိုရန်ရှိသ
(၈) မျှကို။ အကော်လာလျှင်လည်း အတော်ညဏ်နှင့်ရှာ၍ ဖြောင့်။ အဖြောင့်ရောက်လျှင်လည်း။ ဖြောင့်ရော်
လျှင်လည်း။ ဖြောင့်မတ်စွာဆို။ တံစိုပန္နာမျက်နှာကြီးငယ် မလိုက်နှင့်။ ဘုရားသခင် သာသနာတော်ရေ။ ငါ

**(ဂါ-ကျော)**

(၁) အသျှင်ကျေးဇူးသစ္စာ။ ပြည်သူတို့မျက်နှာကိုသာထော်။ အမတ်ကြီးတို့ ပေါ့လျော့လစ်ဟင်းနေ၍ ရှေးထုံးမမှန်
ပျက်သည်ကြားရလျှင်။ ကိုယ်ရံကြီးပြည်စိုးကြီး ဆင်ကဲကြီး။ တာပိုင်ကြီး။ တို့ ၄ယော်နား
(၂) ကိုဖေါ်၍ သံတံချင်လျှိမည်။ ။ ထိုသို့ မင်းအာဏာထားတော်မူလေသော်။ အမတ်ကြီး ၄ပါးနှင့် လက်ဝဲမြင့်။
လက်ယာမြင့်အတွင်း အမတ် ၂ပါး။ မြို့စားချောင်းစား။ မှူးတော်မတ်တော်တို့ တခွန်း
(၃) တသန်တည်း ညီညွတ်သဖြင့်။ စီရင်ခွင့်ရှိသမျှကို။ ပြတ်သားအောင်စီရင်အုပ်ထိန်းကြ၍ တိုင်းပြည်သာယာ
ငြိမ်းချမ်းလျက် သာသနာတော်ထွန်းလင်းလေသည်။ ။ ကောဇာ ၉၆၇-ခု။ ရော်သောအခါ
(၄) ကိုယ်ရံကြီး မဟာဇေယသိန်ကို ဘဝရှင်မင်းတရား မေးတော်မူသည်ကား။ မပူဇော်ထိုက်သော သူအား။
ပူဇော်လေသော်။ အကြိုးရှိပါအံ့လော။
အမတ်ကြီးလျှောက်သည်ကား။
(၅) အသျှင်မင်းတရား ဘုရားမြတ်စွာစကား တရားတော်ဦးနှိုက်။ ဗာလာနံ။ သူမိုက်အား။ ယာအသေဝနာစ။
မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ။ ပညာအမြင်
(၆) ရှိသော။ သူအား။ ယသေဝနာစ။ မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပူဇနေယျာနံ။ ပူဇော်ထိုက်သော
သူအား ယာပူဇာစ၊ ပူဇော်ရခြင်းသည်လည်းကောင်း၊ အတ္ထိရှိ၏။ ဧတံတိဝိဇံ။ ဤ
(၇) တရားသုံးပါးသည်။ ဥတ္တမံ၊ မြတ်သောတရားမင်္ဂလာမည်၏။ ယင်းသို့ ဘုရားတရားတော် ရင်ရှိပါသည်။
အပူဇော်မခံထိုက်သောသူသည်။ ဗါလါနံ။ လူမိုက်။ ထိုလူမိုက်ကိုစင်လျက်။ လူ
(၈) မိုက်အနေအလာ အပြောအဆို အကျင့်အလေ့ပြုရာကို မသိတတ်သောသူလည်း လူမိုက်၊ ထိုလူမိုက်နှစ်ဦး
အကောင်ထင်၍ ပြုသမျှအမှုတို့သည် အကြိုးမရှိ။ အပြစ်ကြီးစွာသာ ကံရော်လေ

**(ဂီ-ဝမ်း)**

(၁) ရာသည်။ အရှင်မင်းမြတ်။ ။ ထိုတောဇာ။ ဝါဆိုလပြည့်နေ့။ အမေးတော်ကို အမတ်ကြီးလျှော်လေသော်။ ဘဝရှင်မင်းတရားကြိုက်တော်မူသည်။ ။ ဘုရားမြတ်စွာ တရားတော်နှိုက် ဗာလါနံ။

(၂) သူမိုက်ဟူ၍သာ ဆိုခဲ့သည်။ သူမိုက်လက္ခဏာဘယ်သို့နည်း။ ဂင်္ဂါဝါလုကာ။ သဲလုံးအမျှ ပွင့်တော်မူသော ရှင်တော်ဘုရားတို့သည်။ လူမိုက်ကို တရားမဟော။ လော။ ထိုသို့မေးတော်မူလေသော်။

(၃) အမတ်ကြီးလျှော်သည်ကား။ ဘဝရှင်မင်းတရား။ ဝိထိုရဇာတ်နှိုက်။ နသဘာ။ သဘင်မဟုတ်။ သူမိုက်တို့ အစည်းအရုံးနှိုက်။ ပဏ္ဍိတာနံ။ ပညာရှိသည်။ ဓမ္မံ။ တရားကို။ နဘနန္တိ။ မဆိုရာ။ ယင်သို့

(၄) ဘုရားစကား ရှိပါသည်။ ဘုရားမြတ်စွာ တရားသဘင် ပြုရာနှိုက်။ သူမိုက်အများရှိလေရာ။ ထိုသဘင်ဝယ် သူတော်ကောင်းတစ်ယောက်ရှိလတ်မူ ထိုသူတော်ကောင်းတယောက်

(၅) ကိုသာ အကြောင်းပြုတော်မူလျက် တရားပေးတော် မူသည်။ ထိုသူတော်ကောင်းတယောက် အတုကို။ ထိုသူမိုက် အများ လိုက်လေသော်လည်း ထိုသူမိုက်တို့ ၂လုံးသွင်းမြဲမဟုတ်။

(၆) ထိုသူမိုက်တို့နှိုက်လည်း တရားမကပ် မဝင်။ ဘုရားအထံမှ သွားကြလေသော်။ မိမိတို့မိုက်လေ့သာ မြဲလေရာ သည်။ ထိုသို့သော အကြောင်းဖြင့်။ သူမိုက်အလယ်နှိုက်။ ပဏ္ဍိတာနံ။ ပညာရှိသည်

(၇) နသောပတိ။ မတင့်တယ်။ သူမိုက်အား တရားမဟော ဟူသောအရာသည် အမှန်ဟူ၍သိရာသည်။ သူမိုက် ဟူသည်ကား။ သစ္စာလေးပါး တရားတော်မြတ်သည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ။ နိယောဓ

(၈) သစ္စာ။ မဂ္ဂသစ္စာ အပြားနှိုက်။ ဒုက္ခသစ္စာသာ။ အကြိုးလော။ သမုဒယသစ္စာသာ အကြောင်းလော။ မဂ္ဂသစ္စာ သာ အကြိုးလော။ ပိုင်းခြား၍မမြင်မသိ။ အနိစ္စ

**(ဂီ-ကျော)**

(၁) ဒုက္ခအနတ္တကိုသာ။ ရွတ်ကာဆိုကာ တကက္ကတာမကျရေပူရနည်းဖြင့် သန့်သောပစ္စည်းနှင့် သန့်သောဒါန။ သန့်သောအလှူခံ။ ယင်းသို့သောအရာတို့ကို မသိ။ မမြင်မကြွမ်း။ မလိမ္မာ၍ ဂုဏ်မာနထောင်

(၂) လွှားလျက်။ တယောက်ထက်တယောက်ကြီးကျယ်စွာကို အလိုရှိခြင်း။ ပြုသမျှလူတို့သည် သူမိုက်အမြင် အသိအလေ့ အကျင့်ဖြစ်လေ၍ ထိုသသူကို ဗာလနံ။ သူမိုက်အမှန်ဟူ၍ လျှော်လေသော်။ မင်း

(၃) တရားလည်း ကြိုက်တော်မူသည်၊ ၊ သရဏာဂုဏ်သုံးပါး ဆော်တည်ခြင်းသည်၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ။ ဓမ္မံသရဏံ ဂစ္ဆာမိ။ သံဃံသရဏံဂစ္ဆာမိ။ ယင်းသို့ဆိုတတ်ကာနှင့် သရဏာဂုံ တည်အံလော

(၄) မေးတော်မူသော်။ ။ အမတ်ကြီးလျှော်သည်ကား။ ဘဝရှင်မင်းတရား။ သရဏာဂုံတည်သောသူအား၊ ဘုရား ဟောတော်မူသည်မှာ။ ဣတိပိသောဘဂဝါ၊ အရဟံသမ္မာသမ္ဗုဒ္

(၅) ဓါ။ ဝိဇ္ဇာစရဏသမ္ပန္နော။ သုဂတောလောကဝိဒူ။ အနုတ္တရော။ ပုရိသဓမ္မသာရထိ။ သတ္တာဒေဝါ မနုဿာနံ။ ဗုဒ္ဓေါဘဂဝါတိ။ ။ ဤသို့သော ဘုရားဂုဏ်တော်နှိုက်။ ဣတိပိ။ ကိလေ

(၆) သာတည်းဟူသောရန်ကို အောင်တော်မူခြင်း။ သံသရာအမြစ်ဖြစ်သော အဝိဇ္ဇာတဏှာကို ချိုးတဲ့၍ ဖျက်ဆီး ခြင်း။ လူနတ်တို့၏ပေးလှူသော ပစ္စည်းလေးပါးကို ခံတော်မူထိုက်ခြင်း။ ဆိပ်ကွယ်ရာအရပ်နှိုက်

(၇) မကောင်းမှုကို ပြုတော်မမူထိုက်ခြင်း။ ဂုဏ်ရှိသော။ ဘဂဝါ။ မြတ်စွာဘုရားသည်။ အရဟံ။ မည်၏။ ။ ဣတိပိ။ ဤသို့သော သစ္စာလေးပါးတရားကို သူမဆို အလိုလိုသာ လျှင်သယမ္ဘူဉာဏ်ဖြင့်။

(၈) သိတော်မူတတ်သော၊ ဘဂဝါ။ သည်။ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်ရှိတော်မူ၏။ ။ ဣတိပိ။ ဝိဇ္ဇာသုံးပါး။ အဝိဇ္ဇာ ရှစ်ပါး စရဏ ၁၅ပါးနှင့် ပြည့်စုံတော်မူသော။ ဘဂဝါ။ သည်။ ဝိဇ္ဇာစရဏသမ္ပန္နော ဂုဏ်ရှိတော်မူ၏။

**(ဂီ-ဝမ်း)**

(၁) ဣတိပိ။ ကောင်းသောစကားကိုသာ ဆိုတော်မူ၍ မဇ္ဈိမပဋိပါဌ်ဖြင့် နိဗ္ဗာန်သို့ရောက်ခြင်း၊ ဘဂဝါ။ သည်။ သုဂတော။ ဂုဏ်ရှိတော်မူ၏။ ဣတိပိ။ လောကသုံးပါးကို အကြွင်းမရှိ အကုန်အစင်

(၂) သိမြင်တော်မူသော၊ ဘဂဝါ၊ သည်။ လောကဝိဒူဂုဏ်ရှိတော်မူ၏။ ။ ဣတိပိ။ ယောကျ်ားမြတ်တို့၏ လက္ခဏာ တော်ကြီး သုံးဆယ်နှစ်ပါး။ လက္ခဏာတော်ငယ် ၈၀တို့နှင့် ပြည့်စုံတော်

(၃) မူသော။ ဘဂဝါ။ သည်အနုတ္တယော ပူရိသဓမ္မ သာရထိ ဂုဏ်ရှိတော်မူ၏။ ။ ဣတိပိ။ သတ္တဝါတို့ ခန္ဓာနှိုက် ကိလေသာရန်သူကို ဖျက်ဆီးညှင်းဆဲတတ်သော။ ဘဂဝါ။ သည် သတ္တာ

(၄) ဒေဝမနုသာနံ။ ဂုဏ်ရှိတော်မူ၏။ ဣတိပိ။ သင်္ခါယ ဝိကာယ လက္ခဏာနိဗ္ဗာန် ပညပ်တည်းဟူသော ညေယျဒါန် တရားငါးပါးကို သိတော်မူပြီးသော။ ဘဂဝါ။

(၅) သည်။ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်ရှိတော်မူ၏။
ဣတိပိ။ ဣသဃရိယဓမ္မရသ သီရိကာမပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးရှိတော်မူသော ဘုရားသခင်သည်၊ ဘဂဝါ

(၆) ဂုဏ်ရှိတော်မူ၏။ ။ ဤသို့သော ဘုရားဂုဏ်တော်ကျေးဇူးကို သိသိထင်ထင် ပညာမြင်တတ်သော သတ္တိကျေးဇူး ရှိသူမှ။ ဗုဒ္ဓံသရဏံဂစ္ဆာမိ။ ဘုရားဂုဏ်တော်တည်ရာသည်။ ။

(၇) သွက္ခာတော ဘဂဝတော။ ဓမ္မော သိန္ဒိဋ္ဌိကော။ အကာလိကော ဧဟိပဿိကော။ ဩပနာယိကော ပစ္စတ္တံ ဝေဒိတဗ္ဗေါဝိညူဟိ။ ။ ဓမ္မော။ တရားတော်မြတ်သည်။ သွက္ခာတော။

(၈) ကောင်းစွာဆိုအပ်သော မင်္ဂလာလေတန်။ ဗိုလ်လေတန် နိဗ္ဗာန်ပရိယတ္တိ ဆယ်ပါးသည်၊ သန္ဒိဋ္ဌိကော။ မျက်မှောက်အကြိုးကို ပေးတတ်၏။ ။ အကာလိကော။ ကာလမခြားအကြိုး

**(ဂီ-ကျော)**

(၁) ရော်တတ်၏။ ။ ဧဟိဝဿိကော။ သူတော်ကောင်းအပေါင်းတို့ ကြိုက်သောစကားကို ဆိုတတ်၏။ ။ ဩပနာဟိ ကော။ နိဗ္ဗာန်ချမ်းသာသို့ ပို့ဆောင်တော်မူတတ်၏။ ။ ပစ္စတ္တံ။ ကောင်းသော

(၂) အကြိုးတို့ကို။ ဝိညူဟိ။ ပေတတ်၏။ ဝေဒိတဗ္ဗံ။ မဂ်ဖိုလ်နိဗ္ဗာန်ကို။ အလိုရှိသော သူတော်ကောင်းသည်။ ဣတိဂုဏာသဟိတံ။ တရားတော်ဂုဏ်ကျေးဇူးဟူလျက် သိသိမြင်မြင် နှလုံးသွင်းဧ

(၃) သာသူသည်။ ဓမ္မသာရဏံ ဂစ္ဆာမိ။ တရားဂုဏ်တော်တည်၏။ ။ သုပ္ပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော။ ဥဇုပဋိပ္ပန္နော ဘဂဝတော သာဝကသံဃော။ ညာယပဋိပ္ပန္နော သာဝကသံဃော

(၄) သာမိစိပ္ပဋိပ္ပန္နော ဘဂဝတော သာဝကသဃော။ ယဒိဒံစတ္တာယိ။ ပူရိသယုဂ္ဂါနိ။ အဌပူရိသပုဂ္ဂလါ။ ဧတဘဂတော သာဝကသံဃော။ အာဟုဏောယျော။ ပါဟုဏောယျော။ ဒက္ခိ

(၅) ဏောယျော။ အည္ဇလီကရဏီယော။ အနုတ္တရံ၊ ပညက္ခေတ္တံလောကဿတိ။ ။ ဘုရားမြတ်စွာ တပည့်သား သင်္ဃာတော်တို့နှိုက်။ သုပ္ပဋိပ္ပန္နော။ ကောင်းစွာကျင့်၏။

(၆) ဥဇုပ္ပဋိပ္ပန္နော ဖြောင့်ဖြောင့်မတ်မတ် မတိမ်းမစောင်း စေရ သိက္ခာအကျင့်ကို ထိန်းခြင်းလည်းကောင်း၊ ညာယပဋိန္နော။ ညာဏ်ပညာမြင့်မြတ်သော အကျင့်ကိုကျင့်တော်မူချင်း။ သာမိ

(၇) စိပ္ပဋိပ္ပန္နော။ မြတ်စွာဘုရား အဆုံးမတော်တရားကို ရိုသေသဒ္ဒါဆော်တည်ခြင်း၊ ယဒိဒံစတ္တာရိ ပူရိသယုဂ္ဂါနိ။ စတ္တာရိ။ လေးပါးသော ပုဂ္ဂိုလ်တို့သည်။ အတ္ထိ၊ သန္တိ။ ရှိတော်မူ၏။ ထိုလေးပါး

(၈) အစုံဖြစ်သော။ ပူရိသပုဂ္ဂလာ။ ယောကျ်ားမြတ်ပုဂ္ဂိုလ်သည်။ အဌ။ ရှစ်ယော်။ ဧသဧသောသာဝက သံဃော။ ဤသင်္ဃာတော်မြတ်သည်။ အာဟုဏောယျော။ အခြားသုဘို ရည်ရွယ်၍ ထားသော

**(ဂု-ဝမ်း)**

(၁) အလှူကိုလည်း ခံတော်မူထိုက်၏။ ပါဟုဏောယျော အဝေးမှလာသောအလှူကိုလည်း ခံတော်မူထိုက်၏။ ဒက္ခိဏောယျော။ မြင့်မြတ်သော အလှူကိုလည်း ခံတော်မူထိုက်၏။ အည္ဇလီကရ

(၂) ဏီယော။ လူနတ်တို့ ရှိခိုးခြင်းကိုလည်း ခံတော်မူထိုက်၏။ လောကဿ။ လူအပေါင်း၏၊ အနုတ္တရံ။ အတုမရှိ သော။ ပုညက္ခေတ္တံ။ ကောင်းသောအကြိုးကို ပေးတတ်သော။ ဣတိဂုဏာသဟိတံ။

(၃) ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော သင်္ဃာတော်တို့ကို သိ၍ကိုးကွယ်မှ။ သံဃံသရဏံဂစ္ဆာမိ။ သင်္ဃာတော် ဂုဏ်တည်၏။ ။ ထိုသို့သော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသောသင်္ဃာ

(၄) တော်ဖြစ်လျှင် ဘုရားအဆုံးမတော် သာသနာတည်း။ သင်္ဃာတော်မြတ် ဘုရားသခင် တပည့်သားမှန်၍ ပစ္စည်း၄ပါးကို ခံတော်မူထိုက်ပါသည်။ ယင်းသို့သော သင်္ဃာတော်မြတ်ကိုသိ၍

(၅) ပေးလှူမှုလည်း လောကီလောကုတ္တရာ ၂ပါးသော အကြိုးပြည့်စုံနိုင်ရာသည်။ ထိုသို့သောအရာ ဘုရားဂုဏ် တရားဂုဏ်ပြည့်စုံလျက် သဃ်ာဂုဏ်ရှိသော အကြောင်းသုံးပါးကိုဝ်

(၆) သိသောပညာရှိနိုက်သာ သရဏာဂုဏ်တည်နိုင်ရာပါသည်။ အမတ်ကြီးလျှော်လေသော်။ ဘဝရှင် မင်းတရား ကြိုက်တော်မူ၍ ပတ္တမြားထိပ်စီစလွယ် အမတ်ကြီးကို ပေးတော်မူသည်။

(၇) ထိုကောဇာ။ ဝါခေါင်လပြည့်နေ့။ မေးတော်မူသည်။ စာတီ ပုထိုး ရုပ်ပွားဆင်းတု သိမ်ကျောင်းများကို လူတို့ နေရပ်အပါးအနီး ရောနှောလုပ်ဆောင်ကောင်းအံ့လော။ မလျော်သောအရပ်နိုက် ရှေးလူ

(၈) တို့လုပ်ဆောင်ထားခဲ့လေရာ။ သင့်လျော်သော အရပ်သို့ ပြောင်းအံ့လော မေးတော်မူသော်။ အမတ်ကြီး လျှော်သည်ကား။ ဘဝရှင်မင်းတရား ဘုရားမြတ်စွာစကားရင်း တရားတော်ဦးနိုက်၊

**(၇-ကျော)**

(၁) ပဋိရူပဒေသဝါသောစ၊ ထိုသို့အလိုသော်။ ပဋိရူပမတင့်မလျော်သောအရပ်ကို သူမိုက်တို့သိမြဲ မဟုတ်ပါ။ ပညာရှိတို့သော်ကား။ နပဋိရူပ။ မတင့်မလျော်သောအရပ်နိုက် လုပ်ဆောင်မြဲ ထုံမရှိ။

(၂) ထိုသူမိုက်တို့ပြုသော အမှုသည်။ အမောဂေါ။ အပြစ်သာများလေသည်။ သူမိုက်ပြုခဲ့သော အမှုတို့ကို ပညာရှိ ဖျက်အပ်ပြောင်အပ် ပယ်အပ်ပါသည်။ လျှော်လေသော်။ မင်းတရားလည်း ကြို

(၃) က်တော်မူသည်။ ထိုကောဇာ။ ဝါခေါင်လဆန်း ၈ရက်နေ့၊ မေးတော်မူသည်။ မင်းဇကရာဇ်တို့ပြုသော ပစ္စည်းလေး ပါးတို့သည်။ ဓမ္မဒါနမြော်အံ့လော။ ။ အကြင်သူတို့ ခိုးယူအဓမ္မပြု၍

(၄) ရသောပစ္စည်းနှင့် ပေးလှူလေသော် အကြိုးရှိအံ့လော။ ။ အမတ်ကြီးလျှောက်သည်ကား။ ဘဝရှင်မင်းတရား မင်းဇကရာဇ်တို့သည် ရေမြေကို အစိုးရဖြစ်၍ ထိုမင်းလည်း အသိပညာ

(၅) နက်စွာ ဓမ္မရာဇာ ရှေမင်ကောင်းမင်းမြတ်တို့နည်း ၁၀ဘို့တဘို့။ ပြည်သူလုပ်ခွန်ကို ခံယူလျက်။ ရသောပစ္စည်း နှင့်။ သူတော်မြတ်ကိုလည်း မြတ်မှန်သိ၍ ပေးလှူခြင်း။ သူယုတ်စသော

(၆) သူကိုလည်း ဟုတ်မှန်သိ၍ ပေးခြင်း။ ခွေး။ ဝက်။ ပိုး။ မွှားစသည်တို့အားလည်း။ နှစ်လိုသနားပေးခြင်း။ ထိုသို့ ညာဏ်ပညာဖြင့် ပေးလေသော်။ အကြိုးမြတ်ပါသည်။ ယင်းသို့မဟုတ်။ ပြည်သူတို့အား

(၇) ငါမင်းတကာဟု။ မာနထောင်လွှားလျက် အတ္တနောမတိ။ ရမိရရာ တောင်ယူ၍ ရသောပစ္စည်းနှင့် မြတ်သော သူအား ပေးလှူညားသော်လည်း မျိုးစေ့မကောင်း၍ အပင်မပေါ်သခဲ့သို့ အကြိုး

(၈) မရှိ အပြစ်သာများလေရာသည်။ အကြင်သူတယော်သည် ခိုးယူလေအံ့။ ထိုဥစ္စာကို ရပြီးနော်။သူတော်ကောင်း နှင့်တွေ့လေသည်တွင် ထိုသူတော်ကောင်း ဆုံးမသောစကားကို

**(၇-ဝမ်း)**

(၁) ထိုသူပိတိဖြစ်၍ တဒင်္ဂပဟာံ။ တခဏခြင်း တရားကိုသိလျက်။ ဝိက္ခမ္ဘနပဟာံ။ နော်ပြုခဲ့ပြီးသော မကောင်းမှုတို့ကို ခွါခြင်း။ သမုစ္ဆေဒပဟာံ။ နော်ရှေ့မကောင်းမှုတို့ကို ပယ်ဖြတ်ခြင်း ထိုသို့စုံစွာ မိမိကိုယ်

(၂) သူတော်ကောင်းမြော်ပြီးမှ အမြတ်အယုတ် ၂ပါးကိုသိ၍ ပေလျှင်လေသော်။ ကုသိုလ်မြော်သည်ပင်။ ယင်းသို့ မဟုတ်။ ခိုးသောကာလခဲ့ သို့သာ မိုက်လေ မိုက်ထုံးနှင့်နေလျက်။ သူမြတ်ကိုလှူမိခေ

(၃) သာ်လည်း အကြိုးမရှိ။ သူယုတ်ကိုပေးလေသော်ကား။ အပြစ်ကြီးစွာ ကံသာထိုက်လေရာသည်။ အရှင်မင်းမြတ်။ ။ ထိုနေ့နိုက်မေးတော်မူသည်။ အလှူဒါနတို့မှာ ပုဂ္ဂိုလ်ရွေးရလေ

(၄) သည်။ အက္ခရာစာပြုစုသော် အကြိုးမြင့်မြတ်သည်ဟူသောစကားအစည် ရှိသည်။ အကြိုးပသို့လည်း။ မေးတော်မူလေသော်။ ။ အမတ်ကြီး လျှော်သည်ကား ဘဝရှင်မင်းတရား

(၅) ၄၅ဝါပတ်လုံး သူတော်ကောင်းတို့အား တရားစည်ကြီး ဘုရားမြတ်စွာတီးတော်မူသည် ကာလ။ အက္ခရာစာ နှင့်မဟုတ်ပါ။ သပ္ပညုတညာဏ်တော်ဖြင့် ဆုံးမတော်မူသည်။ ဘုရားသ

(၆) ခင်ပရိနိဗ္ဗာန်ယူတော်မူသည့်နော်။ အနှစ် ၄၅၀တိုင်သောအခါ။ တက်ကတွန်ရဟန်းတို့က။ ပါဠိပါဌ်သားနှင့် ကျမ်းဂန်လုပ်ပြု၍ များလေသော်။ သိဃ်ိုရ်ကျွန်းနိုက် ဝတ္တကာမဏိမင်းလက်ထက်တွင်

(၇) သီဟဠဘာသာ။ ဘုရားစကားတော်ရင်းကို စစ်၍တင်ထားခဲ့သည်။ အက္ခရာစာကို သထုံပြည်က
ရှင်ဗုဒ္ဓဃောသာ ကောဇာ ၉၀၀တွင် ကူးယူခဲ့သည်။ သထုံပြည်တွင်လည်း။ ကမ္ဘာကျမ်းသဒ္ဒါအဘိ
(၈) ဓါတ်ဒန္ဒီ။ ရှိနှင့်ဟောင်ဖြစ်၍ သထုံသို့ရောက်မှ ဘုရားစကားတော်ရင် အက္ခရာကို အမှီပြုလျက် သဒ္ဒါအဘိဒါန်
ဒန္ဒီတတ်သူတို့ ဂါထာစုံ နိယဘွဲ့၍ ကျမ်းပွားလုပ်ပြုလေသည်။ သထုံပြည်ကို ပေါက္ကန်မင်း

**(ဂူ-ကျော)**

(၁) နော်ရထာ ဖျက်ဆီးခဲ့ယူလေ၍ ပေါက္ကန်သို့ ရောက်လာသည်တွင်။ ပေါက္ကန်သားတိုးပွား၍ ကျမ်းစာလုပ်ပြန်ပါ
သည်။ ပေါက္ကန်ပျက်၍ အင်းဝမြို့စည်ထွန်ပြန်လျှင် အင်းဝသားတို့ ထပ်၍လုပ်ပြုသောကျမ်းစာ။ အင်းဝ
(၂) ကဆင်ပွား၍ ဇင်မယ်သားတို့လုပ်သော ကျမ်းစာ။ ပြည်တော်တွင်လည်း လုပ်ပြုကြသော ကျမ်းစာ။ ယင်းသို့
များစွာလုပ်သော စာရှိပါသည်။ လုပ်ပြုသောကျမ်းစာ လုပ်သောသူတို့သည်။ သမ္ဗုဒ္ဓကုဋ္ဌေန။ ဘု
(၃) ရားရန်သူ။ ထိုသို့လုပ်ကျမ်ပါလီတို့ကို အက္ခရာတင်ထား ပြုစုသော သူလည်း။ ဘုရားရန်သူချည်းနှင်နှင်။
အကြိုးမရှိ။ အပြစ်ကံသာထိုက်လေရာသည်။ မြတ်စွာဘုရားစကားတော်ရင်းကို ရွေးစစ်သန့်ရှင်
(၄) ၍ အက္ခရာတင်ထား ပြုစုနိုင်လျှင် အကြိုးမြင့်မြတ်ပါမည်။ အသျှင်မင်းမြတ်။ ။ ယင်းသို့လျှောက်လေသော်။
မင်းတရားကြိုက်တော်မူလေသည်။ ယင်းသည် ကောဇာ။ ဝါခေါင်လ
(၅) ပြည့်နေ့နှိုက်မေးတော်မူသည်ကား။ ၃၁ဘုံတွင် အတုမရှိသော ဘုရားသခင်ကို စာပြုဆရာတို့ နေလနက္ခတ်
တာရာ မြေ၊ ရေ၊ ရထားထိန်း ရထားမှူးစသော အမှုတို့ကို။ ပုံပမာပြုလျက်
(၆) စာလုပ်ပြုထားခဲ့လေသည်။ ထိုအက္ခရာစာများသည် ဘုရားမြတ်စွာအလိုတော် သင်လော့။
ဆန့်ကျင်ဘက်လော မေးတော်မူလေသော်။ ။ အမတ်ကြီးလျှောက်သည်ကား ဘဝရှင်မင်းတရား
(၇) နေလနက္ခတ်တာရာ စကြာဝဠာ မြင်မှိုရ်နတ်ပြည် ဗြဟ္မာလူမင်း စသည်တို့သည်။ ဘုရားမြတ်စွာ
ခြေဘဝါးတော်နှိုက် စုံလျက် စက်လက္ခဏာထင်လေသည်။ တကြောင်းမှာလည်း။ ပညာပ်နှင့်ကင်းေ
(၈) သာအဖြစ်။ ပဋ္ဌိမပဋ္ဌိပါဒ်။ ကိုယ်တော်မှတပါး။ အဆုံးမတော်ကို ခံသောသူအားလည်း နိဗ္ဗာန်သို့ တင်ပို့တော်မူ
နိုင်သော ကျေးဇူးဂုဏ်ရှိတော်မူသောကြောင့်။ သမ္မာသမ္ဗုဒ္ဓဟူသော

**(ဂေ-ဝမ်း)**

(၁) တရားတော် လာပါသည်။ ခြေဘဝါးတော်နှိုက် တည်သောအစုတို့ကို၊ ပုံပမာ တုဘက်၍ ကျမ်းဂန်ပြုလုပ်ထား
ခဲ့သော အရာသည် ဘုရားအလိုတော်မဟုတ်။ ဆန့်ကျင်ဘက်သာသနာတော် အညစ်အ
(၂) လေး ထိုစာကို ဘုရားဆိုတော်မူဟန်နှင့်။ ပါဋ္ဌိပါဌ်သားပြုလုပ်ထားခဲ့သည်သော သူတို့သည်လည်း သမ္ဗုဒ္ဓ
ကုဋ္ဌေန။ ဘုရားရန်သူ။ သူတော်ကောင်းမဟုတ်။ ကံကြီးစွာထိုက်လေရာသည်။ အရှင်မင်းမြတ်
(၃) ထိုသို့ အမတ်ကြီးလျှောက်လေသော်။ မင်းတရားလည်း ကြိုက်တော်မူလေသည်၊ ယင်းသည်နေ့မေးတော်မူသည်
ကား။ သတ္တဝါအပေါင်းတို့ကို ဘုရားမြတ်စွာ ဟောတော်မူရင်းနှိုက်
(၄) တေဘုမ္မကံ ဝတ္တံ ဒုက္ခံ။ ထိုသို့စကားတော်ရှိလျက်။ ငရဲကြီး ငရဲငယ်။ သိန်စိုး။ ကာလသုတ်။ တာပန္န။ ယင်းသို့
ကျမ်းဂန်တပုံလာပြန်သည်မှာ အကြောင်းအဘယ်သို့နည်း မေးပြန်လေ
(၅) သော်။ အမတ်ကြီး လျှော်သည်ကား။ ဘဝရှင်မင်းတရား။ ဝေနေယသတ္တဝါတို့အား တယောဘဝေအဒူကံယံ။
ထိုသို့ဘုရားသခင် စကားတော်ရင်း ရှိပါသည်။ ဘုံ ၃ပါး
(၆) နှိုက်ပျော်ပိုက်သော သူတို့မှာ။ အနိစ္စ။ ဒုက္ခ။ အနတ္တ။ တရားကပ်လျက်။ ဇာတိ ဇရာ မရဏ။ အဗျာ။
ထိုတရားနှင့်လည်း မကင်း။ ဤသို့ဆိုခဲ့သော တရားတို့ကို ပညာရှိသူတော်ကောင်းမှ သိမြင်
(၇) နိုင်ရာသည်။ ယင်းသို့မြင်ခြင်းကြောင့် ထိတ်လန့်ကြောက်တတ်သော တရား ထိုသူတော်ကောင်းနှိုက် ရှိလေ၍။
ကိုယ်မဟုတ်တကား။ ခန္ဓာ၅ပါး။ ဓါတ် ၄ပါး။ တို့ပြုပြင်ရာ ဖြစ်တတ်သောရုပ်နံ
(၈) သာပီတိဖြစ်လျက် ပထဝီကသိုဏ်း။ တေဇောကသိုဏ်း။ အာဘောကသိုဏ်း။ ဝါယောကသိုဏ်းတို့ကို ဧက
ဂ္ဂတာကျလေ၍ နိဗ္ဗာန်ချမ်းသာသို့ရောက်ရလေသည်။ ငရဲကြီးရှစ်ထပ်။ သိန်စိုး။

**(ဂေ-ကျော)**

(၁) ကာလသုတ်။ စသောငရဲတို့ကို။ ဗာလာန်။ သူမိုက်တို့ ကြော်ဘွယ်လောကနှိုက် ရုပ်ကိုအစိုးရသော မင်းဇကေရာဇ်သည် သူခိုးထားပြလူဆိုး လူသွမ်းပြည်းလေ့း ပြည်မွှားတို့အား အပြစ်မှလျော်စွာစီ

(၂) ရင်ရာနှိုက် တိုးတက်ဆပွား ငရဲဝယ် ခံရကြောင်း အက္ခရာစာ ရှေးဆရာတို့ ထားခဲ့သောအကြောင်းမှ အသင့် ဆိုမိလျက် ဖြစ်ပါသည်။ ယင်းသို့သောစာပေမရှိလေလျှင် သူတော်ကောင်းမြင်သော အပြစ်

(၃) တို့ကို သူမိုက်မြင်နိုင်မြဲ မဟုတ်ပါ။ သူမိုက်တို့ထောင်လွှားသ ဖျက်ဆီးသတ်ညှစ်လျှင် ပေါ်ခိုးယူတိုက်စား လုစားနှင့်များလေ၍ တိုင်းပြည်မြို့ရွာ သာသနာမတည်မရပ် ပျက်စီးလေရာသည်။ ငရဲ

(၄) တိရိစ္ဆာန်။ အသူရကယ်။ ပိတ္တာ။ အပါယ် ၄ဘုံ နှိုက်မကောင်းသောအမှုတို့ကို ကျင့်ကြံပြုလုပ်သူတို့ ခံရကြောင်း နှင့် ရှေးဆရာတို့ စာပေထားခဲ့လျက် ရှိသည်ကိုမျှ။ သူမိုက်တို့မငေ

(၅) ရှာင်မကြည်။ တပြည် တမြို့ တရွာ တိုက်ဖျက်လုယူ ခိုးဝှက်လှျပ်ပေါစားသော် များစွာရှိကြပါသည်။ သူမိုက်တို့ လက္ခဏာ မီးနှင့်ပမာ။ မီးမူလည်း အိုးကောင်းမသိ တွေ့ရာလောင်

(၆) တတ်ခြင်း။ သူမိုက်တုံလည်း အယုတ် အမြတ်ကိုမသိ။ အတ္တနောမတိ။ မိမိစိတ်ထင်ရာ ပြုတတ်ခြင်း။ ကမ္ဘာ သင်္ချေသင်္ချာ ကြာလေသော်လည်း သူမိုက်နှင့် ဒုက္ခကင်းနိုင်သည် ထုံသက်သေမရှိပါ။

(၇) အရှင်မင်းမြတ်။ အမတ်ကြီးလျှော်လေသော် မင်းတရားလည်း ကြိုက်တော်မူ၍ အမိန့်တော်ရှိသည်ကား၊ ကိုယ်ရံကြီး မဟာဇေယသိန်။ ဘီ။ ဘေ။ ဘိုး၊ ဘမဟာပညာကျော်တို့သည်

(၈) အမျိုးစောင့်သောတရားမြဲ၍။ အရိုးမပျက် ထီးနန်းမင်းဆက်များစွာ ပညာရှိ မဟာသာလအမျိုးမှန်သည်။ ဆင်ကရွှေပြည်။ ရွှေကွမ်းချပ်။ စီးလှေသက္ကဒါန်။ အမိုးပေါင်ဖြူ။ ဆောင်ထီးသက္ကလပ်နီ

**(ဂဲ-ဝမ်း)**

(၁) ရွှေထွတ်။ ထွေးခံရွှေရောင်။ ထမ်စင်ပွတ်တိုင်။ အပျော်ရွှေပြည်။ ထွက်စည် ဝင်စည် ရှေ့ဆောင် ရွှေသိုင်း ၂စင်။ နေကာ ငွေပစ္စန်ခွဲ။ ပေါင်ရွှေကြာချပ် ၁၅။ နားတောင်ရွှေကြာငုံ။ ပတ္တမြားထိပ်တပ်။ အိမ်လက်

(၂) တီး ၉ဆောင်။ လှေကား ၅စင်း လက်တင် ရွှေပြည့်။ မယားမှာလည်း။ ယကင်ထိပ်ဦ ရွှေကြာပွင့် ၁၅။ ပေးတော်မူသည်။ ။ သက္ကရာဇ် ၉၄၈ ခု ရောက်သောအခါ။ အရည်ဝါသီဆော်တည်တော်မူသောဓမ္မ

(၃) သာမိထသ်မြတ်ကို ပင့်တော်မူ၍ ဘဝရှင်မင်းတရားမေးတော်မူသည်ကား။ ဆရာတော်နိဗ္ဗာန် ချမ်းသာသို့ ရောက်သောပုဂ္ဂိုလ်သည် ဒါန။ သီလ။ ထို ၂ပါးကြောင့် ရောက်လေသည်။ ပညာညာဏ်ကြီးသဖြင့်

(၄) နိဗ္ဗာန်ကိုရောက်သည်။ လင်းအောင် မိန့်တော်မူပါဆရာတော်။ ယင်သို့ မင်းတရားမေးတော်မူလေသည်။ ။ ဓမ္မသာမိဆရာမြတ် မိန့်တော်မူသည်မှာ သာသနာ့ဒါရကာ ခံတော်မူ ထို

(၅) က်သောတရားမင်းမြတ်။ သစ္စာ ၄ပါးတရားကို ရှာသောသူတော်ကောင်း အလောင်းတကာတို့သည် ပါရမီ ၁၀ပါးဖြည့်ခဲ့ကြောင်း။ ကထာဝတ္ထုတို့နှိုက် ဆိုလေသည်။ ဂေါဓမ္မဘုရား

(၆) အလောင်းတော် သုမေဓာရသေ့ အဖြစ်နှိုက်။ ဘုရားပညာကို တောင့်တကြောင်း။ ကျမ်းလာသည်။ ဒါန။ သီလ။ စသည်တို့မှာ။ လူတို့အလေ့သာ။ နိဗ္ဗာန်မဂ်ဖိုလ်နှင့် အရာမဟုတ်လေ။ စတ္တာယောမေ

(၇) ဘိက္ခဝေ။ ဗာဟုတာ။ ဗဟုလိကတာ။ နိမ္မနယာ။ သစ္စိကိရိယာယသံဝတ္တန္တိ။ ထိုသို့ ဘုရားတော်အလာ။ ဘိက္ခဝေ ချစ်သားရဟန်းတို့။ စတ္တာယော။ လေးပါးကုန်သော တရားကို။ ဗာဟုတာ။

(၈) အကြိမ်များစွာ ရှုသင့်၏။ ဗဟုလိကတာ။ များစွာပွားစေ၍ နိဗ္ဗနယာ။ နိဗ္ဗါန်ချမ်းသာကို သစ္စိကိရိယာယ။ မျက်မှော်ပြုရခြင်းသည်။ သံဝတ္တန္တိ။ ၏။ ကတေမေ။ အဘယ်တရား။ ထိုနည်း။ ပူရိသသံဝေါ

**(ဂဲ-ကျော)**

(၁) သော၊ သူတော်ကောင်းပညာရှိထံ ဆည်းကပ်ချင်သည်လည်းကောင်း။ သဓမ္မသဝနံ။ ထိုသူတော်ကောင်း ဆုမ္မသောတရားကို အသင်နှလုံးမြဲခြင်းသည်လည်းကောင်း။ ယောနိသော မနသီကာယော။ ဟုတ်မှန်သော

(၂) တရားကိုရှာဘွေကြည့်ရှုလေ့လာမြဲ မြန်ချင်သည် လည်းကောင်း။ ဓမ္မနု စမ္မပတ္တိ။ လောကုတ္တရာ တရား ၉ပါဒနှင့် လျော်သောအမှုတို့ကို ကျင့်ကြသည်လည်းကောင်း။ က္ကမေဓမ္မာ။ ဤအကြောင်းလေးပါးသည်

(၃) နိဗ္ဗာနသာ။ နိဗ္ဗာန်ချမ်းသာသို့၊ သံ၀တ္တန္တိ ။ ရောက်ကုန်၏။ ယင်းသို့အလာ ပညာသာမူလအရင်း ပညာရှိမှလည်း
သူတော်ကောင်းကိုသိနိုင်ရာသည်။ တကာတော်မင်းမြတ်။ ထိုသို့မိန့်တော်မူလေသော်။ မင်း
(၄) တရားလည်း ကြိုက်တော်မူလေသည်။ မေးတော်မူသည်ကား ဆရာတော်။ လူတို့ဓလေ့၊ အာရု၊ ဝဏ္ဏ၊ သုခ၊
ဗလ။ ပတိဘလ။ ဆုငါးပါးကို တောင်၍ဥပုဒ်ပျော်ကျားစောင့်ကြသည်။
(၅) အရာများသည် အကျိုးရှိပါအံ့လော။ ဆရာတော်မိန့်တော်မူသည်မှာ တကာတော်မင်းတရား သဒ္ဓါ။ သီလ။
သုတ။ ဇာဂ၊ ပညာ၊ တီရိ ဩတ္တပ္ပဂုဏ် ၇ပါးနှင့် ပြည့်စုံသောသူ
(၆) သည်။ ၅ပါးသောဆုကို တောင်မြဲ မဟုတ်ရာလေ။ ဗာလာနံ။ သူမိုက်တို့ တုဘကြလျက်။ ရောင်ရမ်ကာနှင့်
ထိုဆု ၅ပါးကို တောင်းသော်လည်းမရလေရာ။ သူတော်ကောင်းပညာရှိတို့ စောင့်သောဥပုဒ်
(၇) ဝိတက်။ ဝိစာယ။ ပိတိသုခ ဧကဂ္ဂတာ။ ထိုငါးပါးကို ဥပုဒ်ခံယူသနေမှစ၍ စောင့်ထိန်းလျက် အသက်ထက်ဆုံ
ကောင်သောအမြင် ကောင်သောအသိ။ ကောင်းသောအကြံ။ ကောင်းသောအစာတို့နှင့်
(၈) အသက်မွေး၍ နေလေရာသည်။ သူယုတ်မာ မိစ္ဆာတို့အလေ။ ရေပူရ စောင့်သော ဥပုဒ်သော်ကာ။ ဥပုဒ်
ပေသူ ဆရာလည်း အကျင့်သိက္ခာမရှိ။ ခံသူတို့လည်း တရားမသိ။ သူမိုက်သူကန် ၂ဦးကိုဝ်

**(ဂေါ-ဝမ်း)**

(၁) အရှုးလမ်းပြသခဲ့သို့သာ။ မြတ်စွာဘုရားအဆုံမတော် ဥပုဒ်ပဝါယနာ ထိုသူတို့နှိုက် မြကပ်မတည်လေရာ။
တကာတော်မင်းမြတ်၊ မေးတော်မူသည်ကား။ ဆရာတော်အလွန်သိမ်မွေ့နူးညံ့
(၂) ကောင်းမြတ်သော မြတ်စွာဘုရား အဆုံးမ တရာသာသနာ ထင်ရှားရှိပါလျက်။ ပါရမီဖြည့်အခံ မရင့်လျှင်။
နိဗ္ဗာန်ကို ယခုဘဝနှိုက် မရနိုင်ရာ။ စာပေအထွက်နှင့်ဆိုသည်မှာ။ ထိုစာများနှင့်ဆိုသော
(၃) ဆရာတို့သည်၊ ဘုရားသခင်တရားတော်ကို ဖျက်ရာရော်သည်။ အထင်မကင်ရှိပါသည်။ မိန့်တော်မူပါ
ဆရာတော်။ ။ ဓမ္မံသာမိဆရာမိန့်တော်မူသည်ကား။ တကာတော်မင်းမြတ်။ နိဗ္ဗာန်လမ်းကို
(၄) ရောက်ပြီးသောဘုရား ရဟန္တာစသော သူတော်မြတ်တို့သည်။ ဒွေမူလ။ ၂ပါးခိုင်ခန့်သော အဝိဇ္ဇာဘုံးလွှမ်းချင်းရှိ
၍ တတ်သောတဏှာ မြဲသဖြင့်။ သံသရာရှည်သည်ကို မြင်တော်မူလေရာ။ အဝိဇ္ဇာ
(၅) နှင့်တဏှာထုံရာသော တရားရှာ၍ ကြာသောအဖြစ်တို့ကို ထုတ်ဘော်ပြတော်မူသည် အကြောင်းသာ ထင်ရှား
ဘုရား အဆုံးမတော်နိဗ္ဗာန်ကိုရော်သောတရား ရှိလျက်နုသည်
(၆) ရင့်သည်ဆိုသော သူတို့သည်။ ဘုရားသာသနာတော် ဖျက်ရာရောက်သည်။ သာသနာတော်အညစ်အလေး
လည် မှန်လေသည်။ ဘုရားမြတ်စွာ ဟောတော်မူရင်း စကားတော်နှိုက်။ ။ ယောဟိကောစီ
(၇) ဘိက္ခုဝေ။ ဣမေစတ္တာရော။ သတိပဋ္ဌာနေဇဝံဘာဝေယသတ္တဒိဝသံ။ တသဒ္ဒိန္နံ ဖလာနံ အညတ္တယံ။ ဗာဒိ
ဂဂ်ီ။ ဣမေဝဓမ္မေအညသတ္တိ ဝါဥပါဒိသေသေအနာဂါမိတာတိ။ ။ ထိုသို့သော တရားကိုဝ်
(၈) ဟောတော်မူသည်။ နိဗ္ဗာန်မဂ်ဖိုလ်အလိုရှိသော ပညာရှိတို့သည်။ ဥပါဒါန်ကျလျက် တရားတော်ကို မြဲလေရာ။
၇ရက်နှင့် အနာဂံတည်၏။ ဧကော ဗုဒ္ဓေါ။ ဧကောဓမ္မော။ ဧကော သံဃော။ ဘုရား

**(ဂေါ-ကျော)**

(၁) ဓမ္မတာ ၂ခွန် ဟောရိုးမရှိ။ တရားတော်လည် ၂ခုမလာ။ ဘုရားတပည့် သင်္ဃာတော်မှာလည်း ၂ခွန်းမဆို
တကာတော်မင်းမြတ်။ ဓမ္မသာမိ ဆရာတော်မိန့်တော်မူလေသော မင်းတရားလည်း ကြိုက်တော်မူလေ၍
(၂) ဘဝရှင်မင်းတရားက။ မြို့အရှေ့တာ ၅၀၀ကွာ ကန်လှတွင် ဇေတဝန်ကျောင်းဆောက်တော်မူသည်။ မဟာရံ
တတိုင် ၃ထပ်မှာ။ အတွင်း တတိုင်စည့်ဖြူ။ အလယ်တတိုင် စည်စိမ်း။ ပြင်တတိုင်စည့်ဝါ။
(၃) တို့ကိုသွန်စေလျက် အရံစောင် တလိုင် ၂၀၀ ရှိ ၂၀၀။ တံကုလား ၁၀၀ ကျော်စာထု၍ လှူတော်မူပြီးသော်
ဓမ္မဩာမိဆရာတော်ကို သာသနာနှင့်တကွ အပ်တော်မူလေရာ။ ကျောင်းကိုအလှူခံတော်မူ
(၄) သည်။ ကျောင်းသို့တက်၍သော်ကား နေတော်မမူ။ သာသနာကိုအပ်သည်မှာ။ ဆရာတော်က မိန့်တော်မူ
သည်ကား၊ တကာတော်မင်းမြတ်။ ဘုရားမြတ်စွာမှတပါး သာသနာတော်

(၅) ကိုပိုင်သူမရှိ။ သာသနာပိုင်ဘုရားသခင်တုံလည်း ဆပ္ပကွိတက္ကတွန် ဂါမဝါသီ၊ ပွဲကျောင်းရဟန်းတို့ကို ဆုံးမ
တော်မူ၍ မနိုင်သော် အာဏာပိုင်မင်းသို့ သာသနာရေးကို အပ်တော်

(၆) မူသည်။ နိဗ္ဗာန်မဂ်ဖိုလ်ကို အလိုရှိလျက်၊ သံသရာဘေးမှလွတ်အောင်။ ရုပ်နံခန္ဓာတရားရှုလေ့ပြုသော
သဃ်ာတော်မြတ်သို့ သာသနာတော်ကို အပ်လေသော်။ အကြင်သူတ

(၇) ယော် ရဟန်းသည် အလဇ္ဇီကျင်အံ့။ ထိုသူအား တရားသဖြင့် ဆုံးမပြောဆိုတိုက်၏။ ဒါန်မပေးအပ်။
ပေခြေသော် ဘုရားတပည့် သဃ်ာတော်မြတ်မဟုတ်ပြီ။ မင်းအာဏာခဲ့သို့ ကျင့်သောရဟန်း

(၈) အလှူခံမစားထိုက်။ စားခြေသော်။ အယံကုလော။ သံတွေသံခဲရဲရဲတောက်သော။ အရာကိုစားသုံးသည်နှင့်
တူလေရာသည်။ သူယုတ်ကိုရှောင်ခွာမှ။ သူတော်ကောင်း ဘေးလွတ်ရာသောအ

**(ဂေါ်-ဝမ်း)**

(၁) ကြောင်းတရားတော်ရှိသည်။ ရှင်လူ ၂ဦး ကိုယ်ကျင့်ဘုရား အဆုံးမတော် သာသနာရေးကို သာသနဒါယကာ
ဖြစ်တော်မူသော တကာတော် ထိန်တော်မူမှ။ သာသနာတော်ပွင့်လင်းမည်။ ရှေး။ ပ

(၂) ညာရှိဆိုခဲ့သော စကားတွင်လည်း။ ရေမြေပိုင်မင်းနှင့် အမတ်မတရား တံစိုးပန္နာ ခံယူချင်စည်လေသော်
ထိုအရပ်နှိုက် သူခိုးထားပြလူဆိုး လူသွမ်းပွားများ စစ်မက်စည်လေရာသည်။ လူဆိုးလူသွမ်း

(၃) စည်လေသော်။ အမှုစီရင်မဏ္ဍာတ်စည်လေရာသည်။ မဏ္ဍာတ်စည်လေသော်။ အပျော်အရွှင် သဘင်ပွဲမှု
စည်လေရာသည်။ သဘင်စည်လေသော် အလဇ္ဇီရဟန်းစီလေရာသည်။ အလဇ္ဇီရဟန်းစည်

(၄) လေသော်။ သိုက်ခါတ်ဓမ္မသတ်ဗေဒင်။ အင်မန္တန်ယတြာမှု စည်လေရာသည်။ သိုက်ဓါတ်ဗေဒင်စည်လေ
သော်။ ဆေးပေးသမား။ စည်လေရာသည်။ ဆေးပေးသမားစည်လေသော် လုပ်

(၅) တိုင်းစည်လေရာသည်။ သတ္တနှိတ္တံ။ ထို ၇ပါးသောယုတ်စွာအမှုတို့ စုံလေသော် ထိုဒေသနှိုက် ဘုရားအဆုံးမ
တော်မတည်၍ ကပ် ၃ပါးရော်လေရာသည်။ ယင်းသို့သော အကြောင်း ၇ပါးကို

(၆) မြတ်သောနှလုံးထားတော်မူပါတကာတော်မင်းမြတ်။ ။ ထိုသို့ မိန့်တော်မူပြီးလျှင် တိစီဝရိတ် ဆော်တည်တော်
မူသည်။ နေရာရင်သို့ ကြွတော်မူလေသည်။ ။ ဘဝရှင်သာသနာ ဒါယကာမင်လည်း

(၇) သက္ကရာဇ်ကောဇာ ၉၈၈ ခု ဝါဆိုလဆန်း ၅ရက်နေ့။ မင်းကောင်းမင်းမြတ်တို့ ဓမ္မတာမင်း အာဏာ့ပညာပ်
တော်မူသည်ကား။ ရှေးဦးစွာ မဟာသမတမင်းက ဆက်စည်လာသော မင်းရိုးကို သကျဝံ

(၈) သ။ ခတ္တိယမင်းမျိုး။ ထိုမင်းကောင်းတို့ထံ တရားသဖြင့် အနွယ်မပျက် ဆက်ကာ မင်းပါးနေသော အမှုးအမတ်
သူဌေးတို့သည်။ စောင့်ထိန်းသောအလေမြဲခြင်ကြောင့် မဟာသာလအမျိုး။ ဆေးမန္တန်

**(ဂေါ်-ကျော)**

(၁) ယတြာသိုက် ခါတ်ဗေဒင်တို့ကို မသင်မလေ့။ ဖြဟ္မစာရိ အကျင့်မြဲလျက် ထိုမင်းများတို့ထံ ဘိသိက်မင်္ဂလာ
ပြုသောသူတို့မှာ ဖြဟ္မဏမျိုး အင်မန္တန်ယတြာဗေဒင်ဒါတ်ကပန်ကိန်ခန်သိုက်စာ

(၂) ပြုဟာကထာဆေးသမား သဘော်လှေ့လျှင်ခြေချင် ကုန်သွယ်။ ရောင်းဝယ်လယ်လုပ်။ တငါ။ မုဆိုး ပန်ဘဲ
ပန်ထိမ်။ ဆင်ထိန်းမြင်းထိန်း စသောအမှုတို့ကို ပြုကျင့်ကြသူတို့မှာ။ သုဒ္ဒိယမျိုး။

(၃) ထိုသို့အမျိုးလေးပါး ပညာပ်လေသည်။ နော်နောင်ကာလနှိုက် သုဒ္ဒိယ အမျိုးကဆင့်ပွားပြန်လေ၍ မြို့ရွာတည်
ထောင်ရှိလတ်လေရာ။ နှစ်ကျိတ်ရှစ်ယော်သော သားတော်တို့ကို မြေရေပို

(၄) င်ခြားပေးတော် မူသည်။ သားမြေးဆက်ကာများသဖြင့် ပြည်ခြားပေးတော်မူပြန်လေသော်။ တရားတပြည်။
ထီလည်တရာတစင်မင်းနှင့်ချည် မင်းရိုးအမတ်မျိုးမပျက်။

(၅) ထိုမင်းများတိုင်းပြည်သူတို့ အလေ့ပြုရာ ဘာသာအလိုက် မရမာမျိုး။ စာလိုင်း ၃မျိုး။ ရှံ ၂၃မျိုး။ ကုလား
၅၆မျိုး။ တရုပ် ၉မျိုး။ ချင်း ၃မျိုး။ တို့ကို တရာတပါး ခေါ်ဆိုသမုတ်ကြ

(၆) သည်။ လူနတ်ပြဟ္မာ ၃၁ဘုံနှိုက်။ အတုမရှိသောသမ္မာသမ္ဗုဒ္ဓ ဘုရားမြတ်စွာ တရားသာသနာတော် ဘာသာ
အလေ့အယူ အကျင့်အကၡရာဆရာများနှင့် ဖြစ်ကြလေသည်။ ငါတို့မရမာမျိုးမှာလည်း

(၇) ဘုရားသိခင် ပရိနိဗ္ဗန်ယူသည်နော်။ ၆နှစ်တွင် ဘေးတော်ဖြစ်တော်မူသော စန္ဒသူရိယမင်း နတ်ရွာစံတော်မူ

လျှင် သားတော် သူရိယဓိပတိ ဆက်စိုးတော်မူသည်။ ဘုရားမြတ်စွာ အဆုမွတော်။
(၈) တရားကိုတည်သော သဃ်ာတော်အရည၀ါသီ။ ဂိုဏ်းတသန်။ ဆပ္ပဂိုရှာသူတို့နှင့် ရောနှောနေသော ပွဲကျောင်း
အလဇ္ဇီရဟန်းတင်းခြားလျက် စစ်ကြောထားခဲ့သည်။ သူရိယဓိပတိမင်း

**(ဂံ-ဝမ်း)**

(၁) က။ မင်းရိုးအမတ် မျိုးမပျက် ၂၈ဆက် ဘုရားသခင် နိဗ္ဗာန်ယူသည်နော်။ အနှစ် ၉၈၂ နှစ်ခုတွင် ဝေသာလီ
ပြည်ရှင် စူဠတည္ဆန္ဒယာမင်းသည် ဘေးတော် ကံရာဇာကြီးမင်း စံတော်မူခဲ့သော် တကောင်းပြည်
(၂) သို့ချီတော်မူရာ၊ ပြည်တော်သို့မရော်၊ လွန်တော်မူလေသော်။ မင်းလည်းမရှိ ပြည်သူညိုငယ်ရှိသည်အတွင်း
ချင်း၊ မြိုလူမျိုး၊ မြတူ ပဲဖြူ။ တို့နှစ်ယော်။ ဝိလုပ္ပန္နပြု၍ ၂၄နှစ်မင်းမူလေသည်။ အနိဇ
(၃) ဂ်လ အမျိုးအကျင့် ဆိုးသွမ်းလေရာ။ သူမြတ်သူယုတ်ကိုမသိ။ ဂါမဝါသီပွဲကျောင် အလဇ္ဇီရဟန်းတို့က။
ပန္နာလက်ဆောင်ပေးလျက်။ မင်းအခြီးအမြေ်ာကို ခံကြလေသော်။ သာသနာတော်ကွယ်
(၄) ၍ မင်းအလဇ္ဇီ။ အမတ် အလဇ္ဇီ၊ ရဟန်းအလဇ္ဇီ၊ ပြည်သူအလဇ္ဇီ၊ များကြလေသည်။ ပညာရှိ မှူးမတ် သူဌေး
အရိုးအမျိုးတို့လည်း။ စူဠတည္ဆန္ဒယာမင်းညီတော် သီရိဝံသ။ နေရာ။ ကံသာပတိ
(၅) ဣရားမြို့သို့။ ချည်းလွဲပြောင်းနေကြလေသည်။ မြိုမင်း ပဲဖြူကို သီရိဝံသမင်းသားတော် ငမင်ငတုံ လုပ်ကြံ၍
၆၁၇ကိုပယ်သော ကောဇာ ၄၁၂တွင်။ မင်းရိုးမပျက် ထီးနန်းစိုးသော အ
(၆) ခါ၊ ပုဂံမြို့သာရမွန်မင်းက။ မလွန်စားရာဇာကျော်ကို။ ရှင်ရောင်ပြု၍ လွတ်လိုက်လေရာ။ ဝေသာလီမြို့တွင်။
ရှင်ရောင်ဂါမဝါသီ။ အလဇ္ဇီရဟန်းတို့နှင့် ပေါင်း၍မှူးမိုက်မတ်မိုက်တို့ကိုဝ်၊
(၇) ပန္နာကြေးငွေပေးလျက် မင်နားသင်စွာ လျှော်လေလျှင်။ မင်လည်းမှား၍။ လိုက်နာသဖြင့် သာသနာတော်ရေး
နွမ်းနယ်ရှိလေသည်။ ငမင်ငတုံက မင်းရိုး ၆ဆက်။ စန္ဒသူမင်းလက်ထက်။ ကော
(၈) ဇာ ၅၄၀ကို ဖြို၍ နှစ်ခု မှတ်သားကြသည်ကာလတိုင်။ သာသနာတော်ရေး မရှင်းမလင်း ရှိသည်နှင့်။
မင်းဆက်မပျက် စန္ဒသူမင်းနော် ၉ဆက်။ မင်းဇောလက်ထက်။

**(ဂံ-ကျော)**

(၁) အစွယ်ခေါခေါ မင်းဇော ပုဂံဆန်လွတ္တန့်။ ပုဂံမြို့မှာ သိုက်ထွက်ဆိုသည်၊ ဝေသာလီကျောက်လှေကားမြို့
မင်းဇောကို။ ယတြာပြုခဲ့ရမည်။ ပုဂံမြို့ ကြည်စိုးမင်းက ယတြာတတ်အလဇ္ဇီ။ ဘာတ
(၂) လုံရှင်ရောင်ကို။ ကောဇာ ၃၃၅ခုတွင် စေလွှတ်ပြန်၍ ရော်လာသော်။ မင်းဇောလည်း သာသနာတော်ရေကို
ရှင်လင်တော်မူသည်အတွက် ဝေသာလီမြို့ရှိ အလဇ္ဇီရဟန်းတို့နှင့် ဘားတလုံပေါရှက်ပြီးလျှင်
(၃) မင်းဇောကို ယတြာပြုလေလျှင်။ လွန်တော်မူသည်။ မင်းဇောသားတော်မင်းကုလား ထီးနန်းတက်တော်မူ
သော်။ ဘားတလုံးလည်း။ ပုဂံသို့ ထွက်ရှောင်ပြေးလေသည်။ ဝေသာလီမြို့တွင်ရှိသော ဂါမဝါသီ
(၄) အလဇ္ဇီရှင်ရောင်တို့ကို အကုန်သိမ်၍ရသည် ရဟန်း ၈၅၀၀တို့ကို မဟာမုနိဘုရားမှာ ၁၅၀၀ လှူတော်မူသည်။
မျက်ရိတ် ဆင်ထိန် မြင်ထိန် အစုမှာ ၂၀၀၀။ ဝင်း ၄မျက်နှာမှာ ၂၀၀၀။ လယ်
(၅) တော်လုပ် လမိုင်မှာ ၃၀၀၀။ အသီးအသီး ဖြည့်တော်မူပြီးမှ။ အရည၀ါသီသဃ်ာတော်မြတ်ကို ရှာစေသော်။
ဂစ္ဆာဘနဒီမြစ်ညာဥတ္တရသကြံ့ မြို့ဟောင်း တောင်တောကိုမှီလျက်။ တိ
(၆) စီဝရိတ် ဆော်တည်တော်မူသည်။ မုနိသုဓမ္မဆရာတော်နှင့် သဃ်ာ ၂၅ပါသာတွေလေ၍ ပင်ခေါ်ပြီးလျှင်။
မြို့အရှေ့တာ ၂၀၀၀ကွာ။ မိဂပပ္ပတတောင်တွင်။ သတင်းသုံတော်မူပါ။ မင်က တောင်ပန်လေရာ
(၇) သီတင်းသုံးတော်မူသည်။ မှူးမတ်တို့မှာ လည်ရှေမင်းလက်ထက် အရိုအမျိုးမှန်သည်ကို ရွေစစ်တော်မူ၍
ပညာအရည်အလျော်မြောက်မြင့်တော်မူသည်။ မင်းနှင့်အမတ် အကျင့်တူလေသော်။ ပြည်သူ
(၈) လည်ကိုယ်ကျင့်တရားထိန်ကြ၍ သာသနာတော်ပွင့်လင်းသူခိုးထားပြ မပေါ်မရှိ။ တိုင်းပြည်သာယာသည်
ဖြစ်၍ မှူးကောင်းမတ်ကောင်း ပြည့်စုံသောကြောင့်။ ကောဇာ ၃၇၄ခုတွင်။ ပုဂံမင်း

**(ဂါး-ဝမ်း)**

(၁) နော်ရထာလာရောက်လေသော်။ ၂ပြည်ထောင်သတ္တဝါ မပင်မပန်း အသေအပျက် မရှိစေရ။ ဘုရားမြတ်စွာ
တရားတော်နှင့်လျော်ညီအောင်၊ လျှော်လေရာ။ မင်းလည်း သာသနဒါယကာမှန်၍ နှလုံးသင်စွာ

(၂) သမီးတော်မင်းထီးလိုင်ဖြူကို နော်ရထာမင်းသို့ပေးလေလျှင်။ ရန်စစ်မရှိ။ ၂ပြည်ထောင်မိတ် ဝင်ကြလေသည်။
မင်းကုလားသားတော်။ မင်းဘီလူးသော်ကား အလွန်ဆိုးသွမ်း ပျော်ရွှင်သဘင်လေ့လာလျက်

(၃) ပြုပြန်ရာ။ အမတ်တို့နန်းကချ၍ အမတ်ထားပိုင်ကြီး။ ဆေးအိုနန်းတက်လေသည်။ မင်းဘီလူးသား မင်းရဲဘယ
သား မင်းနန်တို့ ၂ယောက် ပုဂံမြို့သို့ ထွက်ရှောင်ပြေးလေလျှင်။ မင်နန်ကို ပုဂံမင်း အလောင်းစည်သူ

(၄) ကောဇာ ၄၇၂ခုတွင် နန်းတင်လာသည်နှင့် ပျူတလိုင်း၊ ရဟန်းတို့ လာရောက်ထွေးရှက်ရောနှောလေသော်။
သာသနာတော်မှေးရိ၍ ဂါမဝါသီအလဇ္ဇီရဟန်းတို့ ပေါ်ထင်ပြန်လေရာ။ ဘေးတော်

(၅) မင်းနန်က။ မင်းရိုးမပျက် ၁၈ဆက်အနုလုံမင်းလွှက်တော်ရောက်မှ သာသနာတော်ရေကို စစ်ဆေးရှင်းလင်းတော်
မူသည်။ အနုလုံမင်း သားတော် အလော်မာဖြူက ၅ဆက်ကောဇာ ၆၄၄ ခုတွင်

(၆) ဘေးတော်မင်းထီး။ သက်တော် ၉နှစ်နှင့် ထီးနန်းစိုးတော်မူလေသော်။ အရှေ့သက်မျိုးမင်းလျှင်
စောကရန်စတင်လှာရာ၊ ကိုယ်ရံကြီးအမတ် စည်သူရာဇသင်္ကြံ ကို ချီစေ၍ မင်းလျှင်စောနှင့်သား ၃ယောက်
သမီး

(၇) မော်။ သက်လူမျိုး ၁၀၀၀၀ကျော် ခေါ်ယူခဲ့သည်။ သက်ရဟန်း ၂၀၀ကျော် ပါလာသည်။ ရဟန်းတို့နှင့်ထွေး
ရှက်ရှိလေသော်။ သာသနဒါယကာ ခံတော်မူထိုက်သောမင်းမှန်၍သာ

(၈) သာသနာတော်ကို မညှိုးမနွမ်းစေရ။ သီးသန့်ထားတော်မူခဲ့သည်။ သားတော်ဝရဓမ္မရာဇာတိုင့်။ အရောင်မညို
ဝရဓမ္မရာဇာမင်း သားတော်နရမိတ်လှ ကောဇာ ၇၇၄ခုတွင် မင်းဖြစ်သောအခါ။ မင်းကျင့်မရှိ

**(ဂါး-ကျော)**

(၁) ၍ မှူးကောင်းမတ်ကောင်းတို့ လျှော်သောစကားကို မနာမယူပြုလိုရာ နေလေသော်။ မင်းလျှင်စောမြေး
မင်းဆွေက မင်းရဲကျော်စွာကို စေလွှတ်ချီရောက် တိုက်ဖျက်လျှင် နရမိတ်လှအနော် မျက်နှာနိုင်ငံတော်ကုလား

(၂) ၁၂မြို့သို့ ထွက်ရှောင်နေရလေသည်။ လောင်းကြက်မြို့ကိုလည်း ပျူတလိုင်းတို့ ၃ဦးသား၊ လုယူတိုက်ဖျက်
လွှမ်းမိုးနေကြလေရာ။ နရမိတ်လှမင်းက ကုလား ၁၂မြို့ကို ဒီလီပြည်မင်းသို့ လက်ဆောင်ပေ

(၃) ၍ စစ်ကူတောင်လေသော်။ ဒီလီမင်းက ၇၉၁-ခုတွင်။ ရဲမက်အများနှင့် ဘေးတော် နရမိတ်လှကို နန်းတင်
သည်။ ၇၉၂-ခုတွင် မျှော်ဦးမြို့ကို တည်၍ စောမွန်ကြီးမင်းမည်ကို ခံတော်မူသည်။ မင်းရိုးမပျက်

(၄) ဘိုးတော်သံတွဲစား မင်းဗာကြီး ကောဇာ ၈၇၈ခုတွင် ထီးနန်းတိုင်းပြည် စိုးတော်မူမှ အနောက်ပြည်သို့ ချီတော်
မူလျှင် ဒီလီမင် စစ်ဘက်ပြိုင်၍ မနိုင်လေရာ။ ကုလား ၁၂ မြို့ကို အပ်သည်။ ပြန်တော်မူခဲ့၍ ပြဉ်

(၅) တော်သို့ရောက်သော်။ သာသနာတော်ရေကို စစ်ဆေးရှင်းလင်းတော်မူသည်။ ဂါမဝါသီ။ အလဇ္ဇီ ရဟန်မရမာဖြူ
သက်ကန်ရန် တလိုင် ၁၂၀၀၀ ရသည်။ ရှင်ရောင်တို့ကို။ ဆင်ထိန်း၊ မြင်းထိန်း။ ဝင်း

(၆) ၄မျက်နှာ။ လယ်တော်လုပ်အစုဖျားမှာ ဖြည့်တော်မူသည်။ ပညာရှိတယောက် အသိညာဏ်ကို သူမိုက်အများ
မြင်နိုင်မြဲမဟုတ်။ မနောပုပ္ပဂ်မာဓမ္မဘုရား စကားတော်လာသည်အတိုင်း စိတ် ၂လုံ

(၇) မှာသာ မူလအရင်းဖြစ်သည်။ သူတော်ကောင်း အကျင့်အကြံ အပြောအဆို သူမိုက်ကြိုက်မြဲ ထုံမရှိ။ ပညာရှိ
စကားကို ပညာရှိသူမှကြိုက်လေသည်။ သူမိုက်မှာလည်း သူမိုက်ချင်းချင်း ကြိုက်ညီ

(၈) လေသည်။ အကိုးမြို့သို့ ချီတော်မူခိုက်။ ပြည်တော်မှာ ရှေးထုံး ဥပဒေ။ ပျက်နှင်သည်။ ပြန်တော်မူမှ။
အမိန့်တောတမ် အာဏာထားတော်မူသည်အတိုင်း ငြိမ်ဝပ်ကြလေသည်။ ဂါမဝါသီ၊ ပွဲကျောင်း

**(ဃ-ဝမ်း)**

(၁) ရဟန်းတို့က၊ မင်းအချီးအမြှောက်ကို ခံလိုကြောင်း တဦးနှင့်တဦး ငြိုညင်ကြောင်း၊ လှူ၍ရသောပစ္စည်းကို
ရောင်း၍ဥစ္စာဆည်းဆူကြောင်း ရွာသူတို့နှင့် ရောနှောဟင်းခွက်ကမ်းလှမ်းကြောင်း

(၂) ရွာသူဥစ္စာပစ္စည်းကို အအပ်အနှံလက်ခံကြောင်းများကို ကြားတော်မူရပြန်သည်။ နိုင်ငံတော်အတွင်း ဂါမဝါသီ ရွာသူတို့နှင့် ရောနှောနေသည်။ အလဗ္ဗိရှင်ရောင်တို့ကို၊ ကိုယ်ရံကြီးမဟာ

(၃) ဇေယသိန်ကသိမ်း၍။ လက်ဝဲနံ။ လက်ယာနံတွင်၊ ချင်သေ့ရုပ်ထိုး၊ သင်းကိုယ်ရံမှာ ဖြည့်။ အရညဝါသီသင်္ဃာ တော်မြတ်တို့မှာ တိစီဝရိတ်ဆော်တည်တော်မူမြ။ ငြိမ်ဝပ်စွာ သတင်းသုံးတော်

(၄) မူကြစေ၊ ။ ဘကိုးမြို့က ယူခဲ့သည့်စာ ရှိရင်းကျမ်းစာများသည် ဘုရားစကားတော် ပါဠိတလုံးလျှင်၊ တထောင် ပွားများအောင် ကျမ်းပြုစုသည်ဆို၍ အကျော်အစောအလို

(၅) ရှိသောရှင်လူဆိုတို့ ပြုလုပ်စာလည်း ရှည်သည်။ လက်ခုပ်ပွင့်နှင့် ကတိုးအတူ ထားလေရာ။ လက်ခုပ်ပွင့် အနန့်ကြောင့်၊ ကတိုးပျက်သခဲ့သို့။ ဘုရားသခင် စကားတော်ရင်း ဝိနည်းငါး

(၆) ကျမ်းသုတ် ၃ကျမ်း၊ အဘိဓမ္မာ ၇ကျမ်း ပျက်စီးလေရာသည်။ လုပ်တရားများနှင့် ပြုလုပ်သည်ကျမ်းစာတို့ကို။ ကိုယ်ရံကြီးအမတ် မဟာဇေယသိမ်က။ ကုံစင်အောင်သိမ်း၍ ဓမ္မသာမိဆရာတော်

(၇) နှင့်ဘတ်နာကြည့်ရှုပြီးလျှင် ဘုရားသခင်နိဗ္ဗာန်ယူတော်မူသည်နော် ၂၀တွင်။ ဘေးတော်သူရိယဓိပတိမင်း၊ သန့်ရှင်း၍ထားတော်မူခဲ့သည်။ ပဏ္ဏာမသုတ်ကျမ်းအထွက်အတိုင်း သီဟိုဠ်ကျမ်းမှာ ၃ကြိမ်

(၈) ကူးယူသည်။ ပနာမသုတ်ရှိလျှင် ပနာမသုတ်။ မထူးမခြား တသံတည်းထွက်သည်။ ပဏ္ဏာမသုတ်အထွက်နှင့် မညီ။ ကွဲလွဲသမျှ သင်္ဃာယဏ္ဏာတင်အဝင်ကျမ်း မဟုတ်။ နော်ကို ပြုလုပ်သည့်ကျမ်းစာများဖြစ်သည်။ ဝိနည်း

**(ယ-ကျော)**

(၁) ၅ကျမ်း သုတ် ၃ကျမ်း။ အဘိဓမ္မာ ၇ကျမ်းများမှာလည်း ဘုရားသခင်က မအပ် ပညတ်တော်မူရင်းရှိလျက် မှားမိကြူးမိသော် အာပါတ်ဖြေလျှင်ပြေသည်။ ယင်းသို့ပါသည် အရာများသည် ရှိန္နုလူမျိုးတို့

(၂) မှာလည်း အပြစ်ရှိရာ ဂင်္ဂါရေချိုးလျှင် ပြေသည်အယူနှင့် တူကြလေသည်။ ဘုရားဓမ္မတာ ၂ခွန်း ဆိုတော်မူ ရိုးမဟုတ်။ ပုထုဈာန်တို့ ပြုလုပ်သွင်းထားသည် စကားသာဖြစ်သည်။ ပိဋကတ်ကိုလည်း ကုန်

(၃) စင်အောင် ဘတ်နာကြည့်ရှု၍ ဘုရားဟောတော်မူရင်း စကားတော်နှင့်ဆန့်ကျင်ဘက် ပါသမျှကို နုတ်၍ ဘုရားစကားတော်မူရင်းကို အက္ခရာသီးသန့်ထား။ နန်မြို့အရှေ့မျက်နှာ မင်းထွက်တံ

(၄) ခါးက။ သားစိမ်း ငါးစိမ်း သွင်ထုံးမရှိ ဖြစ်သည်။ မသွင်းမထုတ်စေနှင့်။ ညည့်နာရီ ၂ဗဟိုရ်တွင်။ နန်းဦးက သာယာသော တူရိယာတီးမြဲကို တီးစေ၊ ၃ ဗဟိုရ်တိုင်သော် ကြက်သ

(၅) ရေဆောင်တောင်နန်းဦးက ပရိတ်ရွတ်ပုဏ္ဏား ရှစ်ယော် ပရိတ်ရွတ်မြဲကို အလှည့်နှင့်နေ့စည် ပရိတ်ရွတ်စေ၊ ဟူးရားတတ် ပုဏ္ဏားတို့ကလည်း ဂြိုဟ် ၈လုံး။ နက္ခတ် ၂၇လုံး

(၆) တာရာကြီး ၉လုံးတို့သည် အစည်သွားမြဲလမ်းမှန်မမှန်။ ဆုပ်တက်ရပ်နေ ရှိခိုက်အကြောင်း ထင်မြင်သမျှကို ညည့်စောင့်အလှည့်ပုဏ္ဏားတို့လျှော်ထုံးမြဲထုံးအတိုင်း လျှော်စေ။ အရှေ့နန်းဦး တောင်နန်းဦး

(၇) မြော်နန်းဦး အနော်နန်းဦးများတွင် ထားမြဲဆင်တော်တစီးကိုလည်း၊ မုံမန်ဝင်သည်၊ လွတ်ရှင်သည် အမတ်တော် ဆင်ကဲကြီး ကြည့်၍သွင်းစေ။ အနော်တံခါးက၊ မင်းညီမင်းသားမှစ၍ ဝင်ထွက်သည်

(၈) ထုံးမရှိ။ မဝင်မထွက်စေနှင့်။ ထွက်တော်မူလျှင် စားတော်ကွမ်း စားတော်ရေ မင်းဆောင်များကို ကြက်သရေ ဆောင် နန်းတံခါးပြင်ရော်မင်း ကိုယ်လုပ်တို့ပို့မြဲဖြစ်သည်။ ထုပ်ပေးစေ။ တံ

**(ယါ-ဝမ်း)**

(၁) ခါးပြင်တွင် အဆောင်တော်တိုင်တို့နှင့် ရွှေစာဘတ် ၂ယော်နေ၍ မှတ်သားစွဲကိုင်မြဲသူတို့သို့ အပ်စေ။ အတွင်မူ နှင့်ဆိုင်သမျှကို အတွင်းအမတ်လက်ဝဲမြင် လက်ယာမြင်တို့ မလစ်ဟင်းစေရ။ စီရင်။ ။

(၂) ကိုယ်ရံကြီးအမတ်တော် သွားလာလျှင် ရွှေဆောင်ရွှေဆိုင်း လက်ဝဲလက်ယာ ၂စင်။ သင်းမျုး ၈ယော်။ ပေါင်နီ ၇ယပ်ကိုင်၍ ရှေ့ကလိုက်စေ။ မောင်ခရာစည်တီးမှုတ်စေ။ ပြည်စိုးကြီးအမတ်တော်

(၃) မှာ။ လက်ဝဲလက်ယာသိုင် ၂စင်။ စချီ ၈ယော်ပေါင်စိမ်နှင့် ယပ်ကိုင်၍လိုက်စေ။ မောင်ခရာဆောင်စေ။ ဆင်ကဲကြီးအမတ်တော်မှာ လက်ဝဲလက်ယာ သိုင်၂စင်ဆောင်စေ။ ဆင်စချီ ၈ယော် ဆင်ချွန်

(၄) ကိုကိုင်လျက် ရှေ့ကလိုက်စေ။ မောင်ခရာလေဆာင်စေ။ ထားပိုင်ကြီးအမတ်မှာ လက်ဝဲလက်ယာသိုင် ၂စင်

ဆောင်စေ။ ထောင်ကဲ ၈ယောံ အရွက်တတောင် အရိုတတောင်ရှိသည်ထား။
(၅) ကိုစွဲကိုင်၍ ရှေ့ကလိုက်စေ။ မောင်ခရာဆောင်စေ။ ။ သံတွဲစား။ သီလပ်စား၊ ဒါကာစား။ မော်သူဇာစား။
မင်တုံစားတို့မှာ။ လက်ဝဲလက်ယာသိုင်း ၂စင်။ မောင်ခရာဆောင်စေ။
(၆) ရေကြောင်းသွားလျှင် အလံဖြူ ၄စင် အလံနီ ၄စင်စိုက်ထောင်၍ စည်တီးစေ၊ အတွင်တော်မှူးအမတ်
လက်ဝဲမြင်လက်ယာမြင်တို့ ၂ယော်မှာ။ လက်ဝဲလက်ယာသိုင်း ၂စင်းနှင့် မောင်ခရာဆောင်စေ။
(၇) ထိုပြင် မြို့စားချောင်းစားတို့မှာ ကြိမ်ခွေတစင်းနှင့်။ မောင်ခရာ ရှေးထုံးစံရှိသည်အတိုင်း မယုတ်မလွန်စေရ။
မှူးမတ်တို့မှာ ဆောင်မြဲကိုဆောင်စေ။ ပြည်စိုးကြီးအမတ်တော်က ရွှေတောင်တွင်
(၈) တည်သည် ဇာတိရုပ်ထုများကို ဓမ္မသာမိဆရာတော်ကို ပင်၍ အနေကစာတင်လိုကြောင်း လျှောက်သည်မှာ
ဘုရားမြတ်စွာသည် သံသရာတည်း ဟူသောဝဲဩဃကို ကူးမြော်တော်မူ၍ သစ္စာ

## (ဃါ-ကျော)

(၁) ၄ပါးတရား တဏှာတတ်ရာသော အဝိဇ္ဇာမှောင် ဘုံးလွှမ်းကြောင်းကို အလင်းမြင်တော်မူလျှင် ပုနပုန္န။ တဘန်၊
သံသရာတည်းဟူသော အမြစ်တဏှာကို။ မပြုရပြီ။ ဝမ်းမြော်တော်မူ၍ အနေကဇာတိ သံသာယံ
(၂) စကားကို ရှေးဦးစွာဆိုတော်မူသည်။ ရုပ်ပွားဆင်းတု ဇာတီပုထိုးများမှာ အနေကစာတင်ရံဘုရားသခင်
ဟောတော်မူရင်း မဟုတ်ဖြစ်သည်။ ဇာတီပုထိုး ရုပ်ပွားဆင်းတုများကို အနေကစာတင်ကြလေသဉ်
(၃) မှာ၊ မှားသောအသိအမြင် အလေ့ဖြစ်လေသည်။ ။ ရှေးဖြစ်ခဲ့သော နိဇဂ်လ။ မင်လက်ယာသူ။ ကျော်သူ။
ရန်မျိုးသူ။ မြတူ။ ပဲတူ၊ ဆေအို။ မင်ပတိ။ ၈ယော်မင်းတို့သည် အရိုး
(၄) အရိုးမမှန်၍ အယုတ်အလွန်အပြုအကျင့်များသည်။ ငါတို့ မင်းရိုးမင်းမျိုးကလည်း စန္ဒသူငယ်၊ မင်းဘီလူး။
ဥဇနာငယ်။ နရမိတ်လှ။ မင်းလေးယောက်သည် အမျိုးစောင့်သောအကျင့်
(၅) မရှိ။ အပျော်အရွှင်သဘင် လေ့လာလျက်။ အတ္တနောမတိ။ သုစိတ်ကြိုက်ရာနှင့် ပြုလေ၍ သာသနာတော်
နွမ်းရိပြည်သူညှိုးငယ်၍ ရာဇသုညဖြစ်လေသည်။ မင်း ၁၁ဆက်တို့လွှတ်။
(၆) ထုံ။ ဥပဒေ မှူးမတ်အဆောင်အရွက် အမည်အရည်ပေးခဲ့သမျှကို မမှတ်မသား မတွင်စေနှင့်။ ပေးခဲ့သည်
စာရှည်စာတိုရှိလျှင် ကုန်စင်အောင်သိမ်။ အရှေ့ပုဂံသား။ ဘကိုးသား တောင်ငူသား (၇)တို့ အဖြူအလေ့ကို
မြင်တော်မူခဲ့သည်မှာ။ အိမ်ရာအနီအစပ် အကြားများတွင် ဇာတိပုထိုး ရုပ်ပွားဆင်းတုများကို တည်လုပ်ပြီးလျှင်
ရွှေငွေဌာပနာ သွင်းသည်။ ယင်းသို့သွင်းထားသော် ရွှေငွေတို့ကို
(၈) လို၍ တဦးသူဖျက် ဖြိုတူးဘော်ယူသည်။ ရွှေငွေများလည်း အဆိုးအကောင်းနှောလျက်။ မသန့်မရှင်း
မင်းဘဏ္ဍာတိုက်တော် ကျီကျသို့ ရော်ပြန်သည်။ မှူးမတ်ပြည်သူ အနှံ့သုံဆောင်ပြန်လေသည်။

## (ဃီ-ဝမ်း)

(၁) မအပ်မလျော် ရှေးဘေးလောင်းတော်မင်းများလက်ထက်။ ထုံးကိုသာ အမှန်တည်စေ။ ဒါနကုသိုလ်ပြုရာ၌
လည်း အကျော်အစောကိုလို၍ ကျွဲနွား ကြက် ဝက် သတ္တဝါတို့ကို သတ်ညှစ်ပြီးလျှင် ပေးလှူကျွေးမွေးသ
(၂) ည်လည်း သူတော်ကောင်းအလေ့မဟုတ်။ သူမိုက်အလေ့အကျင့် အကုသလာများအောင် နွား ကြက်
ဝက်တို့ကို သတ်ညှစ်မရောင်း မဝယ် မကျွေးမမွေးစေနှင့်။ ။ ဂေါတမဘုရားအ
(၃) လောင်းတော်ပါရမီပြည့်ကြောင်း ကထာစကားလာသည်မှာ။ ဒွန်းစန္ဒား။ အမျိုးနှိုက်ဖြစ်သော်လည်း သူတော်
ကောင်းအလေ့ ဒုစရိုက်ဆယ်ပါးကို ကြည်လျက် ရှာမှီးသောပစ္စည်းနှင့်
(၄) ဒါနပါရမီကို ဖြည့်တော်မူသည်။ သီလမှာဆောက်တည်တော်မူသော ကိုယ်နှုတ်နှလုံး သုံးပါးထိန်းတော်မူ၍။
အစည်အတိုင်း မြဲသဖြင့် သစ္စာလေးပါးတရားကိုဝ် အလင်း
(၅) သိတော်မူလျက် သပ္ပညုတဉာဏ်တော်ကို ရတော်မူ၍။ သုံဆဲ့ယ်တဘုံသားတို့အတွက် အထွတ်အထိပ်စရာ
ဖြစ်တော်မူသောဘုရားသခင်သည် သမာပညာရှိသောသူတို့အား ပြသဆု
(၆) မွ၍။ တရားစည်ကြီး ထီးတော်မူသည်။ တပြည်တမြို့ အစိုးရသော ပြည်ရှင်မင်းမူသည်။ သာသနာဒါယကာ
မဟာဓမ္မရာဇာမင်းတို့ ဓလေ့၊ ပြည်သူတို့ကို အပါယ် ၄ါး မလားစေရ ပြသဆုမ္မတော်မူမြဲ ဖြစ်သ

(၇) ည်။ ပြည်သူတို့လည်း ကောင်းသောအလေ့အကျင့်ကိုသာ ကြိုက်သင်သည်။ ကာယကံ ၃ါး။ ဝဇီကံ ၄ါး။ မနောကံ ၃ါးတို့သည်။ သီလမာကာ။ ပညာရှိအလေ့မှန်သည်။ အဒိန္နဒါနာ။ သုဥစ္စာကို

(၈) ခိုင်းခြင်း၊ ပါဏာတိပါတာ။ သုအသက်ကိုသတ်ချင်း။ ကာမေသုမိစ္ဆာစာရာ။ သုမယား သုသမီးတို့ကို ဖျက်ဆီး သုမုပြုချင်း။ ဖရုဿဝါစာ။ အသရေအရှက်မရှိ။ ရုပ်နွမ်၊ ကြန်၊ တန်။ သွမ်းသောစ

**(ဃိ-ကျော)**

(၁) ကားကိုဆိုချင်း။ ပိသုနဝါစာ။ အကျိုးမရှိ ပိန်းပြင်ပြော်ရွှင်သဘင်လေ့လာမှုကို ကျင့်ချင်။ သမ္ဗပ္ပလာပဝါစာ။ သရော်ဟောရမ်ပြောဆိုတတ်ချင်။ မုသာဝါဒါ။ သူတော်ကောင်း ပညာရှိကိုမသိ။ သူ

(၂) မိုက်ဟူ၍ဆိုချင်း။ သူတထူး ကြေးငွေအလျော်ကျအောင် စည်းလဲပြောဆိုချင်း။ အဘိဇ္ဈာ။ မတရားသောအမှုတို့ကိုကြံချင်း။ ဗျာဘာတ။ သူတပါးပျက်စီးလျှင် ဝမ်းမြော်ချင်း။ မိစ္ဆာဒိဋ္ဌိ။ ဟုတ်မှန်သော

(၃) တရားကိုမသိ၍ ရေပူရရောင်ရမ်းမှာချင်း။ ဤတရားဆယ်ပါးကို ကြည်ရှောင်မှ၊ ပညာရှိသူတော်ကောင်း သုစရိုက်မှန်သည်။ အသက်ထက်ဆုံး သူတော်ဓလေ့ကို မြဲမြဲကြစေ၊ နိုင်ငံတော်အတွင်း

(၄) စေ့နှံ့အောင်။ မြို့စား ရွာစား ချောင်းစားတို့ကိုဆင့်၊ တနေ့တကြိမ်။ မောင်းခတ်တီးစေ။ မြို့တော်တွင်လည်း တနေ့တကြိမ် ဘတ်ပြောနာစေ၍ မောင်းခတ်။ မိဘတို့က သားသ

(၅) မီးတတ်အောင် သွန်သင်ပြသ ဆုမ္မကြစေ။ သဒ္ဓါအဘိဓါန် အလင်္ကာဆန်ကလာပ်။ ဒန္ဒီဗျာကရိုင်းစာများမှာ ရသေ့ ဇော်ဂျီ ပုဏ္ဏားပြုလုပ်လေ့လာသောကမ္ဘာ

(၆) ကျမ်းစာဖြစ်သည်။ ကုန်စင်အောင်သိမ်း၍ ဘိသိက်တော်ဆက်။ ဗြဟ္မဏပုဏ္ဏားတို့ကို အပ်။ အက္ခရာပြီသ အောင်သင်စေ။ သမရဇု။ ဗေဒင်တန္တု။ ဆရထွေ့။ ပါရာ။ ထိပ်တုံ၊ အင်း။ ယ

(၇) တြာ။ မန္တာန်ဂါထာ။ ဆေးပိန္နောစာများကိုလည်း သုတ္တိယပုဏ္ဏားတိုဝ့်သိုဝ့်အပ်။ ရှေသုတ္တိယပုဏ္ဏား အလေ့ အလာဖြစ်သည်။ တတ်ကျွမ်းအောင်သင်စေ။ ထိုဝ်စာများတွင်။ အက္ခရာ

(၈) ပျက်လျှင်။ ခတ္တိယပုဏ္ဏားတို့က ရေးသားစေ။ ဓမ္မသတ်စာမှာ။ ဗာရာဟိရ အကျိုးမရှိ။ အပြစ်သာများသည် ဖြစ်၍ သူတော်ကောင်းပညာရှိအသုန်း။ စီရင်ရန် အမှုကြီးငယ်ရှိသ

**(ဃီ-ဝမ်း)**

(၁) မျှကို။ ရှေးမင်းကောင်း မင်းမြတ် မှူးကောင်း မတ်ကောင်း ပညာရှိစီရင်ဆုံးဖြတ်ထားခဲ့သည် ထုံတန်ထွက် အတိုင်း စီရင်။ ။ ပြည်သူတို့ချင်း ရောင်းဝယ်မြီချရှိကြသည်မှာ။ သပြာ ၁၀၀လျှင် တလကို

(၂) ၂သပြာခဲ့သာ အစီးအတိုး ယူစေ၊ တဦးကိုတဦး ကြူးလွန်သောင်သတ်လက်ရော်နာကျင်စွာ ပြုသူကိုရင်တွင် စာထိုး၍ ခံရသူသို့အပ်။ ကျွန်ပြုစေ။ ဝန်းဝိုင်းသူ အားပေးသူတို့ကို မောင်လှည့်။ အချက် ၅၀ ဒါန်

(၃) ခတ်၊ လူရည်တူ ပြည်သူတို့ချင်း တဦးမယားတဦး ကြူးလွန်ပြစ်မှားလျှင်။ မိန်းမယော်ကျား ၂ယော်ကို နဘူးမှာ စာထိုး၍ လမိုင်အစုမှာဖြည်။ ရေမြေရှင်မင်းမှတပါး။ ပြည်သူကို ပြည်သူချင်းမပိုင်လေ

(၄) ရာ။ ကျွန်ရိုးကျွန်ပိုင် မဆိုစေနှင့်။ ဘိုး။ ဘ ဝယ်ရင်ကိုယ်ဘိုး ငွေကိုသားမြေတို့က ဆပ်လျှင်။ လွတ်စေ။ မှူးမတ်ဖြစ်လျက် အကျင့်မရှိ တရားမစောင့် သုမယား သုသမီးကို ဖျက်ဆီး

(၅) မှားယွင်းကြူးလွန်သော်။ သူယုတ်လက္ခဏာအဝင် ကျင့်ကြံသူဖြစ်သည်။ မင်မသုံးအပ်။ ဥတုရာသီ မဖြောင့် မိုးရေမမှန် ပြည်သူ ညှိုးငယ်ရှိလေရာသည်။ နဘူးမှာစာထိုး၍ မြေခြား

(၆) ရေခြား ရော်အောင်ပို့။ ။ ပြည်ထောင်မင်းချင်း ရန်စစ်ပွားများကြ၍ လူ့ကုထူထောင်စစ်ရေးဆင်ကြလေရာ။ တဦး-ညှိုးငယ်ပျက်စီး၍ ဘမ်းခေါ်ယူခဲ့သည်န လူတို့ကို ကြေကျွန်ပြုလုပ်၍ ကိုယ်ဘိုးငေ

(၇) ကြငွေမစား မယူစေနှင့်။ ပျော်ပိုက်ရာနေထိုင်စေ။ ကခြေသဘင်သည်တို့မှာ လည်ရှေအစည်က။ တီးရိုးကိုသာ တီးမှုတ်စေ။ သဘင်ပြုရာနှိုက် အမင်္ဂလာသရော်ကြမ်းထန်အထူအဆန်သော

(၈) စကားအပြောအဆိုအက အခုံ အတီးအမှုတ် မပြုမကျင့်စေနှင့်။ ကြည်းရေသွားလာသည်ကုန်သည်တို့ကို မည်သည့်ဆိပ်ကမ်းမဆို ရောင်းဝယ်ဘော်ကားစေ။ အကော်အစားအ

**(ဃီ-ကျော)**

(၁) အခေါ်အမေး မရှိစေနှင့်။ မြို့တွင်းမြို့ပြင်များမှာ မသိုးမသန့် အနံအစော်မရှိသင့်။ နေစည်ဟရီတို့က ကုန်စင် အောင် ရှေ့ထုံစံအ

(၂) တိုင်းသုတ်သင်ရှင်းလင်းစေ။ ။ ရှေးဘေးတော် ဘီတော် ဘိုးတော် ခမည်းတော်တို့နည်း အမိန့်တော်ကြီး မင်းအာဏာထုတ်ပြန်သနား

(၃) တော်မူသည်။ ။ သာသနာဒါယကာ မင်းရာဇာကြီး နံတော် ၂လ်ာ မင်းသားစည်းစိမ် ၃၇။ မင်စည်စိမ်တော် ၆၀ ။ သက်တော် ၉၇

(၄) နှင့်ကောဇာ ၉၉၇ တွင် နတ်ရွာစံတော်မူသည်။ မင်းရာဇာကြီးအရေးတော်စာတမ်းပြီးပြီ။

(၅) သားတော်မင်ခမောင်။ သားတော် မင်းသီရိသုဓမ္မရာဇာ။ မင်းရာဇာကြီးအော်ကို မင်း ၃ဆက်သက္ကရာဇ်ကော

(၆) ဇာ ၁၀၀၂ခုတွင် သကျသာကီဝင်မင်း ရာဇာကြီး အမျိုးတော် မင်းရိုပြတ်၍ အမတ်ငကုသလနရပတိအမည်နှင့် နန်းတက်လေသည်။ နရပတိကြီး

(၇) မင်းကသို သက္ကရာဇ် ၁၁၄၆ခုတိုင် မင်း ၂၆ဆက်တို့သော်ကား မင်းရိုမင်းမျိုးမဟုတ် အမတ်ရိုသော်ကား အစည်မပျက် သူရိယဓိပတိမင်း အမတ်ကြီး

(၈) ဝိထိုရဆက်ကား မင်းထိလ္ထက်ကိုယ်ရံကြီး ရာဇသင်္ကြံ တိုင် ထိုအမတ်သား ကိုယ်ရံကြီး ဇေယျဘတ္တသား ကိုယ်ရံကြီး ဝိမလ။ သား

**(ဃု-ဝမ်း)**

(၁) ကိုယ်ရံကြီး ဓမ္မာသောက ညီ မဟာဗညားကျော်သား ကိုယ်ရံကြီး မဟာဇေရသိန်သား ကိုယ်ရံကြီး ဗျသတ။ သားကိုရံကြီးဇေယ

(၂) ဘတ္တရစည်သူကျော်ထင်သားကိုရံကြီး။ မဟာသဠမတ်တော်ညီ မြို့သစ်စားအတွင်းတော် ရွှေတိုက်မှူး မဟာသာ

(၃) ခွမတ်ကျော်။ မယား အမတ်တော်ဆင်ကဲကြီး သမီးသီရိဓမ္မလာခံငယ်မည်။ အထိန်တော်ပန်းရံ။ လင်းတတ် ပညာရှိ

(၄) နည်ခံဖြစ်၍။ စန္ဒဝမလမင်းလက်ထက်တော်။ မြေကွဲးထီးတက်။ ကောင်းကင်။ ကျားဝင်။ အမေးတော်လေးရပ်ကို

(၅) ရှေးအဆိုအတိုင်း။ လျှော်ဖြေဆိုနိုင်သည်။ ယင်းသို့သဖြင့်၊ အတိဇာတိသားသမီး

(၆) မှန်လျှင်။ မျိုးကောင်းသားသမီးဖြစ်၍။ စရိုက်အကြင်တရားမြဲး၏။ ။ အဝိဇာ

(၇) တ။ အန္တြဇာတမိဘ အမျိုးသား သမီးလိုက်လျှင်လျှံး။ ပညာထိုးထွင်းသောသဘော မရှိခြင်းငှေ့။အတ္တနောမတိ ဆဖြတ်။ အရုတ်ကို

(၈) မထိသံသရာရှည်၏မှတ်။ ပထမ ၁၅ပိုင်၊ ရှေ့အကြောင်းကို ပြခဲ့လျက်၊ သာသနာတကာတော် မင်းရာဇာကြီး အရေးတော်စာ

(၉) ထုံပုံကို စန္ဒဝိမလရာဇာမင်းအမတ်တော် ရွှေစာဘတ် သက္ကရာဇ် ၁၁၃၇ ခုတွင် ရှေးစာဟောင်းက နှုတ်ထုတ်၍ ထားသည်တည်း။

**အမျိုးသား ----------------------ပေတိုက်ပိုင်နံပါတ် ၁၆၃၂။**

**မသန်းသန်းဌေး**

**၁၅-၁၂-၈၈**

**ထပ်ဆင့်ကူးယူ၍ ၁၅-၇-၂၀၀၅ နိန့် ကူးပြီးသည်၊**